# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## သနား၊ စာနာ၊ မေတ္တာထား

မိမိချမ်းသာမှုအတွက် သတ္တဝါတို့အား တုတ်လုံခဲတို့ဖြင့် ရိုက်ပုတ်ညှဉ်းဆဲခြင်းဖြင့် ချမ်းသာမှုကို မရနိုင်။ ထိုသတ္တဝါတို့ကို မရိုက်ပုတ်၊ မညှဉ်းဆဲခြင်းဖြင့်သာလျှင် တမလွန်ဘဝ၌ ချမ်းသာခြင်းကို ရနိုင်၏။ (သတ္တဝါများအပေါ် သနားခြင်း၊ စာနာခြင်း၊ မေတ္တာထားခြင်းတို့ဖြင့် ဆက်ဆံရာ၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၃၁)


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၅၇)


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လန်ဒန်၊ အမေရိကန် တရားဝင်ခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ လန်ဒန်မြို့ခရီးစဉ်၊ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်သည့် တရားဝင်ခရီးစဉ်နှင့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ယနေ့ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

## နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်

### သတင်းကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးယောက်မြို့သို့ (၁၆-၉-၂၀၁၆) ရက်နေ့မှ (၂၄-၉-၂၀၁၆) ရက်နေ့အထိသွားရောက်ခဲ့ပြီး၊ ယနေ့ (၂၅-၉-၂၀၁၆) ရက်နေ့ ည ၉း၅၀ နာရီတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

၂။ နယူးယောက်မြို့တွင် ရောက်ရှိနေစဉ်ကာလအတွင်း (၁၇-၉-၂၀၁၆) ရက်နေ့၌ နယူးယောက်မြို့ရှိ မြန်မာအသိုက်အဝန်းများနှင့် တွေ့ဆုံခဲ့ပြီး၊ ယင်းနေ့တွင်ပင် ဘော့စတွန်မြို့ရှိ ဟားဗတ်တက္ကသိုလ်မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ချီးမြှင့်သည့် 2016 Humanitarian of the Year Award ကိုလက်ခံရယူခဲ့ပါသည်။

၃။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၁၈-၉-၂၀၁၆) ရက်နေ့တွင် နယူးယောက်မြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ ဝန်ထမ်းမိသားစုများနှင့်လည်းကောင်း၊ (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ (၁၉-၉-၂၀၁၆) ရက်နေ့တွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (UNESCO) ၏ ညွှန်ကြားရေးမှူးချုပ် Ms. Irina Bokova၊ ဒိန်းမတ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Lars Lokke Rasmussen၊ မက္ကဆီကိုသမ္မတ H.E. Mr. Enrique Pena Nieto၊ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် H.E. Ms. Sheikh Hasina တို့နှင့်လည်းကောင်းသီးခြားစီတွေ့ဆုံခဲ့ပါသည်။ (၂၀-၉-၂၀၁၆) ရက်နေ့တွင် "Together for the 2030 Agenda: Partnering for Women, Children and Adolescents, to Thrive and Transform the World" အဆင့်မြင့်အစည်းအဝေး၌တက်ရောက်၍ Panelist အဖြစ် ပါဝင်တက်ရောက်ဆွေးနွေးပြောကြားခဲ့ပြီး၊ အစ္စလာမ့်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ အတွင်းရေးမှူးချုပ် H.E. Mr. Iyad Ameen Madani အား လက်ခံတွေ့ဆုံခဲ့ပါသည်။

၄။ (၂၁-၉-၂၀၁၆) ရက်နေ့တွင် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။ ယင်းနေ့တွင်ပင် နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ် (Comprehensive Nuclear-Test-Ban Treaty- CTBT) သို့ အတည်ပြုပါဝင်သည့် စာချွန်လွှာပေးအပ်ပွဲသို့ တက်ရောက်ပေးအပ်ခဲ့ပြီး၊ Asia Society က စီစဉ်ကျင်းပသည့် လူထုဟောပြောပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့ပါသည်။


၅။ (၂၂-၉-၂၀၁၆) ရက်နေ့တွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ CNN သတင်းဌာနမှ တွေ့ဆုံမေးမြန်းမှုကို လက်ခံဖြေကြားခဲ့ပြီး၊ ကမ္ဘာ့စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ Prof. Klaus Schwab၊ Open Society Foundation တည်ထောင်သူနှင့်ဥက္ကဋ္ဌ Mr. George Soros၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး H.E. Mr. ZeidRa'ad Al Hussein တို့အား သီးခြားစီလက်ခံတွေ့ဆုံခဲ့ပါသည်။ ယင်းနေ့ညနေပိုင်းတွင် New York Public Library ၌ Academy of Achievement အဖွဲ့မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ပေးအပ်ချီးမြှင့်သည့် Academy's Golden Plate Award ကိုတက်ရောက်လက်ခံခဲ့ပါသည်။

၆။ နယူးယောက်မြို့သို့ မသွားရောက်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့သို့ (၁၀-၉-၂၀၁၆) ရက်နေ့မှ (၁၃-၉-၂၀၁၆) ရက်နေ့အထိသွားရောက်ကာ လန်ဒန်မြို့ရှိမြန်မာသံရုံး၌ ဥရောပဒေသ၊ အရှေ့အလယ်ပိုင်းနှင့်အာဖရိကဒေသတို့မှ မြန်မာသံအမတ်ကြီး (၁၂) ဦးနှင့်တွေ့ဆုံခဲ့ပြီး၊ ဗြိတိန်နိုင်ငံအကြီးအကဲများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထို့အပြင်အမေရိကန်ပြည်ထောင်စုအစိုးရ၏ ဖိတ်ကြားချက်အရ ဝါရှင်တန်မြို့သို့ (၁၃-၉-၂၀၁၆) ရက်နေ့မှ (၁၆-၉-၂၀၁၆) ရက်နေ့အထိ တရားဝင်ခရီးစဉ်သွားရောက်ကာ အမေရိကန်သမ္မတမစ္စတာ ဘားရက်အိုဘားမားအပါအဝင် အစိုးရ အဖွဲ့အကြီးအကဲများ၊ လွှတ်တော်အမတ်များနှင့်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်**

## ပြည်တွင်းပြည်ပကုန်သွယ်မှုတွင် အခြေခံအဆောက်အအုံပိုင်း၌ အားနည်းချက်များရှိနေ



**ရန်ကုန် စက်တင်ဘာ ၂၅**

နိုင်ငံတကာကုန်သွယ်မှုနှင့် ပတ်သက်၍ တံခါးဖွင့်ထားသည့်အတွက် နိုင်ငံတကာမှလည်း ကောင်းမွန်သော တုံ့ပြန်မှုများ ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုဆိုင်ရာသင်တန်းကျောင်း၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၈) ၏ စက်တင်ဘာ ၂၄ ရက်တွင်ကျင်းပသော သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ်အပ်နှင်းခြင်းအခမ်းအနားတွင် ပြောကြားခြင်းဖြစ်သည်။

"အီးယူက အခွင့်အရေးတွေပေးတယ်။ အမေရိကန်ကဆို ပို့ကုန်တွေကို အခွင့်အရေးပေးဖို့ရှိတယ်။ အိန္ဒိယကလည်း ပဲနဲ့ပတ်သက်တဲ့ အခွန်အကောက်တွေကို လုံးဝဖျက်သိမ်းလိုက်တယ်။ အိမ်နီးချင်းနိုင်ငံတွေကလည်း ထွက်ကုန် တွေကို ပိုလိုချင်တယ်။ ဈေးကွက်ကတော့ အများကြီးရှိထားတယ်။ ဒီဈေးကွက်ကို ဘယ်လိုဝင်ဆံ့အောင် လုပ်ကြမလဲ၊ ဒီဈေးကွက်ကို ဘယ်လိုထိုးဖောက်မလဲဆိုတဲ့အပိုင်းကျတော့ နိုင်ငံတကာကုန်သွယ်မှုနဲ့ပတ်သက်တဲ့

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ပို့ကုန် သွင်းကုန်များ အဓိကတင်ပို့သော ရန်ကုန်ဆိပ်ကမ်းတစ်နေရာကို မြင်တွေ့ရစဉ်**


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# နိုင်ငံတော်နှင့်ပြည်သူတို့၏ဂုဏ်သိက္ခာကို ထင်ဟပ်ဖော်ဆောင်နေသော မိန့်ခွန်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုကို ကိုယ်စားပြု၍ ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏အခြေခံမူများနှင့် ရည်ရွယ်ချက်များအပေါ် တာဝန်တစ်ခုအနေဖြင့်လည်းကောင်း၊ အခွင့်အရေးတစ်ရပ်အနေဖြင့် လည်းကောင်း ယုံကြည်ပါသည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်သည် မြန်မာနိုင်ငံ၏ကုလသမဂ္ဂဆိုင်ရာ သဘောထားမူဝါဒကို ကျစ်လျစ်သော်လည်း နက်ရှိုင်းစွာတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၅ ရွေးကောက်ပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အပြတ်အသတ်ဆန္ဒမဲပေးခဲ့ခြင်းသည် ပြည်သူလူထုက ၎င်းတို့၏ အခွင့်အရေးနှင့်အညီ ၎င်းတို့၏အိပ်မက်မျှော်လင့်ချက်များကို စွမ်းဆောင်ရည်ရှိရှိ ဖန်တီးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရှင်းလင်းပြောဆိုချက်သည် ကမ္ဘာ့အလယ်၌ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ဂုဏ်သိက္ခာကို ယုံယုံကြည်ကြည်မြှင့်တင်ပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာပြည်သူတို့၏ အိပ်မက်မျှော်လင့်ချက်များသည် ကုလသမဂ္ဂစတင်ထူထောင်စဉ်က ကမ္ဘာ့ပြည်သူတို့၏ အိပ်မက်မျှော်လင့်ချက်များနှင့် အတူတူပင်ဖြစ်သည်ဟူသော ဒေါ်အောင်ဆန်းစုကြည်၏ ခံယူချက်သည် ယုံကြည်ကိုးကွယ်ရာဘာသာနှင့် သမိုင်းနောက်ခံမည်သို့ပင် ကွဲပြားကွဲပြား လူသားတို့၏ အိပ်မက်မျှော်လင့်ချက်များ အတူတူပင်ဖြစ်သည်ဟူသော သဘောထားကို ထင်ဟပ်ဖော်ဆောင်နေခြင်းဖြစ်ပါသည်။

"ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုတစ်ခုရဲ့နိုင်ငံသားများအတွက် ၎င်းတို့၏ အခွင့်အရေးများနှင့်တာဝန်ဝတ္တရားများ ခိုင်မာမှုရှိရေးတို့ဟာ ကျွန်မတို့ရဲ့ ရိုးရှင်းတဲ့မျှော်လင့်ချက်များပဲ ဖြစ်ပါတယ်။ ရိုးရှင်းပေမယ့်အောင်မြင်ဖို့ဆိုတာခက်ခဲကြောင်း အထူးပြောဖို့မလိုပါဘူး။ ကျွန်မတို့ရဲ့ ရည်မှန်းချက်များကို ဖော်ဆောင်ပေးမယ့်တစ်ခုတည်းသော လမ်းကြောင်းကတော့ ငြိမ်းချမ်းရေးလမ်းကြောင်းသာဖြစ်ပြီး ဒီလမ်းကြောင်းကို မျှော်လင့်ချက်များ၊ သန္နိဋ္ဌာန်များနဲ့အတူ လျှောက်လှမ်းသွားရမှာ ဖြစ်ပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ခြင်းသည် နိုင်ငံတော်၏ပစ္စုပ္ပန်ကာလစိန်ခေါ်ချက်များကို ကိုင်တွယ်ရာ၌ ဆုပ်ကိုင်ရမည့်သဘောထားကို ချပြခဲ့ခြင်းဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက အခွင့်အရေးတို့ကို ရယူခံစားသကဲ့သို့ တာဝန်ဝတ္တရားတို့ကို ထမ်းဆောင်မှသာ ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုနိုင်ငံတော်ကြီး ထူထောင်နိုင်မည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က မီးမောင်းထိုးတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ရိုးရှင်းသော်လည်း ခက်ခဲသည့်ပန်းတိုင်ကို ငြိမ်းချမ်းရေးနည်းဖြင့်သာ ဆုပ်ကိုင်နိုင်မည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ယုံကြည်ချက်သည် မြန်မာနိုင်ငံအနေဖြင့် ခြိမ်းခြောက်စိန်ခေါ်မှုအားလုံးအား ဒီမိုကရေစီနည်းလမ်းဖြင့်သာ ကိုင်တွယ်ဖြေရှင်းမည်ကို အာမခံချက်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

(၂၁) ရာစု ပင်လုံဟုခေါ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးတို့ကို ဦးတည်သော ပထမဦးဆုံးခြေလှမ်းဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရှင်းလင်းတင်ပြချက်မှာ နိုင်ငံတော်သည်ခိုင်မာသော သန္နိဋ္ဌာန်ရှိသကဲ့သို့ မဖြစ်နိုင်သော အိပ်မက်တို့ကို ဆုပ်ကိုင်၍ ထင်ယောင်ထင်မှား တွေဝေမနေကြောင်း ခိုင်မာစွာတင်ပြခဲ့ခြင်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းတို့၏ ဝေဖန်မှုများအပေါ် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုကို ပဓာနထား၍ နားလည်မှုနှင့် ယုံကြည်မှုတို့ကို တိုးမြှင့်စေမည့်ရေတို၊ ရေရှည်အစီအစဉ်များ ဆောင်ရွက်မည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏တင်ပြချက်သည် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒ၏ ဂုဏ်သိက္ခာကို ဖော်ဆောင်တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ငြိမ်းချမ်းမှုမရှိခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းက မူမမှန်သော ရွှေ့ပြောင်းသွားလာမှုတို့ကို ဖြစ်ပေါ်စေသည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏တင်ပြချက်သည် ကမ္ဘာ့ရွှေ့ပြောင်းဒုက္ခသည်များအရေး ကိုင်တွယ်ရာ၌ အခြေခံသင့်သော မူဝါဒဖြစ်သည်ဟု ယုံကြည်ပါသည်။ ခြုံ၍တင်ပြရပါက ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားခဲ့သော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ ဂုဏ်သိက္ခာကို ထင်ဟပ်ဖော်ဆောင်ခဲ့သော မိန့်ခွန်းဖြစ်ပါသည်။ ။




## လူငယ်မူဝါဒ ပူးပေါင်းရေးဆွဲလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်များနှင့်ပူးပေါင်း ရေးဆွဲလျက်ရှိသည်။ မြန်မာနိုင်ငံ လူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(သတင်းစဉ်)**

## ဖယ်ခုံမြို့ပြည်သူ့ဆေးရုံ၌ ၂၅ ခုတင်ဆံ့ နှစ်ထပ်လူနာဆောင်သစ် ဖွင့်ပွဲကျင်းပ

**ဖယ်ခုံ စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် ပြည်သူ့ဆေးရုံ၌ ၂၅ ခုတင်ဆံ့ RC နှစ်ထပ်လူနာဆောင်သစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာမျိုးထွန်း၊ ကယန်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်၊ နေပြည်တော် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်ဦးနှင့် ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖိုးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ငွေကျပ် ၁၄ သိန်းငါးသောင်းတန်ဖိုးရှိ ၂၀ ကေဗွီ မီးစက်တစ်လုံး လှူဒါန်းသော လှုံ့ထူးအောင်ဆောက်လုပ်ရေးကုမ္ပဏီကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ ECG စက်တစ်လုံး လှူဒါန်းသော ဖယ်ခုံမြို့ ပြည့်ဆေးဆိုင်အား ပြည်နယ်လူမှုရေးဝန်ကြီးကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ရုံးပိတ်ရက်များ၌ တစ်နှစ်ခွဲအောက်ကလေးများအား ကာကွယ်ဆေးထိုးနှံပေး

**နေပြည်တော် စက်တင်ဘာ ၂၅**



ဇမ္ဗူသီရိမြို့နယ်အတွင်းနေထိုင်ကြသော ဝန်ကြီးဌာနများရှိ ရုံးဝန်ထမ်းများအား လုပ်ငန်းခွင်မပျက်စေဘဲ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် တစ်နှစ်ခွဲအောက် ကလေးများအား ထိုးနှံနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်း၏ဦးဆောင်မှုဖြင့် စက်တင်ဘာ ၂၄ ရက် မှစတင်၍ ကာကွယ်ဆေး ၁၀ မျိုးကို ဇမ္ဗူသီရိမြို့နယ် ခုတင် ၅၀ ပြည်သူ့ ဆေးရုံတွင် ထိုးနှံပေးလျက်ရှိသည်။ တစ်နှစ်ခွဲအောက်ကလေးများ၏ ကာကွယ်ဆေးလွှမ်းခြုံမှု အားကောင်းစေရန်အတွက်ဖြစ်ပြီး စတင်ထိုးနှံမှုကို နေပြည်တော်ကောင်စီ ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီတာလှနှင့် နေပြည်တော်ကောင်စီ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှလှကြည်တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်ဗေဒ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၅-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၇.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၇.၁၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၄၃ |
| တရုတ် | တစ်ယွမ် | ၁၈၅.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## မစ္စတာ ဂျတ်ခ်ဘွန်လုံအား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ ဂျတ်ခ်ဘွန်လုံအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂျတ်ခ်ဘွန်လုံကို ၁၉၅၇ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ထိုင်းနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ရမ်ခမ်ဟေအင်းတက္ကသိုလ်မှ ဥပဒေဘွဲ့ကို လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု ဒက်ထရွိုက်တက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာမဟာဘွဲ့ကို လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် ထိုင်းနိုင်ငံ အမျိုးသားကာကွယ်ရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဘွဲ့ကို လည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၈၄ ခုနှစ်မှ စတင်၍ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ဝါရှင်တန်မြို့ ဟန္နိုင်းမြို့ ဘာလင်မြို့တို့ရှိ ထိုင်းသံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့၌ ထိုင်းကောင်စစ်ဝန်ချုပ်အဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း အစ္စရေးနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့သည်။ ၎င်းသည် နော်ဝေနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအဖြစ် ၂၀၁၅ ခုနှစ်မှ ယနေ့ထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဂျတ်ခ်ဘွန်လုံသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

## မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ချ်အား မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် စက်တင်ဘာ ၂၆**

မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ချ်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဂျက်ဖရီ ကွင်းတန် မစ်ချယ် ဒွက်ချ်ကို ၁၉၅၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဈေးကွက်ပညာဘာသာကို လေ့လာဆည်းပူးခဲ့သည်။ ၎င်းသည် ၂၀၀၈ ခုနှစ် စက်တင်ဘာလမှ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလအထိ တောင်အာဖရိကနိုင်ငံ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် တောင်အာဖရိကသမ္မတနိုင်ငံ၏ အစိုးရအဖွဲ့၌ လည်းကောင်း၊ အစိုးရအဖွဲ့၏ ကော်မတီများ၌ လည်းကောင်း၊ ဝန်ကြီးဌာနများအတွင်းရှိ ကော်မတီများ၌ လည်းကောင်း၊ နိုင်ငံရေးနယ်ပယ်၌ လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ပါလီမန်အဖွဲ့ဝင်တစ်ဦးအနေဖြင့် လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ သီရိလင်္ကာ၊ မော်လ်ဒိုက်၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံတို့၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာမဟာမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် အင်္ဂလိပ်ဘာသာ၊ အာဖရိကန်ဘာသာနှင့် ဇူလူဘာသာတို့ကို ကျွမ်းကျင်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့တို့ ထိုင်းနိုင်ငံ ချင်းမိုင်၌ တွေ့ဆုံဆွေးနွေး

**သတင်း-ရဲခေါင်ညွှန့်**

ငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် ယနေ့မွန်းလွဲ ၂ နာရီက ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ ရှန်ဂရီလာဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အစိုးရဘက်မှ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)က အဖွင့်အမှာစကားပြောကြားရာတွင် "စေ့စပ်ညှိနှိုင်းရေးစားပွဲမှာ အခုလို ပြဿနာတွေ၊ မကျေလည်မှုတွေကို ဖြေရှင်းနေတာ အန်မတန်ကောင်းမွန်ပါတယ်။ တစ်ဖက်က ကြည့်ရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာအတူတကွ ပူးတွဲလုပ်ဆောင်နေတယ်ဆိုတာထင်ရှားတဲ့ သာဓကတစ်ခုပါ။ သွားရမယ့် ငြိမ်းချမ်းရေးခရီးစဉ်က တော်တော်ရှည်လျားပါတယ်။ကြိုးကြိုးစားစားနဲ့ ဆက်လုပ်ရမယ့် အလုပ်တွေအများကြီးရှိနေတယ်လို့ ကျွန်တော်တို့က မြင်ပါတယ်။ ကျွန်တော်တို့ အခုတည်ဆောက်နေတဲ့ ငြိမ်းချမ်းရေးဟာစစ်ပွဲမရှိရုံမျှနဲ့ ပြီးသွားမယ့် ငြိမ်းချမ်းရေးမဟုတ်ပါဘူး။ ပြည်သူလူထုရဲ့စားဝတ်နေရေး ပြည့်စုံဖူလုံနေရုံလုပ်တဲ့ ငြိမ်းချမ်းရေးလည်းမဟုတ်ပါဘူး။ မည်သည့်ကြမ်းတမ်းမှု၊ ခက်ခဲမှုမှ မရှိတော့ဘဲ စိတ်အေးချမ်းသာစွာနေနိုင်တဲ့အထိ မျှော်မှန်းပါတယ်။ ခရီးလမ်းဟာ ဝေးပင်ဝေးငြား မဖြစ်မနေလုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ရှိရင် ရပါတယ်။ သွားချင်တဲ့ ပန်းတိုင်ကို ရောက်နိုင်အောင် နှစ်ဦးနှစ်ဖက် ပြေပြေလည်လည်နဲ့ သွားကြမယ်ဆိုရင် ကျွန်တော်တို့ သွားချင်တဲ့ပန်းတိုင်ကို မလွဲမသွေ ရောက်မှာပါ။ ကျွန်တော်တို့အခုရှိနေတဲ့ အာသီသဟာ ပြည်သူတွေအားလုံးကိုယ်စိတ်နှစ်ပါးချမ်းသာပြီး မည်သည့် ဖိနှိပ်မှုမျိုး၊ အကြမ်းနည်းနဲ့ ပြုမူမှုမျိုးကို မခံရဘဲနေထိုင်သွားရတဲ့ဘဝကို တည်ဆောက်သွားကြဖို့ပါ။ အားလုံးရှေ့ကိုတက်ညီလက်ညီနဲ့ ရှေ့ဆက်လမ်းလျှောက်သွားကြပါစို့လို့တိုက်တွန်းပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်က "ကျွန်တော်တို့တိုင်းပြည်ရဲ့ပြဿနာကိုပြောရင် လွတ်လပ်ရေးနဲ့ အတူပေါက်ဖွားလာတဲ့ ပြဿနာဖြစ်တော့ ပြဿနာအရင်းအမြစ်ကို ထုတ်နုတ်ပြီးဖြေရှင်းဖို့ ကြိုးစားတဲ့အခါမှာတော့ ကျွန်တော် တို့ စိတ်ရှည်သည်းခံခြင်းနဲ့ အပြန်အလှန်နားလည်မှု၊ အပြန် အလှန် အသိအမှတ်ပြုမှုက အရေးကြီးတယ်လို့ ထင်ပါတယ်။ အထူးသဖြင့် ဒီနေရာမှာ ကျွန်တော်တို့ ပြဿနာဖြစ်တဲ့ ဖြစ်စဉ်တွေက အင်မတန်ရှုပ်ထွေးပြီး ဖြစ်တဲ့အချိန်က ကြာမြင့်လာတော့ ကျွန်တော်တို့ကြားထဲမှာ ယုံကြည်မှုက အင်မတန်နည်းပါးကြတာကို တွေ့ရပါတယ်။အခုတစ်ကြိမ်လည်း ပိုပြီးတော့ တိကျခိုင်မာတဲ့ တွေ့ဆုံဆွေးနွေးမှု ဖြစ်စဉ်တွေဟာ အရင့်အရင်က တွေ့ကြုံတဲ့ သင်ခန်းစာတွေကိုအခြေခံပြီးတော့ တွေ့ဆုံဆွေးနွေးတဲ့နေရာမှာ တစ်ဖွဲ့ချင်းအနေနဲ့သော်လည်းကောင်း၊ အစုအဖွဲ့နဲ့ တွေ့ဆုံတဲ့နေရာမှာသော်လည်းကောင်း ပိုပြီးတော့ တိကျတဲ့ ဆွေးနွေးမှုတွေ လုပ်နိုင်လာတယ်လို့ ကျွန်တော်နားလည်တယ်။ ဒါပေမယ့် အခန့်မသင့်ဘဲ ကျွန်တော်ပြောသလို အခု ကြိုးကြားကြိုးကြားတိုက်ပွဲတွေဖြစ်ရင်းကနေအရှိန်အဟုန်တွေ မြင့်မားလာတာကို တွေ့ရပါတယ်။ လူထုရဲ့မျက်နှာစာမှာ နိုင်ငံတကာရဲ့ မျက်နှာစာမှာ ကျွန်တော်တို့က ပြုံးပြရယ်ပြ၊ နှုတ်ဆက်ပြရင်းနဲ့ ငြိမ်းချမ်းရေးစကားကို ဖောင်ဖွဲ့ပြီးပြောကြတယ်၊ ဆိုကြတယ်။ တစ်ချိန်တည်းမှာ စစ်ပွဲကြောင့် မြို့တွေနဲ့ အလှမ်းဝေးတဲ့နေရာမှာ လူထုတွေပြေးနေတယ်၊ လွှားနေတယ်၊ ငတ်ပြတ်နေတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်များ၏ အဆိုပြုချက်မူကြမ်းအား နှစ်ဖက်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် တိကျခိုင်မာသည့် သဘောထားများရယူ၍ ရှေ့ဆက်သွားနိုင်ရန် ညှိနှိုင်းခဲ့ကြကြောင်းနှင့် အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) နှင့် ဆွေးနွေးပွဲများကို အောက်တိုဘာလဆန်းတွင် ဆက်လက်ပြုလုပ်နိုင်ရန် အကြမ်းဖျင်းသဘောတူညီခဲ့ကြပြီး ညနေ ၄ နာရီတွင် အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သိရသည်။

◆ *ရှေ့ဖုံးမှ*

အခြေခံသဘောတရားတွေကို သိထားဖို့လိုလာတယ်"ဟု ဆက်လက်ပြောကြားသည်။

ပြည်ပသို့ တင်ပို့ခွင့်မပြုသော ကုန်ပစ္စည်းများမှာ ယခင်ကာလက ၃၂ မျိုးထိရှိခဲ့ရာမှ ပြီးခဲ့သော အစိုးရလက်ထက်တွင် ၁၂ မျိုးခန့်သာရှိပြီး ယခုအစိုးရသစ်လက်ထက်တွင် ခုနစ်မျိုးခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။

"လက်နက်ခဲယမ်း၊ ရှေးဟောင်းပစ္စည်းတို့၊ ရှားပါးတိရစ္ဆာန်တို့ဆိုတဲ့ဟာမျိုးလောက်ပဲ ကျန်တာပါ။ သွင်းကုန်မှာဆိုလည်း အရက်၊ ဘီယာ၊ စီးကရက်လောက်ပဲ ပိတ်ပင်ထားတာပါ။ ဒါပေမယ့် အရက်ကို ထပ်မံပြီး ဖြေလျှော့ခွင့်ပြုမလားဆိုတာလည်း စဉ်းစားနေတာရှိပါတယ်"ဟု သင်တန်းကျောင်းမှ သင်ကြားရေးတာဝန်ခံ ဦးသိန်းမြင့်ဝေက ပြောသည်။

"အစိုးရသစ်လက်ထက်မှာ သိသာတဲ့ ကြိုးပမ်းအားထုတ်လုပ်ဆောင်ချက်တစ်ရပ်အနေနဲ့ မိမိကုမ္ပဏီမှသာ လိုင်စင်လျှောက်ထားပြီး မိမိကုမ္ပဏီမှသာ ပစ္စည်းအတွက် လိုင်စင်ထုတ်မယ်ဆိုတဲ့ဟာကို သွားနေပါတယ်။ ဒီစနစ်စတာ တစ်လခွဲလောက်ရှိသွားပြီ။ ဇူလိုင် ၆ ရက်က စခဲ့တာ။ ကုန်ပစ္စည်း အမျိုးအမည်အားလုံးအတွက်တော့ မရသေးပါဘူး။ အတော်များများအတွက်ကတော့ ရနေပါပြီ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းပြည်ပကုန်သွယ်မှုနှင့်ပတ်သက်၍ အခြေခံအဆောက်အအုံပိုင်းတွင် အားနည်းချက်ရှိပြီး အရောင်းအဝယ်ပြုလုပ်သည့်နေရာတွင် ကုန်ကျစရိတ်များ အနည်းငယ်မြင့်တက်နေကြောင်း သိရသည်။

"ဥပမာဆိုရင် မြန်မာနိုင်ငံကနေ စင်ကာပူကို ပေ ၂၀ ကွန်တိန်နာတစ်လုံးတင်ပို့လိုက်ရင် ဒေါ်လာ ၅၀ လောက်ပဲ ရှိပေမယ့် ဘုရင့်နောင် ပွဲရုံကနေ ရန်ကုန်ဆိပ်ကမ်းအရောက်ပို့ဖို့အတွက် ဒေါ်လာ ၁၀၀ ဝန်းကျင်လောက် ကုန်ကျနေတာမျိုးတွေပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းတွင် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ ကုန်ပစ္စည်းများ သင်္ဘောတင်ရာတွင် လိုအပ်ချက်များ၊ ကုမ္ပဏီထူထောင်ရာတွင် လိုအပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် လိုအပ်ချက်များ၊ ငွေစာရင်းဖွင့်လှစ်ရာတွင် လိုအပ်ချက်များနှင့် နိုင်ငံခြားကုမ္ပဏီများနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရာတွင် လိုအပ်ချက်များကို စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားပေးခြင်းအပြင် လေ့လာရေးခရီးစဉ်များပါ ပို့ဆောင်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၈)တွင် သင်တန်းဆင်းသူဦးရေ ၈၇ ဦးရှိပြီး စတင်ဖွင့်လှစ်သည်မှ ယခုအချိန်ထိ သင်တန်းသား ၇၀၀ ခန့်ကို သင်ကြားပို့ချပေးပြီးဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုရဲမှူးကြီး မြင့်ကြည် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်စိုးနှင့်တပ်ဖွဲ့ဝင်များ၊ အမှတ် (၁၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပြည်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ဝင်းနိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၇ ရက်က ပြည်မြို့နှစ်ကျိပ်ရှစ်ဆူဘုရားဝင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ် (ခရိုင် ပြန်/ဆက်)



**နေပြည်တော် တပ်ကုန်းမြို့နယ်၌ စက်တင်ဘာ ၂၄ ရက်က အထူးနယ်လှည့်ကွင်းဆင်းအဖွဲ့မှ နေပြည်တော်ဦးစီးမှူး ဒေါ်တင်တင်ငွေဦးစီး၍ ဒေသခံများ မော်တော်ဆိုင်ကယ်လိုင်စင်ရရှိရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောခြင်း၊ ရေးဖြေနှင့် လက်တွေ့စစ်ဆေးခြင်းများ ပြုလုပ်စဉ်**
တင်ထွန်းတာ(တပ်ကုန်း)

## စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲကို စက်တင်ဘာ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် အမှတ် ၄၆/၁၊ သံသုမာလမ်း၊ ၁၄/၂ ရပ်ကွက်ရှိ TCL စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ပြီး ပါမောက္ခရဲမြက Current Management of HIV/AIDS (2016) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပါမောက္ခဒေါက်တာစိန်ဝင်းက Surgical Emergency in General Practice ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာဝင်းဇော်က Common Dermatological Problems in General Practice ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောမည်ဖြစ်ကြောင်းနှင့် ဆရာဝန်အားလုံးတက်ရောက်နိုင်ကြောင်း သိရသည်။ **မောင်မောင်**

# ပညာရေးဝန်ထမ်းကောင်းများဖြစ်အောင် အကောင်းဆုံး ကြိုးစားထမ်းဆောင်

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၌ စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည့် မူလတန်း ဆရာအတတ်သင် သုံးနှစ် သင်တန်းအမှတ်စဉ် (၄၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)က သင်တန်းနှင့်ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မူလတန်းဆရာ အတတ်သင် သုံးနှစ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူ တိုင်းရင်းသား ၁၀၅ ဦးအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များမှ ကိုယ်စားလှယ်များက သင်တန်းသား သင်တန်းသူများအား အလုပ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပါမောက္ခချုပ်တို့က စံပြထူးချွန်ဆုနှင့် ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူများအား ဆုများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် တိုင်းရင်းသားပြည်သူများ၏ ရင်နှစ်သည်းချာ သားသမီးရတနာဖြစ်သည့် တိုင်းရင်းသား မောင်တို့မယ်တို့သည် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော ဆရာ ဆရာမများအဖြစ် ကောင်းမွန်စွာ သင်ကြားလေ့ကျင့်တတ်မြောက်အောင်မြင်ခဲ့ပြီးဖြစ်သည့်အတွက် တိုင်းရင်းသားဒေသများနှင့် နိုင်ငံတော်အတွက် ပညာရေးကို တစ်ဖက်တစ်လမ်းက အားဖြည့်ပေးနိုင်တော့မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များနှင့် နိုင်ငံကိုယ်စား အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးပြီး ပြည်ထောင်စုကြီးတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့သော ၁၉၆၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မဟာပညာရေးဘွဲ့ ၉၃ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၃၄၅၄ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၆၃၅ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၆၅ ဦး၊ အထူးမူလတန်း ဆရာအတတ်သင် ၄၆၀ ဦး၊ မူလတန်းဆရာအတတ်သင် ၇၀၅၇ ဦး၊ စုစုပေါင်း ၁၂၆၉၁ ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် တိုင်းရင်းသားလူမျိုးပေါင်း ၉၂ မျိုး သင်တန်းဆင်းခဲ့ပြီး ဖြစ်ကြောင်း။

သင်တန်းဆင်းပြီးဖြစ်သည့် မူလတန်းဆရာအတတ်သင် သုံးနှစ်သင်တန်းအမှတ်စဉ်(၄၄)နှင့် ယခုသင်တန်းဆင်းကြမည့် အမှတ်စဉ်(၄၅)မှ သင်တန်းသား၊ သင်တန်းသူများသည် လုပ်ငန်းခွင်၌ နိုင်ငံ့တာဝန်ကို တစ်နှစ်ထမ်းဆောင်ပြီး တက္ကသိုလ်တွင်ဖွင့်လှစ်မည့် ဆရာအတတ်ပညာဒီပလိုမာတစ်နှစ်သင်တန်းကို ဆက်လက်သင်ယူနိုင်ကြောင်း၊ ထိုမှတစ်ဆင့် ပညာရေးဘွဲ့(ပေါင်းကူး)သုံးနှစ်သင်တန်းကိုတက်ရောက်ပြီး ပညာရေးဘွဲ့ကို ရယူနိုင်ပါကြောင်း၊ မိမိတို့၏ အရည်အချင်းပေါ်မူတည်ပြီး မဟာပညာရေးဘွဲ့နှင့် ပါရဂူဘွဲ့ကိုပါ ရယူနိုင်သည်ဟု ထပ်လောင်းအသိပေးမှာကြားလိုကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် စံပြထူးချွန်ဆုရ သင်တန်းသူအား ဆုချီးမြှင့်စဉ်**

အထူးမှာကြားလိုသည်မှာ မကြာမီက သင်တန်းသား၊ သင်တန်းသူများ နေပြည်တော်သို့ လေ့လာရေးခရီး လာရောက်ခဲ့စဉ်က နိုင်ငံတော်သမ္မတ မှာကြားခဲ့သည့် သြဝါဒလမ်းညွှန်မှာကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူမှတ်သားပြီး မမေ့မလျော့ မပေါ့မဆသောသတိတို့ဖြင့် ပညာရေးဝန်ထမ်းကောင်းများ ဖြစ်အောင် အကောင်းဆုံး ကြိုးစားထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် တီဘီရောဂါများ ကုသနိုင်မည့်ဆေးဝါးများ ဆေးဝါးစက်ရုံ(အင်းစိန်) မှ တိုးချဲ့ထုတ်လုပ်သွားမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချိုသည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငါးဆူတောင်စိုက်ကွင်းသို့ရောက်ရှိစဉ် မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားမှုများ မဖြစ်လာစေရန်အတွက် မြေယာပိုင်ဆိုင်မှု အထောက်အထားနှင့် မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းထားရှိရန်နှင့် ဌာနပိုင်စိုက်ကွင်း မြေရိယာပေါ်၌ ကျူးကျော်ဝင်ရောက်နေထိုင်မှုများမရှိစေရေး ဆောင်ရွက်ထားရန်မှာကြားပြီးနောက် စိုက်ကွင်းရှုရပ်မှ ကုန်ကြမ်းသီးနှံများ စိုက်ပျိုးထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဆေးဝါးစက်ရုံ (အင်းစိန်)သို့ ဆက်လက်ရောက်ရှိပြီး New BPI Project စီမံကိန်းလုပ်ငန်းခွင်ရှိ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ စက်များတပ်ဆင်ပြီးစီးမှုနှင့် စမ်းသပ် လည်ပတ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ဓါတ်ပုံ)** New BPI Project ပြီးစီးသွားပါက ပဋိဇီဝပိုးသတ်ဆေးသုံးမျိုး၊ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် တီဘီရောဂါများကို ကုသနိုင်မည့် ထိုးဆေးခုနစ်မျိုးနှင့် သောက်ဆေး ၁၃ မျိုးတို့ကို တိုးချဲ့ထုတ်လုပ်သွားမည့်အပြင် တစ်နှစ်လျှင် ထိုးဆေးသန်း ၂၀ ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက New BPI Project သည် နိုင်ငံတကာအဆင့်မီ ခေတ်မီစက်သစ်များဖြင့် ထပ်တိုးတပ်ဆင်တည်ဆောက်ထားသောစီမံကိန်းဖြစ်၍ မြန်မာ့ဆေးဝါးထုတ်လုပ်မှုကဏ္ဍကို အဆင့်မြင့်လာစေမည်ဟု ယုံကြည်ပါကြောင်း၊ ယခုလို နိုင်ငံတကာစံနှုန်းများနှင့်အညီ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် New BPI Project တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ လက်ရှိအချိန်တွင် စီမံကိန်းလုပ်ငန်းများ ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်၍ မကြာမီစက်များ စမ်းသပ်လည်ပတ်ပြီး ဆေးဝါးအမယ်သစ်များ ထုတ်လုပ်လာနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့ ထုတ်ကုန်ဆေးဝါးများကို အတုအပမပြုလုပ်နိုင်စေရန် ထုပ်ပိုးမှုပုံစံများကို အဆင့်မြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ ဆေးဝါးအတုပြုလုပ်နေသူများကို သက်ဆိုင်ရာနှင့်ပူးပေါင်း၍ နှိမ်နင်းလျက်ရှိကြောင်း၊ ဝန်ထမ်းများ အနေဖြင့်လည်း ရိုးသားဖြောင့်မတ်စွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်သွားကြစေလိုကြောင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် ထိုက်သင့်သည့် ခံစားခွင့်များရရှိအောင် အလေးထားဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ဘေးရှောင်နှင့် ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**နွားထိုးကြီး စက်တင်ဘာ ၂၅**

နွားထိုးကြီးပရဟိတလူငယ်များအဖွဲ့ဖြစ်သော ဓမ္မဝေယျာဝစ္စအသင်း၊ ရွှေမေတ္တာအသင်း၊ မေတ္တာကြယ်စင်အသင်း၊ ရွှေညာမြေ ပရဟိတအသင်း၊ ကုန်သည်ကြီးများအသင်းငါးသင်းက နွားထိုးကြီး(၈)ရပ်ကွက် အလှူရှင်များနှင့်အတူ ငွေကျပ် ၄၆ သိန်းကို ရေစကြို မြို့နယ် ရေဘေးသင့် ကျေးရွာ ခုနစ်ရွာရှိ အိမ်ထောင်စု ၆၅၀ အတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာနှင့် ရေသန့်ဘူးများ ကျေးရွာအရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရှောဝတီတိုင်းဒေသကြီး ရေဘေးကူညီရေးအတွက် ဝေဠုကျော်ဖောင်ဒေးရှင်းမှတစ်ဆင့် အလှူငွေကျပ် ငါးသိန်းကို လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း စစ်ဘေးရှောင်ပြည်သူများအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ငွေကျပ် လေးသိန်းခွဲကိုလည်းကောင်း ပေးပို့လှူဒါန်းခဲ့ကြောင်း ဓမ္မဝေယျာဝစ္စ ပရဟိတအဖွဲ့မှ ကိုဇော်လွင်မောင်က ပြောသည်။

**ငွေးမြင့်မောင်**

# မြိုင်ကြီးငူ စစ်ဘေးရှောင်ပြည်သူများသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ဘားအံ စက်တင်ဘာ ၂၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲသရောဒေသတွင် နယ်မြေတည်ငြိမ်မှုအားနည်းသဖြင့် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်ကြသည့် စစ်ဘေးရှောင်ပြည်သူများအား ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် LED မီးအိမ်များကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြိုင်ကြီးငူအထူးဒေသ စစ်ဘေးရှောင်အိမ်ထောင်စုများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက အထုပ်တစ်ထုပ်လျှင် အိမ်သုံးပစ္စည်းများ၊ မျက်နှာသုတ်ပဝါ နှစ်ထည်၊ စောင်နှစ်ထည်၊ မိသားစုခြင်ထောင်တစ်လုံး၊ တာလပတ်(၁၅ × ၁၅)ပေ တစ်ခုတို့ ပါဝင်သည့် တစ်ထုပ်လျှင် တန်ဖိုးငွေကျပ် ၄၀၇၄၀ ရှိ ပြန်လည်ထူထောင်ရေးပစ္စည်းအထုပ် ၂၀၀ နှင့် လက်သန့်ဆေးရည်ဘူး ၂၀၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၈၃၄၈၀၀၀နှင့် ကျောင်းသား ကျောင်းသူများစာကြည့်ရာတွင် အထောက်အကူ ဖြစ်စေရန် LED မီးအိမ် အစုံ ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က လက်ခံယူခဲ့ပြီး စစ်ဘေးရှောင်ပြည်သူများထံ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ကြီး ဆရာစံရုပ်အလောင်းမြှုပ်နှံသည့်နေရာရှာဖွေခြင်းနှင့် ဗြိတိသျှသစ်တောအရာရှိ မစ္စတာ ဖီးကလပ်အုတ်ဂူ

## ကျော်ဒင်အောင် (သာယာဝတီ)

နယ်ချဲ့ဗြိတိသျှတို့အား တော်လှန်တိုက်ခိုက်ခဲ့သည့် တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ကြီး ဆရာစံ၏ ရုပ်အလောင်းမြှုပ်နှံခဲ့သည့် နေရာကိုရှာဖွေရန် သာယာဝတီမြို့ ထောင်ကြီး သုသာန်သို့လိုက်ပါပြသသည့် ဒေသခံသုံးဦးနှင့် ဇူလိုင်လ ၃ ရက်နေ့တွင် စာရေးသူသွားရောက်ခဲ့ပါသည်။

သာယာဝတီ ထောင်ကြီးသုသာန်သည် သာယာဝတီ ထောင်၌ တာဝန်ထမ်းဆောင်သည့် ထောင်ပိုင်ကြီးများနေထိုင်သည့် ရုံးအဆောက်အအုံ၊ လယ်တစ်ကွက်နှင့် လူသွားလမ်းတစ်လမ်းသာ ခြားသည်။ စာရေးသူအား လိုက်ပါပြသသည့် ဒေသခံများမှာ ဦးကျော်ကျော်နိုင် (သာယာဝတီမြို့နယ် ကရင်နှစ်ခြင်းခရစ်ယာန်အသင်း အတွင်းရေးမှူး)၊ ဦးအောင်ထွန်းညွန့်၊ ဦးမိုးသီးတို့ ဖြစ်သည်။ သုသာန်သို့ရောက်ရှိချိန်သည် မိုးသည်းသည်းမည်းမည်းရွာပြီးစဖြစ်၍ သုသာန်ထဲ၌ ရေများဒူးခေါင်းအထိ မြုပ်ပါသည်။ ဆရာစံကို မြှုပ်နှံခဲ့သည်ဟု ယူဆရသည့် နေရာသို့ရောက်ရန် ချုံနွယ်များကိုတိုးဝှေ့ပြီး ဂူဟောင်းဂူသစ်များကို ကျော်ဖြတ်၍သွားရသည့် လမ်းတစ်လျှောက် ဆူးရစ်၊ ထိကရုန်းဆူးများ ခြေသလုံးကိုငြိပြီး ဆူးစူးသော်လည်း အားလုံးက ဂရုမပြုအားကြပါ။ ချုံနွယ်များအကြား တိုးဝှေ့ရှာဖွေစဉ် တစ်နေရာအရောက် ဦးမိုးသီးက ရပ်ထားသည့်ခြေအစုံ မြေနေရာအား စိုက်ကြည့်ပြီး "ကျွန်တော်တို့ ဒီသုသာန်ထဲမှာ ငယ်ငယ်ကလာကစားတော့ သံတိုင်တစ်တိုင် တွေ့တယ်။ ဒီနေရာဗျ အခုတော့ မရှိတော့ဘူး။ ဒီသံတိုင်အကြောင်း အဘဦးဖားအဲကိုမေးတော့ ဆရာစံကို မြှုပ်ထားတဲ့နေရာလို့ ပြောတယ်"ဟု ညွှန်ပြရင်း ပြောသည်။

> **အစိုးရသစ်လက်ထက်၌ ဆရာစံ၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိနိုင်လိမ့်မည်ဟု မျှော်လင့်ရင်း ဗြိတိသျှသစ်တောအရာရှိ အုတ်ဂူပေါ်မှာ ကမ္ပည်းထိုးထားသကဲ့သို့ ဆရာစံ၏အုတ်ဂူပေါ်၌လည်း တောင်သူလယ်သမားများ၏ ဘဝများ၊ ခံစားချက်များ၊ ဆရာစံ၏ သတ္တိပြောင်မြောက်မှုများ၊ စွန့်လွှတ်စွန့်စားသည့် ဂုဏ်များကို ကမ္ပည်းမော်ကွန်း ထိုးပေးစေလို**

ဦးဖားအဲသည် သာယာဝတီထောင်၌ ပင်စင်ယူသည်အထိ ထောင်ဝန်ထမ်းတာဝန် ထမ်းဆောင်ခဲ့ပြီး ထိုသုသာန်အနီးရပ်ကွက်တွင် သေဆုံးသည်အထိ နေထိုင်သွားကြောင်း၊ ဆရာစံအရေးတော်ပုံကာလ၊ ဆရာစံ၏အဖြစ်အပျက်များကို သိမီသူဖြစ်ကြောင်း ယခုသက်ရှိထင်ရှားရှိပါက အသက် ၁၀၀ ကျော်ပြီဖြစ်ကြောင်း သိရသည်။ ဦးအောင်ထွန်းညွန့်ကလည်း ၁၉၆၈-၁၉၆၉ ခုနှစ်ခန့်က စာရေးဆရာမကြီး စိန်စိန် (သာယာဝတီမြို့ထောင်ကြီးလမ်းတွင် နေထိုင်ခဲ့သူ) ဦးဆောင်၍ အဖွဲ့တစ်ဖွဲ့ဖွဲ့ကာ ဆရာစံရုပ်အလောင်းမြှုပ်နှံသည့် မြေနေရာအား ရှာဖွေခဲ့ကြောင်း၊ ရှာဖွေရာတွင် အမှတ်အသားတစ်ခု၊ သတ်မှတ်ချက်တစ်ခုရရှိခဲ့ကြောင်း ကြားသိရသည်ဟု ပြောသည်။

သုသာန်သို့ သွားရောက်ရှာဖွေကြည့်ရှုရန် အစီအစဉ်မှာ ဦးအောင်မြင့် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)က စီစဉ်ခြင်းဖြစ်ပြီး ၎င်းတို့နှင့်အတူ စာရေးသူမှ သတင်းလိုက်ပါရယူရန် ဖြစ်သော်လည်း ထိုနေ့၌ မြို့နယ်တွင် အရေးကြီးကိစ္စပေါ်လာ၍ ဦးအောင်မြင့်မလိုက်နိုင်သဖြင့် စာရေးသူနှင့် ဒေသခံသုံးဦးသာ သွားရောက်ခဲ့သည်။

ဆရာမကြီးစိန်စိန်နှင့်အဖွဲ့ ရှာဖွေစဉ်ကာလတွင် ဦးအောင်ထွန်းညွန့်သည် သုသာန်အနီးရှိ သာယာဝတီ အထက (၂) ကျောင်း၌ နဝမတန်းတက်ရောက် ပညာသင်ကြားနေကြောင်း၊ ထိုအချိန်၌ သုသာန်အတွင်းရှိ အမှတ်အသားတစ်ခု နေရာရွှေ့ခြင်း (ပျောက်ဆုံးခြင်း အတိအကျမသိ) ပြဿနာတစ်ခုဖြစ်ပေါ်ကြောင်း ယင်းကိစ္စ၏ လက်သည်တရားခံမှာ ကျောင်းသားများဖြစ်သည်ဟု တာဝန်ရှိသူများက ယူဆသဖြင့် ခေါ်ယူစစ်ဆေးရာ ဦးအောင်ထွန်းညွန့်နှင့် သူငယ်ချင်းတစ်ဦးတို့ သုံးရက်ခေါ်ယူစစ်ဆေးခံရကြောင်း သိရသည်။

ဦးကျော်ကျော်နိုင်၊ ဦးအောင်ထွန်းညွန့်နှင့် ဦးမိုးသီးတို့အား မေးမြန်းအပြီး ဦးကျော်ကျော်နိုင်က ယင်းသုသာန်ရှိ မီးသင်္ဂြိုဟ်စက်တွင် ရာသက်ပန် ပရဟိတတာဝန်ယူထားသူ ဦးထွန်းဝေသည်လည်း ဆရာစံ၏မြှုပ်နှံသည့်နေရာနှင့်ပတ်သက်၍ သိရှိထားကြောင်း အသိပေး၍ ဦးထွန်းဝေအား ဆက်လက်မေးမြန်းခဲ့သည်။ "ဆရာစံကို မြှုပ်နှံတုန်းက ရုပ်အလောင်းပေါ်မှာ ပုလင်းကွဲတွေ၊ သံဆန်ခါတွေ၊ သံဆူးကြိုးတွေဖိပြီးမှ မြေဖို့တယ်လို့ ကျွန်တော့်ဘကြီးက ပြောဖူးတယ်။ ဘကြီးကို ထောင်ပိုင်တွေနေတဲ့ အဆောက်အအုံပေါ်က ထောင်ပိုင်ကြီး လက်ညှိုးထိုးပြတဲ့နေရာနဲ့ ဦးမိုးသီးတို့ပြတဲ့နေရာက အတူတူပါပဲ" ဟု ပြောသည်။

ဆရာစံ ရုပ်အလောင်း ရှာဖွေရေးကော်မတီကို ဇူလိုင်လ ၁၀ ရက်နေ့တွင် သာယာဝတီမြို့ အမျိုးသားဒီမိုကရေစီရုံး၌ အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ၎င်းတို့မှာ နာယကများအဖြစ် ဦးချစ်မောင်၊ စန်းစန်းနွဲ့(သာယာဝတီ)၊ ဒေါ်မူမူခင်၊ ဦးကျော်နိုင်ဦး၊ အမှုဆောင်အဖွဲ့တွင် ဦးထွန်းမြင့် (ဥက္ကဋ္ဌ)၊ ဦးဝင်းသန်း (အတွင်းရေးမှူး)၊ ဦးဝင်းနိုင် (သတင်းနှင့် ပြန်ကြားရေး)၊ ဦးကျော်ဒင်အောင် (တွဲဖက်ပြန်ကြားရေး)၊ ဦးကိုကိုဦး (ဘဏ္ဍာရေးမှူး)၊ ဦးသန့်ကိုသူ (တွဲဖက်ဘဏ္ဍာရေးမှူး)၊ အဖွဲ့ဝင်များအဖြစ် ဦးဇင်ကိုကျော်၊ ဦးဝင်းထွန်းဇော်၊ ဦးသူရထွန်း၊ ဦးဝင်းစိုး၊ ဦးအောင်ဖြိုးဦးတို့ ဖြစ်ကြသည်။

ထိုနေရာ (ဆရာစံရုပ်အလောင်းမြှုပ်နှံသည်ဟု ယူဆရသည့်နေရာ)သည် သုသာန်ရှိ ဇရပ်၏အရှေ့တောင်ထောင့် ၁၅ ပေခန့်၌ ဖြစ်ပါသည်။ ထောင်ကြီးသုသာန်အတွင်းတွင် ဆရာစံ မြှုပ်နှံသည်ဟု ယူဆရသည့်မြေနေရာအား ရှာဖွေမေးမြန်းအပြီး နာရီ ၄၅ မိနစ်တွင် ကြိုးစင်ပေါ်သို့ ရဲရင့်စွာတက်ပြီး တိုင်းပြည်အတွက် အသက်ပေးဆပ်သွားသည့် တောင်သူလယ်သမားများ၏ ခေါင်းဆောင် ဆရာစံ၏ရုပ်အလောင်းကို ယခုထက်တိုင် ရှာဖွေနေရဆဲ ဖြစ်ပါသည်။ အစိုးရသစ်လက်ထက်၌ ဆရာစံ၏ရုပ်အလောင်းကို ရှာဖွေတွေ့ရှိနိုင်လိမ့်မည်ဟု မျှော်လင့်ရင်း ဗြိတိသျှသစ်တောအရာရှိ အုတ်ဂူပေါ်မှာ ကမ္ပည်းထိုးထားသကဲ့သို့ ဆရာစံ၏အုတ်ဂူပေါ်၌လည်း တောင်သူလယ်သမားများ၏ ဘဝများ၊ ခံစားချက်များ၊ ဆရာစံ၏ သတ္တိပြောင်မြောက်မှုများ၊ စွန့်လွှတ်စွန့်စားသည့် ဂုဏ်များကို ကမ္ပည်းမော်ကွန်း ထိုးပေးစေလိုလှပေသည်။



ဗြိတိသျှ သစ်တောအရာရှိ မစ္စတာ ဖီးကလပ်၏ အုတ်ဂူကို တွေ့ရစဉ်

ဦးအောင်ထွန်းညွန့်က ၎င်းရှာဖွေတွေ့ရှိထားသည့် ဖီးကလပ် (၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့၊ ဝဲရွာတိုက်ပွဲတွင် ဆရာစံ၏ ဂဠုန်တပ်ဖွဲ့မှ ဖမ်းဆီးခေါင်းဖြတ်ခဲ့သည့်) ဗြိတိသျှသစ်တောအရာရှိ အုတ်ဂူရှိရာသို့ သွားရောက်မှတ်တမ်းယူခဲ့သည်။ ယင်းအုတ်ဂူသည် သာယာဝတီမြို့ ရေဝေ (ဘောလုံးကွက်သစ်ရပ်ကွက်) ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမြှုပ်နှံသော သုသာန်အတွင်း၌ ဖြစ်သည်။

ဦးအောင်ထွန်းညွန့်က သုသာန်အတွင်း သစ်ပင်ချုံနွယ်များကို ရှင်းလင်းရာတွင် အုတ်ဂူပေါ်တွင် ရေးထိုးထားသည့် ကမ္ပည်းစာတမ်းအရ မစ္စတာ ဖီးကလပ်၏ အုတ်ဂူဖြစ်ကြောင်း သိရခြင်းဖြစ်သည်။ အုတ်ဂူ၏အပေါ်ပိုင်းသည် အိမ်ခေါင်မိုးပုံစံဖြစ်ပြီး ယင်းအပိုင်းသာ မြေပေါ်တွင်ပေါ်နေသည်။ အုတ်ဂူပေါ်တွင် HORACE VIVIAN WELLESLEY FIELDS -CLARKE INDIAN FOREST ENGINEERING SERVICE BORN 26th OCTOBER 1893 KILLED BY REBELS AT WE 24th DECEMBER 1930.

အခြားတစ်ဖက်တွင် IF I SHOULD DIE THINK ONLY THIS OF ME THAT THERE'S SOME CORNER OF A FOREIGN FIELD THAT IS FOREVER ENGLAND.

(ကျွန်ုပ်သေဆုံးရမည်ဆိုပါလျှင် တိုင်းတစ်ပါးမြေ၏ မည်သည့်အရပ်တွင် သေဆုံးသည်ဖြစ်စေ ထိုအရပ်သည် အင်္ဂလန်သာ ဖြစ်ပေလိမ့်မည်) ဟု ရေးထိုးထားပါသည်။

နယ်ချဲ့တိုင်းတစ်ပါးသား ဖီးကလပ်၏ အုတ်ဂူမှာ မြန်မာပြည်တွင် ထင်ထင်ရှားရှားရှိနေသော်လည်း ၎င်းတို့အား တိုင်းပြည်ချစ်စိတ်၊ အမိမြေချစ်စိတ်၊ သူ့ကျွန်မခံလိုသည့် ဇာတိသွေး ဇာတိမာန်စိတ်တို့ဖြင့် ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်ခဲ့ပြီး ၁၉၃၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်၊ ရှမ်းပြည်နယ် နောင်ချိုတွင် အဖမ်းခံခဲ့ရကာ ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်၊ စနေနေ့ နံနက် ၅ နာရီ ၄၅ မိနစ်တွင် ...

ထို့ပြင် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့၌ တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ထားသည့် မတ်လ ၂ ရက်နေ့အစား တောင်သူလယ်သမားအရေးတော်ပုံ၏ အထင်ကရ နေ့တစ်နေ့အား တောင်သူလယ်သမားနေ့အဖြစ် ပြောင်းလဲသတ်မှတ်ရန် အစီအစဉ်မရှိသေးကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တောင်သူလယ်သမားနေ့ရက်ကို ပြင်ဆင်လိုပါက ယင်းနေ့ကို အမှန်တကယ်ကိုယ်စားပြုသည့် တောင်သူလယ်သမားများ၏ ဆန္ဒနှင့်အညီ ဖြစ်ရန်လိုအပ်ခြင်း၊ ပြောင်းလဲသတ်မှတ်မည့်နေ့ရက်သည် တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်များနှင့် ထိခိုက်မှုမဖြစ်စေခြင်းနှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားနေ့ ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းကို ဆောင်ရွက်မည့်အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားခဲ့သည်။

တိုင်းတစ်ပါး နယ်ချဲ့ဗြိတိသျှ အစိုးရဘက်တော်သားတစ်ဦး၏အုတ်ဂူ မြန်မာပြည်တွင်း၌ ကမ္ပည်းထိုးကာ အထင်ကရထားရှိခဲ့ပါသည်။ သို့သော် ကိုယ့်အစိုးရ ပြည်သူရွေးကောက်တင်မြှောက်သော ပြည်သူ့အစိုးရလက်ထက်၌ နယ်ချဲ့ဗြိတိသျှအစိုးရ ဖိမ့်ဖိမ့်တုန် ကြောက်ရွံ့ခဲ့ရသော တောင်သူလယ်သမားခေါင်းဆောင် ဆရာစံ၏အုတ်ဂူ ပျောက်ဆုံးနေဆဲ၊ ရှာဖွေရာတွင် ပြည်သူ့အစိုးရမှ ကူညီပေးရန် လိုအပ်ပါသည်။ ဆရာစံအား ဂုဏ်ပြုပေးရန် ရက်တစ်ရက် သတ်မှတ်ကာ ဝိုင်းဝန်းစဉ်းစား ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

---

ရခိုင်ပြည်နယ် ဂွမြို့ ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ဌေး ဦးဆောင်သော တပ်ဖွဲ့ဝင် ၄၀ သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံကြီးရှေ့ရှိ ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်းနှင့် အမှိုက်များ ပိတ်ဆို့နေသော ရေနုတ်မြောင်းများကို စုပေါင်းရှင်းလင်းဆောင်ရွက်ကြစဉ်

(၁၆၄)



---

## စီးပွားရေးဆိုင်ရာ အသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း(မန္တလေးတိုင်းဒေသကြီး)၏တတိယအကြိမ်မြောက် စီးပွားရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက အောင်မြေသာစံမြို့နယ် နန်းရှေ့ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံလက်လီရောင်းချသူများ အသင်းချုပ်ဥက္ကဋ္ဌဒေါ်ဝင်းဝင်းတင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါ်ခင်ဆန်းရီက အသိပညာပေး ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ဆက်လက်၍ ဦးတင်ဇံကျော် (Principal of Device Business Management Agency) မှ ခေါင်းစဉ်ဖြင့် New Business Opportunities in Retailing ဟောပြောဆွေးနွေးပြီး New Business Opportunities in Retailing ခေါင်းစဉ်ဖြင့် Panel Discussion ပြုလုပ်ရာ ဦးတင်ဇံကျော်က Moderator အဖြစ်ဆောင်ရွက်ပြီး Panel List အဖြစ် မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးသူရိန်ငြိမ်း၊ အသင်းချုပ်ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌဒေါ်ဝေသစ်လွင်၊ ဦးဇာနည်ဝင်းထက် (Head of Mobile Department Samsung Myanmar)၊ ဦးဇော်လင်းရှိန် (Key accounts Director,Coca Cola Pinya Beverages Myanmar Ltd;) တို့က ဆောင်ရွက်ကြသည်။ ထို့နောက် တက်ရောက်လာသော ဧည့်ပရိသတ်များက သိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ရှင်းလင်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ခွေးရူးနှင့်ပြည်သူ့ကျန်းမာရေး

ကောင်းထက်သာ

**ခေတ်မီဖွံ့ဖြိုးသည့်နိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရာတွင် နိုင်ငံအတွင်းရှိ မှီတင်းနေထိုင်ကြကုန်သော ပြည်သူပြည်သားများ တစ်ဦးချင်းဝင်ငွေတိုးတက်စေရေး၊ ဘေးကင်းလုံခြုံစိတ်ချရသည့် စားနပ်ရိက္ခာများ ဖူလုံပြည့်ဝမှုရှိစေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုရှိရေးတို့သည် အခြေခံအကျဆုံးသော အချက်များပင်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးရှိ လူသားများတွင် ဖြစ်ပွားနေသည့် ရောဂါများသည် တိရစ္ဆာန်များမှ စတင်ခဲ့သည်ကို သုတေသီများက ဖော်ထုတ်တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ ယင်းအနက် အချို့သောရောဂါများနှင့်ပတ်သက်၍ အရေးတယူဆောင်ရွက်နေကြသော်လည်း တချို့သော ရောဂါများမှာမူ လူသားများအတွက် အန္တရာယ်ရှိသည်ကိုသိလျက်နှင့် အလေးဂရုမပြုကြဘဲ ဥပေက္ခာပြုထားရှိခဲ့ကြပါသည်။ ထိုအထဲတွင် ပြည်သူ့ကျန်းမာရေးနှင့် ပတ်သက်သော လုံးဝဥပေက္ခာမပြုသင့်သည့် ရောဂါတစ်ခုမှာ ခွေးရူးရောဂါပင်ဖြစ်ပါသည်။ သို့အတွက်ကြောင့် နှစ်စဉ်နှစ်တိုင်း တစ်ကမ္ဘာလုံးတွင် ခွေးရူးရောဂါထိန်းချုပ်ရေးနေ့ (WORLD RABIES DAY) အဖြစ် သတ်သတ်မှတ်မှတ်ထားရှိပြီး တစ်ကမ္ဘာလုံး ခရစ်နှစ် ၂၀၃၀ တွင် ခွေးမှတစ်ဆင့် ကူးစက်ဖြစ်ပွားရသည့် ခွေးရူးရောဂါကြောင့် လူသေဆုံးမှု လုံးဝမရှိစေရေးအား ရည်ရွယ်၍ ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။**

### ကူးစက်တတ်သည့် ဗိုင်းရပ်စ်ရောဂါတစ်ခု

ခွေးရူးရောဂါသည် သွေးနွေးသက်ရှိသတ္တဝါများအားလုံးတွင် ဖြစ်ပွားပြီး ကူးစက်တတ်သည့် ဗိုင်းရပ်စ်ရောဂါတစ်ခုဖြစ်ပါသည်။ ရောဂါပိုးဝင်ရောက်ပြီးပါက ခြောက်လခန့်ကြာသည်အထိ ရောဂါလက္ခဏာမပြဘဲ ရှိတတ်ကြောင်း လေ့လာသိရှိရပါသည်။ ရောဂါလက္ခဏာပြသပါက မည်သည့်ကုသမှုမျှပြုလုပ်၍ မရနိုင်တော့ဘဲ သေဆုံးသည်အထိ ဖြစ်ပွားစေပြီး အာရုံကြောများအား အဓိကထိခိုက်စေသည့် ရောဂါတစ်ခုဖြစ်ပါသည်။ တိရစ္ဆာန်များတွင် အဓိကအားဖြင့် ရောဂါလက္ခဏာပုံစံနှစ်မျိုးတွေ့ရှိရပြီး အပြင်းစားပုံစံတွင် ကြမ်းတမ်းသော အမူအရာရှိခြင်း၊ သွားရည်ကျခြင်း၊ မြင်မြင်သမျှလှုပ်ရှားနေသည့် အရာများနှင့်သတ္တဝါများကို ရန်လိုကိုက်ဆွဲခြင်းများရှိသော်လည်း အပျော့စားပုံစံတွင် ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်သည် မည်သည့်အရာကိုမျှ စိတ်ဝင်စားခြင်းမရှိဘဲ ငြိမ်သက်နေခြင်းကြောင့် ခွေးရူးပိုးကူးစက်ဝင်ရောက်ခံနေရကြောင်း ပိုင်ရှင်အနေဖြင့် သိရှိနိုင်မည်မဟုတ်ပေ။

### လူပေါင်းသောင်းချီသေဆုံး

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံ ၁၈၀ ရှိသည့်အနက် နိုင်ငံ ၁၅၀ ကျော်တွင် လူသားများအား ခြိမ်းခြောက်လျက်ရှိသည့် ထိုခွေးရူးရောဂါသည် အဓိကအားဖြင့် ခွေးကိုက်ခြင်းကြောင့် ဖြစ်ပွားရပြီး နှစ်စဉ် ကမ္ဘာတစ်ဝန်း လူပေါင်းသောင်းချီ၍ သေဆုံးနေကြကြောင်း စာရင်းဇယားများအရ သိရှိရပါသည်။ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့၏ ခွေးရူးရောဂါထိန်းချုပ်ရေးမူဝါဒမှာ ကြိုတင်ကာကွယ်ခြင်း၊ ခွေးလေခွေးလွင့်များကို ထိရောက်စွာ ထိန်းချုပ်ခြင်း၊ ခွေးကောင်ရေမတိုးပွားလာစေရန် ဆောင်ရွက်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် စူးစမ်းလေ့လာခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လာမည့်ဆယ်စုနှစ်များအတွင်း ခွေးရူးရောဂါကို ထိရောက်စွာထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံတိုင်းမှ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်သည့် အချက်အလက်များအား ပွင့်ပွင့်လင်းလင်းတင်ပြအစီရင်ခံကြရန်နှင့် နိုင်ငံတော်အဆင့် အရေးကြီးရောဂါတစ်ခုအဖြစ် ဦးစားပေးအဆင့်တွင်ထား၍ ဆောင်ရွက်ရန်ဖြစ်ကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ ဖော်ပြထားပြီးဖြစ်ပါသည်။

### သတိချပ်သင့်

ကာကွယ်ဆေးဖြင့် ခွေးရူးရောဂါကို ရာနှုန်းပြည့် ထိရောက်စွာ ကာကွယ်နိုင်သော်လည်း ယနေ့တိုင် လူသားများအား အချိန်အခါမရွေး၊ ရာသီမရွေး အသက်ဘေးခြိမ်းခြောက်လျက်ရှိသည့် ရောဂါတစ်ခုဖြစ်နေသည်ကို သတိချပ်သင့်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ခွေးရူးရောဂါနှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် သိရှိကြသော်လည်း အမှန်တကယ် ခွေးကိုက်ခံရသောအချိန်တွင် စနစ်တကျ ကုသမှု၊ ခံယူမှုအားနည်းကြောင်း တွေ့ရှိနေရပါသည်။ မိရိုးဖလာ ဆေးမြီးတိုဖြင့် ကုခြင်း၊ ခွေးအားနားရွက်ဖြတ်ခြင်း၊ မန်းခြင်း၊ အရူးမပြန်စေရန်ဆေးတိုက်ခြင်းများအား မြန်မာနိုင်ငံ ကျေးလက်ဒေသအနှံ့အပြားတွင် ဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာ အစီအစဉ်များဖြင့် ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ယခုထက်ပိုမို၍ ထိရောက်သည့် ဆောင်ရွက်ချက်များဖြင့် ဖြစ်ပွားမှုလျော့နည်းသည်ထက် လျော့နည်းလာစေရန် ဆောင်ရွက်သွားသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။

### လက်ပံပွင့်ချိန်

လက်ပံပွင့်ချိန်ခွေးရူးချိန်ဆိုသည့်စကားအရ နွေရာသီတွင် အဖြစ်များသည်ဟု အများသိရှိထားကြသော်လည်း ခွေးရူးရောဂါသည် တစ်နှစ်ပတ်လုံး မြန်မာနိုင်ငံအနှံ့ နေရာအနှံ့တွင် ချိန်ခါမရွေး ကြိုကြားဖြစ်ပွားလျက်ရှိသည်ကို အထောက်အထားများအရ သိရှိရပါသည်။ ခွေးကိုက်ခံရသည့်အခါတွင် ကိုက်သည့်ခွေးကိုစောင့်ကြည့်၍ ၇ ရက်မှ ၁၀ ရက်အတွင်း ပုံမှန်မဟုတ်သည့် အမူအရာတွေ့ရှိပါမှ နီးစပ်ရာဆေးခန်းများသို့ သွားရောက်ပြသခြင်းအစား မည်သည့်ခွေးကိုက်ခံရမှုကိုမဆို ၂၄ နာရီအတွင်း ကျန်းမာရေးဌာန၏ စနစ်တကျပြုစုကုသပေးမှုကို ခံယူထားသင့်ကြောင်း အကြံပြုလိုပါသည်။ အထောက်အထားများအရ မိမိအားကိုက်သောခွေးသည် အကောင်းပကတိ မည်သည့်လက္ခဏာမှ ပြသခြင်းမရှိသေးသော်လည်း လူတွင် ခွေးရူးပြန်၍ အသက်ဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်များလည်း ရှိခဲ့ပါသည်။ ထို့ကြောင့် မည်သည့် ခွေး၊ ကြောင် တိရစ္ဆာန်ပင်ဖြစ်စေ၊ မိမိ၏ထိန်းချုပ်မှုအောက်တွင် မည်မျှပင်ရှိပါစေ၊ မိမိတိရစ္ဆာန်ကို ကြိုတင်ကာကွယ်ဆေးထိုးနှံထားသည့်တိုင်အောင် ယင်းနေ့ပြီးနောက် နောက်တစ်နှစ်ပတ်လည် မရောက်မီအချိန်တွင် မည်သည့် ရောဂါထိန်းချုပ်ဆောင်ရွက်မှုမှမရှိဘဲ ပွဲပြီးမီးသေမျိုး မဖြစ်စေသင့်ပါ။

### ဆယ်ဆမကပိုနိုင်

အမှန်အားဖြင့် ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့တွင် ကာကွယ်ဆေးအထိုးခံခဲ့ကြသည့် ခွေးများသည် ပိုင်ရှင်များ၏ ထိန်းချုပ်မှုအောက်တွင်ရှိပြီး ရောဂါဖြစ်ပွားလာပါကလည်း အလွယ်တကူသိရှိထိန်းချုပ်နိုင်ပြီး ယင်းခွေးများထက် ပိုင်ရှင်မဲ့ဖြစ်ကာ ကာကွယ်ဆေးလည်း အလွယ်တကူ ထိုးနှံခြင်းမပြုနိုင်သေးသည့် အများသူငါသွားလာနေသော ဈေးများ၊ စားသောက်ဆိုင်များ စသည်တို့တွင် အထိန်းအချုပ်မဲ့ သွားလာလျက်ရှိနေသည့် ခွေးများကြောင့် ဖြစ်လာနိုင်သည့် ခွေးရူးရောဂါအန္တရာယ်သည် ပိုမိုကြီးမားနိုင်သည်ဆိုသည့်အချက်ကိုလည်း အထူးသတိပြုရန်လိုအပ်ပါသည်။ ထုတ်ပြန်ထားသည့် အစီရင်ခံစာများအရ မြန်မာနိုင်ငံတွင် ခွေးရူးကြောင့် သေဆုံးရသည့်သူအရေအတွက်သည် ရာဂဏန်းမျှပင်ရှိသော်လည်း တရားဝင် စစ်ဆေးခြင်းမပြုနိုင်ဘဲ ခွေးရူးကြောင့် သေဆုံးရသည့် အရေအတွက်သည် ထို့ထက် ဆယ်ဆမကပင် ပိုနိုင်သည်ဟု ကျွမ်းကျင်သူများက မှန်းဆထားကြပါသည်။

### နှစ်စဉ်ခြောက်သိန်းကျော် ခွေးကိုက်ခံရ

မြန်မာနိုင်ငံတွင် နှစ်စဉ် လူခြောက်သိန်းကျော်သည် ခွေးကိုက်ခံခဲ့ရပြီး ထိုအထဲတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် အများဆုံးဖြစ်ကြောင်းနှင့် နှစ်စဉ်တိုးပွားနေသည့် ခွေးများကို ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကတိရစ္ဆာန်ဆေးကုဆရာဝန်များမှ ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံပေးနိုင်မှုသည်လည်း စုစုပေါင်း ခွေးကောင်ရေ၏ ၁၀ ရာခိုင်နှုန်းခန့်သာ ထိုးနှံနိုင်သေးခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ထိရောက်သောကာကွယ်မှုပေးနိုင်သည့် အခြေအနေတွင် မရှိသေးကြောင်း သိနိုင်ပါသည်။ စမ်းသပ်စစ်ဆေးမှုများအရ မြန်မာနိုင်ငံတွင် ခွေးရူးရောဂါသည် ခွေးတွင်သာမက ကြောင်၊ နွား၊ ဝက်၊ မြင်းများတွင်လည်း ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ ပြည်ပအလှူရှင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနတို့မှမြန်မာနိုင်ငံ၌ လက်တွေ့တွင် လူတစ်ဦးမျှပင် သေဆုံးခြင်းမရှိခဲ့သေးသည့် တုပ်ကွေးရောဂါကို အလေးပေးဆောင်ရွက်နေခြင်းထက် မိမိနိုင်ငံ၏ လက်တွေ့ဘဝတွင် အမှန်တကယ်

> **မြန်မာနိုင်ငံတွင် နှစ်စဉ် လူခြောက်သိန်းကျော်သည် ခွေးကိုက်ခံခဲ့ရပြီး ထိုအထဲတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် အများဆုံးဖြစ်ကြောင်းနှင့် နှစ်စဉ်တိုးပွားနေသည့် ခွေးများကို ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကတိရစ္ဆာန်ဆေးကုဆရာဝန်များမှ ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံပေးနိုင်မှုသည်လည်း စုစုပေါင်း ခွေးကောင်ရေ၏ ၁၀ ရာခိုင်နှုန်းခန့်သာ ထိုးနှံနိုင်သေးခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ထိရောက်သည့်ကာကွယ်မှုပေးနိုင်သည့်အခြေအနေတွင် မရှိသေး**

အကိုက်ခံရသူအား ဘေးထွက်ဆိုးကျိုးနည်းပါးသည့် ပိုမိုစိတ်ချရသော ခွေးကိုက်ခံရပြီးနောက် ထိုးနှံရသည့် ခွေးရူးကာကွယ်ဆေးများ (POST EXPOSURE PROPHYLASIX TREATMENT) ထိုးနှံခြင်း၊ ခွေးကိုက်ခံရသည့်ဒဏ်ရာကို ကျန်းမာရေးဝန်ထမ်းများ၏ စနစ်တကျကုသမှုခံယူခြင်းတို့ကို ဆောင်ရွက်ထားသင့်ပါသည်။ ခွေးကိုက်ခံရပါက နီးစပ်ရာ ဆေးရုံနှင့် ကျန်းမာရေးဌာနဝန်ထမ်းများအား အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ကြရန်လိုပါသည်။ ကိုက်တတ်သည့် တိရစ္ဆာန်ကို လုံခြုံသည့်နေရာတွင် ထိန်းသိမ်းထားရှိပြီး အမူအရာပြောင်းလဲလာခြင်းရှိ မရှိ စောင့်ကြည့်ခြင်းများ ပြုလုပ်သင့်ပါသည်။ သံသယရှိတိုင်း တိရစ္ဆာန်များကို သတ်ဖြတ်မည်ဆိုပါကလည်း မသင့်လျော်သကဲ့သို့ မလိုလားအပ်ဘဲ တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းများ မပြုလုပ်သင့်ပါ။

### ခန့်မှန်းခွေးကောင်ရေ ၃ ဒသမ ၄၈ သန်း

မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်အတွင်း ကောက်ယူခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ တစ်နိုင်ငံလုံးတွင်ရှိသည့် ခန့်မှန်းခွေးကောင်ရေသည် ၃ ဒသမ ၄၈ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားသော်လည်း ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပြုလုပ်ခဲ့သည့် သုတေသနတစ်ခုအရ ခွေးကောင်ရေသည် ယင်းထက်နှစ်ဆများပြားနိုင်ကြောင်းနှင့် ထိုသို့တိုးပွားလာသည့် ခွေးကောင်ရေအား စနစ်တကျထိန်းချုပ်ခြင်း၊ နိုင်ငံတစ်ဝန်း ပိုင်ရှင်မဲ့ဖြစ်နေသည့် ခွေးများကို ခွေးရူးရောဂါကာကွယ်ဆေးများထိုးနှံခြင်း၊ သံသယဖြစ်ဖွယ်ရှိသည့် မည်သည့်ခွေးကိုမဆို အများပြည်သူနှင့် မထိတွေ့စေရေးအတွက် စနစ်တကျ ထိန်းချုပ်ထားနိုင်မည့် အစီအစဉ်များအား ဆက်စပ်ဌာနများမှ ပူးပေါင်း၍ အလေးပေးဆောင်ရွက်နိုင်ကြရန်လည်း လိုပါသည်။ ရောဂါ၏ အရေးကြီးမှုအား သတိရှိနိုင်ကြစေရန်အတွက် နှစ်စဉ် ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရောဂါထိန်းချုပ်ရေးလှုပ်ရှားမှုများ( ကာကွယ်ဆေးထိုးခြင်း၊ ဟောပြောခြင်းများ)ဆောင်ရွက်နေကြသော်လည်း လူသေဆုံးပြီး ဆက်လက်၍လည်း သေဆုံးနိုင်သေးသည့် ခွေးရူးရောဂါမျိုးကို သက်ဆိုင်ရာဌာနများအနေဖြင့် ဦးစားပေးစာရင်းတွင်ထားရှိ၍ မိမိတာဝန် မိမိသိကာ တစ်မျိုးသားလုံး၏ ကျန်းမာရေးကို စွမ်းဆောင်နိုင်သမျှ ပိုမိုဆောင်ရွက်သင့်ကြပေသည်။

### အလေးထားသင့်

ယခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခွေးရူးရောဂါနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ရှိသည့် ပြည်သူ ပြည်သားအားလုံးတို့မှလည်း လူသားများအား အချိန်မရွေး အသက်အန္တရာယ်ပြုနိုင်သော မိမိနှင့်လက်တစ်ကမ်းအကွာတွင်ရှိနေသည့် ကြောက်မက်ဖွယ်ရာ ခွေးရူးရောဂါနှင့် ပတ်သက်၍ အစဉ်သတိပြု အလေးထားသင့်ပါသည်။ နိုင်ငံသူ နိုင်ငံသားများ ခွေးရူးရောဂါအန္တရာယ်မှ ကင်းဝေးစေရန်အတွက် သံသယဖြစ်ဖွယ်ရှိသော ခွေးရူးပြန်လက္ခဏာပြသည့် တိရစ္ဆာန်များကို ရှောင်ရှားနိုင်စေရန်အတွက် အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်း၊ ခွေးကိုက်ခံရပါကလည်း နီးစပ်ရာကျန်းမာရေးဌာနတွင် ကာကွယ်ကုသမှုများအား စနစ်တကျဆောင်ရွက်ခြင်းနှင့် သေဆုံးသည့် တိရစ္ဆာန်များကို ရောဂါနှင့် ပတ်သက်၍ အတည်ပြုနိုင်ရန်နှင့် လိုအပ်သည့် ရောဂါထိန်းချုပ်မှုများ ဆောင်ရွက်သည့် လုပ်ငန်းများလုပ်နိုင်ကြပါရန် ဝိုင်းဝန်းကူညီဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့တွင် ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သည့် "ပညာပေး၊ ကာကွယ်ဆေးနှင့် အမြစ်ပြတ်ထိန်းချုပ်ရေး"ဆိုသည့်အတိုင်း ရောဂါ၏အရေးကြီးပုံကို လူသားတိုင်းသိရှိစေ၍ လိုအပ်သော ကြိုတင်ကာကွယ်ဆေးများအား စနစ်တကျထိုးနှံပြီး ခွေးရူးရောဂါအမြစ်ပြတ်ချေမှုန်းနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အကြံပြုတင်ပြအပ်ပါသည်။ ။

## ဗီယက်နမ်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ (၃၇)ကြိမ်မြောက် အာဆီယံလွှတ်တော်များဆိုင်ရာ ညီလာခံတက်ရောက်ရန် မြန်မာနိုင်ငံသို့လာရောက်မည်

**ဟန္နိုင်း စက်တင်ဘာ ၂၅**

ဗီယက်နမ်အမျိုးသားလွှတ်တော်(NA)ဥက္ကဋ္ဌ ငုယင်သီကင်နန်သည် စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သို့ အလည်အပတ်လာရောက်မည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသားလွှတ်တော် ပြည်ပရေးရာကော်မတီသတင်း ထုတ်ပြန်ချက်အရ သိရသည်။

လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပန်နီရာတိုဘူ၊ ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်ဟမ်နှင့် မြန်မာအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့၏ ဖိတ်ကြားချက်အရ အလည်အပတ်လာရောက်မည်ဖြစ်ကြောင်း သိရသည်။ အလည်အပတ်ချစ်ကြည်ရေးခရီးစဉ်သည် လာအိုနိုင်ငံတွင် စက်တင်ဘာ ၂၆ ရက်မှ ၂၇ ရက်၊ ကမ္ဘောဒီးယားနိုင်ငံတွင် စက်တင်ဘာ ၂၇၊ ၂၈ နှင့် မြန်မာနိုင်ငံတွင် စက်တင်ဘာ ၂၈၊ ၂၉ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအနေဖြင့် နေပြည်တော်တွင် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၃ ရက်အထိကျင်းပမည့် (၃၇)ကြိမ်မြောက် အာဆီယံလွှတ်တော်များဆိုင်ရာ ညီလာခံသို့တက်ရောက်ရန် စီစဉ်ထားကြောင်း ဗီယက်နမ်အမျိုးသားလွှတ်တော် ပြည်ပရေးရာ ကော်မတီက ပြောကြားခဲ့သည်။

တင်လင်းအောင်

# စတုတ္ထအကြိမ် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ကကြီးမှူး၍ လစဉ်ကျင်းပလျက်ရှိသော စတုတ္ထအကြိမ် လူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၅ နာရီခွဲက မန္တလေးမြို့ကျုံးတောင်ဘက် ၂၆ လမ်း မြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ စုရပ်၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်သည် စက်ဘီးအားကစားဝါသနာရှင် ပြည်သူများနှင့်အတူ တပျော်တပါး ပါဝင်ဆင်နွှဲသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်သော စက်ဘီးအားကစားဝါသနာရှင် ပြည်သူများသည် စုရပ်မှစတင်၍ ၂၆ လမ်းအတိုင်း ၆၆ လမ်းအထိ၊ ၆၆ လမ်းအတိုင်း ၁၉ လမ်းအထိ၊ ၁၉ လမ်းအတိုင်း ရန်ကင်းတောင်ခြေအထိ အသွားအပြန် ပျော်ရွှင်စွာ စုပေါင်းစက်ဘီးစီးနင်းဆင်နွှဲခဲ့ကြပြီး စက်ဘီးစီးအားကစားသမား အမျိုးသား၊ အမျိုးသမီးများနှင့် နိုင်ငံခြားသားများအပါအဝင် စုစုပေါင်း ၂၅၀ ပါဝင်ခဲ့သည်။

အဆိုပါ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ်နောက်ဆုံးပတ်တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အသက်ကန့်သတ်ချက်မရှိ မည်သည့်စက်ဘီးအမျိုးအစားနှင့်မဆို စက်ဘီးစီးနင်းပွဲတွင် ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




## မိုးထစ်ချုန်းမည့် အခြေအနေများ

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **(မိုး/ဇလ)**

10th WORLD RABIES DAY SEPTEMBER 28

**World Rabies Day**

28 September

RABIES

Educate. Vaccinate. Eliminate

ခွေးရူးရောဂါဖယ်ရှားရေး ကာကွယ်ဆေးထိုးကာ ပညာပေး

Ministry of Agriculture, Livestock and Irrigation — Livestock Breeding and Veterinary Department

28 September 2016

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

✳ *ကျော့ဖုံးမှ*

နယ်စပ်ဒေသ ကုန်သွယ်ရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားကဏ္ဍစုံ ပိုမိုမြင့်မားလာစေရန်ရည်ရွယ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ချင်းတွင်းတံတား (ဟုမ္မလင်း) ကို ဩဂုတ် ၂၁ ရက်ကစတင်၍ တည်ဆောက်လျက်ရှိရာ လက်ရှိမှာ ဟုမ္မလင်းဘက်ကမ်း ချဉ်းကပ်တံတားတိုင်များနှင့် ပင်မတံတား ဘိုးပိုင်လုပ်ငန်းများကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေပါတယ်။ ဘိုးပိုင်အုတ်မြစ် လုပ်ငန်းများလည်း စတင် ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစွာဖြင့် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလမှာ လုပ်ငန်းအဆင့်ဆင့်တွေ ပြီးမြောက်ဖို့ ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း (ဟုမ္မလင်း တစ်ဖက်ကမ်း) ဒေသခံတွေက ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေး၊ စီးပွားရေးလုပ်ငန်းတွေကို သဘာဝကပေးထားတဲ့ အတားအဆီးသဖွယ်ဖြစ်နေတဲ့ ချင်းတွင်းမြစ်ကို စက်လှေတွေနဲ့ ဖြတ်ကူးကာ ဟုမ္မလင်းဘက်ကို သွားရောက် ကူးသန်းရောင်းဝယ်နေရတယ်။ ဒီတံတားကြီး တည်ဆောက်ပြီးစီးသွားပါက ဟုမ္မလင်း-တမူး-ကလေးဝ-ရေဦး-မုံရွာကနေ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ အောက်ပိုင်းတွေကိုပါ ရာသီမရွေး သွားလာနိုင်တော့မှာ ဖြစ်တဲ့အတွက် ဒေသခံတွေကလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါတယ်” ဟု တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းတွင်းတံတား (ဟုမ္မလင်း)ကို ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း ဟုမ္မလင်းမြို့နှင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကက်သာကျေးရွာတို့ကို ချိတ်ဆက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကုန်အကျခံ ဆောက်လုပ်မည်ဖြစ်သည်။

အဆိုပါ ချင်းတွင်းတံတား (ဟုမ္မလင်း)၏ အမျိုးအစားမှာ အုတ်မြစ်အနေဖြင့် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး ကိုယ်ထည်အနေဖြင့် သံကူကွန်ကရစ် ကမ်းကပ်ခုံနှင့် ကိုယ်ထည်ဖြစ်ကာ တံတားအပေါ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။ တံတားအရှည်မှာ ၈၄၂ မီတာနှင့် တံတားအကျယ် ၁၀ ဒသမ ၂ မီတာ ရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ်မှာ ၈ ဒသမ ၅ မီတာရှိ သံကူကွန်ကရစ် ကြမ်းခင်းအမျိုးအစားဖြစ်သည်။ တံတားခန်းဖွင့် အကျယ်အနေဖြင့် မီတာ ၂၀ရှိ ၁၂ခန်း၊ မီတာ ၁၂၀ ရှိ လေးခန်းနှင့် မီတာ ၆၀ ရှိ နှစ်ခန်း စုစုပေါင်း ၁၈ ခန်း ပါရှိမည်ဖြစ်သည်။ တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်ပြီး တံတားကင်းလွတ်အမြင့်မှာ ၁၂ မီတာနှင့် တံတားကင်းလွတ်အကျယ် ၁၀၅ မီတာတို့ အသီးသီးပါရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ ချင်းတွင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတားကြီးများအဖြစ် ချောင်းဦးမြို့နယ်ရှိ ချင်းတွင်းမြစ်ကူးဆင်ဖြူရှင်တံတား၊ မုံရွာမြို့နယ်ရှိ ချင်းတွင်းတံတား(မုံရွာ)တို့ကို လက်ရှိအသုံးပြုနေပြီး ချင်းတွင်းမြစ်ကူးတံတား(ကလေးဝ) ကို တည်ဆောက်နေဆဲဖြစ်၍ ပြီးစီးလုနီးပါး ရှိနေပြီဖြစ်သည်။ ယခုထပ်မံပြီး ချင်းတွင်းတံတား(ဟုမ္မလင်း)ကို စတင်တည်ဆောက်လျက်ရှိပြီး ချင်းတွင်းမြစ်ကူးတံတား ငါးစင်းမြောက်အဖြစ် ချင်းတွင်းတံတား(ခန္တီး)ကိုလည်း တစ်ပြိုင်တည်း တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ပဲခူးနှင့် တောင်ငူမြို့များတွင် ရုပ်ရှင်ရုံသစ်ကြီးများ ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နှင့် တောင်ငူမြို့တို့၌ မင်္ဂလာကုမ္ပဏီက ရုပ်ရှင်ရုံများကို ယမန်နေ့မှစတင်၍ ဖွင့်လှစ်ပြသလိုက်ပြီ ဖြစ်သည်။

ပဲခူးမြို့ရှိ ICON Shopping Mall ၌ ရုပ်ရှင်ရုံ နှစ်ရုံပါဝင်ပြီး ပရိသတ် ၂၈၉ ဦး တစ်ချိန်တည်း ကြည့်ရှုနိုင်ကာ တောင်ငူမြို့ရွှေဆံတော်ဘုရား အနောက်ဘက်မုခ် ဦးမုန်းလမ်းပေါ်ရှိ ရုပ်ရှင်ရုံ၌ ပရိသတ် ၂၃၀ ကြည့်ရှုနိုင်သည်။

အဆိုပါ ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ကားများ၊ ဟောလီဝုဒ်ရုပ်ရှင်ကားများ၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား အစရှိသော အာရှနိုင်ငံများမှ ရုပ်ရှင်ကားများ၊ ကာတွန်းကားများ၊ 2D၊ 3D သုံးဖက်မြင် ရုပ်လုံးကြွ ဇာတ်ကားများကို နိုင်ငံတကာအဆင့်မြင့် DCP စနစ်ဖြင့် ပြသနိုင်သော ဒစ်ဂျစ်တယ် ရုပ်ရှင်ပရိုဂျက်တာ ပြစက်သစ်ကြီးများနှင့် ဒစ်ဂျစ်တယ် အသံစနစ်ဖြင့် ငွေရောင်ပိတ်ကားသစ်ကြီးများပေါ်တွင် အရုပ်၊ အသံများကို နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ရုံသုံး ထိုင်ခုံများဖြင့် အပန်းဖြေကြည့်ရှုနိုင်သည်။

ပဲခူးမြို့ရှိ ရုပ်ရှင်ရုံမှာ မင်္ဂလာကုမ္ပဏီ၏ ၁၅ ရုံမြောက်ဖြစ်ပြီး တောင်ငူမြို့ရှိ ရုပ်ရှင်ရုံမှာ ၁၆ ရုံမြောက်ဖြစ်သည်။

ပဲခူးမြို့နှင့် တောင်ငူမြို့ရှိ ရုပ်ရှင်ရုံများတွင် စက်တင်ဘာ ၂၄ ရက်မှစ၍ ရုပ်ရှင်ကားများကို တစ်နေ့လျှင် လေးပွဲနှုန်းဖြင့် စတင်ပြသလျက်ရှိပြီး ရုပ်ရှင်လက်မှတ်ဈေးနှုန်းများမှာ ငွေကျပ် ၁၀၀၀၊ ၂၀၀၀၊ ၂၅၀၀ နှင့် ၃၀၀၀ တို့ ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ရုံများဖွင့်လှစ်ခြင်း အထူးအစီအစဉ်ဖြင့် စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်က မိနစ် ၆၀ စာ မြန်မာဇာတ်ကားသစ်များနှင့် နိုင်ငံခြားဇာတ်ကားသစ် နမူနာများ၊ 2D ၊ 3D သုံးဖက်မြင် ရုပ်လုံးကြွဇာတ်ကားများကို ပရိသတ်များအား အခမဲ့ပြသခဲ့ကြောင်း သိရသည်။

**ရီရီသန့်**




# လျှင်ဒဏ်သင့် ဘုရားစေတီများ ပြုပြင်ရန် ကြည့်ရှု

**ပခုက္ကူ စက်တင်ဘာ ၂၅**

ငလျင်ဒဏ်ကြောင့် စိန်ဖူးတော်မြေခသည့်စေတီများ၊ အက်ကွဲသည့်စေတီများ ပြုပြင်နိုင်ရန် ရှေးဟောင်းသုတေသန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပခုက္ကူမြို့သီဟိုဠ်ရှင် မြတ်စွာဘုရားကြီး အောက်ပစ္စယာ အက်ကွဲနေမှု၊ ရွှေကူမြတ်စွာဘုရားအတွင်းလိုဏ် မျက်နှာကြက်များ အက်ကွဲနေမှုနှင့် စေတီတချို့ အက်ကွဲနေမှုများ၊ ရွှေမုဋ္ဌောစေတီတော်လိုဏ် အက်ကွဲနေမှု၊ ကုသိနာရုံတောင် ဆုကြီးပန်မြတ်စွာဘုရားရုပ်ပွားတော်၏ လည်ပင်းတော်အက်ကွဲနေမှုတို့ကို ကြည့်ရှုပြီး ရှေးမူလက်ရာမပျက်ပြုပြင်နိုင်ရေးနှင့် ဆောင်ရွက်သင့်သည့်များကို သက်ဆိုင်ရာဂေါပကများအား အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုဇော်(ခတု)**

# အိမ်မွေး တိရစ္ဆာန် ခွေး၊ ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးမည်

**မြိတ် စက်တင်ဘာ ၂၅**

ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့ပူးပေါင်း၍ ခွေးရူးရောဂါကာကွယ်ဆေးကို ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ အခမဲ့ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခွေးရူးရောဂါကာကွယ်ဆေးကို စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တွင် မြိတ်လေဆိပ်အနီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ မည်သူမဆို မိမိတို့မွေးမြူထားသော အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များကို အခမဲ့လာရောက်ထိုးနိုင်ကြောင်း၊ ကာကွယ်ဆေးထိုးမည့် အစီအစဉ်ကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ ကြေညာပေးသွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# ကလော - တောင်ကြီး တာဝေးစက်ဘီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Myanmar CP Live Stock Co.,Ltd.၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် ကလော-တောင်ကြီး တာဝေးစက်ဘီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၆ နာရီခွဲက ကလောမြို့ နာရီစင်ရှေ့၌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပြိုင်ပွဲကို သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် ကလောမြို့မှ တာထွက်လာရာ တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံရှေ့၌ပန်းဝင်၍ ဆုပေးပွဲကို ပြည်နယ်အားကစားလေ့ကျင့်ရုံကွင်း၌ကျင်းပရာ စတုတ္ထမှ ဒသမဆုအထိ ရရှိသူများကို မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေး၍လည်းကောင်း၊ တတိယဆုရရှိသော ကျော်ထွန်းဦး (မန္တလေး)အား ဒေါက်တာစိုးလွင် Myanmar CP Live Stock Co.,Ltd. က ဆုငွေကျပ် သုံးသိန်းချီးမြှင့်ပေး၍လည်းကောင်း၊ ဒုတိယဆုရရှိသူ ဇင်လင်းကို(Gold Camp)အား ပြည်နယ် စာရင်းစစ်ချုပ် ဒေါ်နန်းဝိုးဟိန်းက ဆုငွေကျပ် လေးသိန်းချီးမြှင့်ပေး၍ လည်းကောင်း၊ ပထမဆုရရှိသော အောင်ဖြိုးမင်း(ရောဝတီ)အား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဆုငွေကျပ် ငါးသိန်းအား ချီးမြှင့်ပေးကြပြီး အဆိုပါ စက်ဘီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၆၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်ပွဲ ရွေးချယ်ခံစာရင်းထုတ်ပြန်

မန္တလေး စက်တင်ဘာ ၂၅

**မန္တလေး ခြောက်မြို့နယ်မှ ပြည်သူ့ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ကြမည့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်ပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ မဲရုံအသီးသီး၌ကျင်းပခဲ့ရာ** (အောက်ပုံ) **ခြောက်မြို့နယ်မှ ရွေးချယ်ခံကော်မတီဝင်စာရင်းများကို ယနေ့ည ၉ နာရီခွဲတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။**




အဆိုပါ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ ယှဉ်ပြိုင် အရွေးခံကြမည့် ကော်မတီဝင်လောင်းအား အိမ်ထောင်စုတစ်စုလျှင် တစ်ဦးနှုန်းဖြင့် မဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး ယခင်ကော်မတီဝင်ဟောင်းနှစ်ဦး ပြန်လည်ရွေးချယ်ခံရကြောင်းသိရသည်။

"ကော်မတီဝင်ရွေးကောက်ပွဲဆိုတာ ခြောက်မြို့နယ်ကိုယ်စားပြုပြီး စည်ပင်သာယာလုပ်ငန်းတွေအတွက် အထောက်အကူပြုဖို့ပါ။ ကိုယ့်ရဲ့ ကိုယ်ပိုင်အချိန်တွေကိုပေးပြီး စနစ်တကျမဲပေးလို့ မန္တလေးမြို့ ပြည်သူတွေကို ကျေးဇူးတင်တယ်"ဟု မန္တလေးမြို့တော်ဝန် ဦးရဲလွင်က ပြောသည်။

ရွေးချယ်ခံကော်မတီဝင်များသည် ပြည်သူက ရွေးချယ်ခြင်းဖြစ်၍ မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်လုပ်ရင်းစည်းရုံး/ စည်းရုံးရင်း အလုပ်လုပ်သွားမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခံကော်မတီဝင်များ တာဝန်ထမ်းဆောင်ရာတွင် ဝန်ကြီးချုပ်၏ ညွှန်ကြားချက်ကို စောင့်ရမည်ဟု ဆက်လက်ပြောကြားသည်။

ရွေးကောက်ပွဲဝင်ရောက်အရွေးခံကြသည့် ကော်မတီဝင်လောင်းအရေအတွက်မှာအောင်မြေသာစံမြို့နယ်မှငါးဦး၊ ချမ်းအေးသာစံမြို့နယ်မှ ခြောက်ဦး၊ မဟာအောင်မြေမြို့နယ်မှ ၁၂ ဦး၊ ချမ်းမြသာစည်မြို့နယ်မှ ခြောက်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ သုံးဦးနှင့် အမရပူရမြို့နယ်မှ သုံးဦး စုစုပေါင်း ၃၅ ဦးဖြစ်ကြပြီး မြို့နယ်အလိုက်မဲပေးကြသည့်အရေအတွက်မှာ အောင်မြေသာစံမြို့နယ်မှ ၃၄၀၃၁ ဦး၊ ချမ်းအေးသာစံမြို့နယ်မှ ၁၃၂၃၄ ဦး၊ မဟာအောင်မြေမြို့နယ်မှ ၂၅၆၈၃ ဦး၊ ချမ်းမြသာစည်မြို့နယ်မှ ၂၀၆၂၆ ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ ၁၉၂၉၀ နှင့် အမရပူရမြို့နယ်မှ ၃၇၁၄၆ ဦးတို့ မဲပေးရွေးချယ်ခဲ့ကြသည်။

စည်ပင်ကော်မတီအဖြစ် ရွေးချယ်ခံရသူများမှာ အောင်မြေသာစံမြို့နယ်တွင် ဦးခိုင်မြင့်(ခ)ဦးမောင်မောင်၊ အမရပူရမြို့နယ်တွင် ဦးရဲမွန်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ဦးစောဟန်၊ ချမ်းမြသာစည်မြို့နယ်တွင် ဦးဇော်မျိုးလွင် (ခ) ကိုမိုး၊ ချမ်းအေးသာစံမြို့နယ်တွင် ဦးကျော်ဇေယျနှင့် မဟာအောင်မြေမြို့နယ်တွင် ဦးကျော်ဇောအောင်တို့ အသီးသီးရွေးချယ်ခံထားရကြောင်း သိရသည်။

ပြည်သူကရွေးချယ်သည့်ကော်မတီဝင်ခြောက်ဦးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုက်ရိုက်ခန့်အပ်သူ ငါးဦးအပါအဝင် စုစုပေါင်း စည်ပင်သာယာရေး ကော်မတီဝင် ၁၁ ဦး ခန့်ထားဆောင်ရွက်သွားမည်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

**Theme for 37th General Assembly of ASEAN Inter-Parliamentary Assembly (AIPA)**

**"Vibrant AIPA for a progressive ASEAN Community"**

**"အာဆီယံအသိုက်အဝန်းတိုးတက်ထွန်းကားရေး အာဆီယံပါလီမန်များညီလာခံက တက်ကြွလှုပ်ရှားပေး"**

## မုတ်သုံလေ အားအသင့်အတင့်ရှိ

၂၅ - ၉ - ၂၀၁၆

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# မြန်မာသင်္ဘောသားများ အခွင့်အရေးအပြည့်အဝရရှိရေးကြိုးပမ်းမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

မြန်မာသင်္ဘောသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ခံစားခွင့်များ အပြည့်အဝရရှိရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။




"အခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့က MLC 2006 (Maritimes Labour Convention 2006) ကို အတည်ပြုပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ မြန်မာသင်္ဘောသားတွေကို MLC 2006 ရဲ့ အခွင့်အရေးအတိုင်း အပြည့်အဝရရှိဖို့ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ယနေ့နံနက်ပိုင်းတွင် Dolphin စားသောက်ဆိုင်၌ ကျင်းပသော မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၏ တတိယအကြိမ်နှစ်ပတ်လည်အစည်းအဝေးတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် ဦးစံသိန်းက ပြောကြားသည်။

မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်အနေဖြင့် ယခုနှစ်တွင် ပြည်ထောင်စုအလုပ်သမားဝန်ကြီးဌာနမှတစ်ဆင့် ILO (အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့)၏ ဖိတ်ကြားချက်အရ ၂၀၁၆ ခုနှစ် ဇွန်လက ဂျီနီဗာ၌ကျင်းပခဲ့သော ILC (အပြည်ပြည်ဆိုင်ရာအလုပ်သမားကွန်ဖရင့်) သို့ တက်ရောက်ခဲ့ကြောင်း၊ ယင်းညီလာခံတွင် MLC 2006 နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ MLC 2006 သဘောတူညီချက်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO)က ကြီးမှူး၍ ကမ္ဘာတစ်ဝန်းပြန့်ကျဲနေသော သင်္ဘောသားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ တစ်ပြေးညီရရှိခံစားနိုင်ရန် သဘောတူလက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း၊ သင်္ဘောသားများ၏ အခြေခံလစာ၊ ရပိုင်ခွင့်များ၊ လုပ်ချိန်နာရီသတ်မှတ်ချက်၊ အနားယူချိန်၊ အစားအသောက်၊ ဆေးကုသခွင့်၊ ကမ်းကပ်ဆင်းခွင့်သင်္ဘောသားလစာ တန်းတူညီမျှရှိမှုစသော အကြောင်းအရာများပါဝင်ကြောင်း သိရသည်။

သင်္ဘောသားများ၏ ရရှိခံစားထိုက်သော ရပိုင်ခွင့်နှင့် အခွင့်အရေးများကို မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်အနေဖြင့် ဥပဒေနှင့်အညီ အကာအကွယ်ပေးလျက်ရှိရာ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အဖွဲ့ချုပ်သို့ တိုင်တန်းခဲ့သည့် အမှုပေါင်း ၁၉ မှုရှိသည့်အနက် ၁၃ မှုကိုဖြေရှင်းနိုင်ခဲ့ပြီး ခြောက်မှုမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ တိုင်ကြားသည့် အမှုအများဆုံးမှာ လစာကျန်မှု၊ ကွယ်လွန်မှု၊ ပျောက်ဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှု၊ လိမ်လည်မှုများဖြစ်ကြောင်း၊ ယင်းကဲ့သို့သောအမှုများကို မြန်မာသင်္ဘော သားတစ်ဦးအနေဖြင့် ရင်ဆိုင်ရမည် ဆိုပါက မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်သို့ တိုင်တန်းနိုင်ကြောင်း ကပ္ပတိန် ဦးစံသိန်းကပြောသည်။ ယမန်နှစ် (၂၀၁၄-၂၀၁၅) ခုနှစ်က တိုင်ကြားမှုပေါင်း ၃၆ မှုရှိကာ ဖြေရှင်းပြီးစီးသွားသောအမှုမှာ ၃၃ မှုဖြစ်ပြီး ကျန်အမှုများဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရ သည်။

မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်သည် ၁၉၅၂ ခုနှစ်မှစ၍ Myanmar Seamen's Union အမည်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် Seamen's Employment Control Board တွင် သင်္ဘောသား သမဂ္ဂကိုယ်စားအဖွဲ့ဝင်အဖြစ်ပါဝင်၍ မြန်မာနိုင်ငံသား ပင်လယ်ကူးသင်္ဘောသားများ၏ ဘဝတိုးတက်ရေး၊ အလုပ်အကိုင်၊ အခွင့်အရေး ရပိုင်ခွင့်များအား ဆောင်ရွက်ပေးခဲ့သောအဖွဲ့အစည်းဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်အရောက်တွင် Myanmar Overseas Seafarers Association (MOSA) အမည်ဖြင့် ဖွဲ့စည်းခဲ့ပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်း၍ သင်္ဘောသားများအရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ကို အလုပ်သမားအဖွဲ့အစည်း ဥပဒေ (၂၀၁၁) အရ ၂၀၁၂ ခုနှစ် ဧပြီ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အမှတ် (၅၃) ၃၇ လမ်း ကျောက်တံတားမြို့နယ်၌ ရုံးချုပ်ဖွင့်လှစ်ကာ အဖွဲ့ဝင် ၈၅၀၀ ကျော်ရှိကြောင်း သိရ သည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# နောက်ဖေးလမ်းကြားအချို့တွင် အမှိုက်စွန့်ပစ်ခြင်း၊ မိလ္လာပိုက်အချို့ပျက်စီးနေခြင်းများကြောင့် အရေးယူမှုများလိုအပ်နေ

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်မြို့ နောက်ဖေးလမ်းကြားအချို့ သန့်ရှင်းရေးများ ပြန်လည်ပြုလုပ်ပေးပြီးသည့် ရက်အနည်းငယ်အတွင်းမှာပင် လသာမြို့နယ် စဉ့်အိုးတန်း(အထက်လမ်း)နှင့် ၁၉လမ်းကြားရှိ နောက်ဖေးလမ်းကြားအတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ထားမှု၊ စီးပွားရေးအရ အသုံးချနေမှုအပြင် လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းကြားအချို့ကဲ့သို့ မိလ္လာပိုက်များပျက်၍ ရေမြောင်းများအတွင်း ရွှံ့ရှာဖွယ်မိလ္လာရေများစီးဝင်နေမှုမှာ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းအထိ မြင်တွေ့နေရဆဲဖြစ်သည်ဟု လသာနှင့် လမ်းမတော်မြို့နယ်၌ နေထိုင်သူများက ပြောသည်။

စဉ့်အိုးတန်းနှင့် ၁၉လမ်းကြားရှိ ၁၉ လမ်းအထက်လမ်းဘက်ခြမ်း မြေကွက်လပ်သည် သန့်ရှင်းရေးမပြုလုပ်မီ အမှိုက်ပုံကြီးဖြစ်နေရာ ယင်းနေရာမှ ယာဉ်ငယ်တစ်စီးစာ သယ်ထုတ်ရှင်းလင်းခဲ့ရသော်လည်း တစ်ပတ်ကျော်အကြာတွင် ပြန်လည်စွန့်ပစ်မှုများပြားလာသည်ကို မြင်တွေ့ရသည်။

လသာနှင့် လမ်းမတော်မြို့နယ်အတွင်း မြို့နယ်လုံးကျွတ် နောက်ဖေးလမ်းကြားသန့်ရှင်းရေး ဆောင်ရွက်မှုများ ပြီးစီးသွားသော်လည်း ပုဇွန်တောင်မြို့နယ် လမ်းအချို့၏ နောက်ဖေးလမ်းကြားများ၌ သန့်ရှင်းရေးဆောင်ရွက်ရန် ကျန်ရှိသေးသည်ဟု ပုဇွန်တောင်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။ ၅၄လမ်းတို နောက်ဖေးလမ်းကြားတွင် မြေညီထပ်နေသူများအနေဖြင့် အမိုးအဖီများကို သွပ်ဖြင့် ပြုလုပ်ထားရာ ယင်းအပေါ်တွင် စွန့်ပစ်အမှိုက်မျိုးစုံတင်နေသည်ကို တွေ့မြင်နေရဆဲဖြစ်သည်။

သို့ဖြစ်၍ သက်ဆိုင်ရာက ငွေအား၊ လူအား၊ အချိန်ကုန်ခံ၍ အများပြည်သူအကျိုးအတွက်ဆောင်ရွက်ခဲ့သော နောက်ဖေးလမ်းကြား သန့်ရှင်းရေးဆောင်ရွက်မှုများ အများပြည်သူ ရေရှည်အကျိုးခံစားနိုင်ရန်အတွက် စည်းကမ်းမဲ့ပြုမူနေမှုကို အရေးယူရန်လိုအပ်နေသည်။ **(ယာပုံ)** သတိပေးကြေညာစာတမ်းများတွင် ဖော်ပြသော စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းသာမက စီးပွားရေးလုပ်ငန်းများအတွက် အသုံးချခြင်း၊ ရေဆိုးရေညစ်၊ မိလ္လာစနစ်များ ပျက်စီးနေမှုကို မပြုပြင်ဘဲထားရှိနေခြင်းကိုပါ ထည့်သွင်းအရေးယူရန် လိုအပ်နေသည်ဟု လသာနှင့် လမ်းမတော်မြို့နယ်များ၌ နေထိုင်သူများက ပြောသည်။

**ခင်ဆိုင်**





# မော်လမြိုင်ကမ်းနားလမ်း၌ လူထုစုပေါင်းစက်ဘီးစီးပွဲတော် ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၂၅**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် လူထုစုပေါင်းစက်ဘီးစီးပွဲတော်ကို စက်တင်ဘာ ၂၅ ရက်က Stand Hotel ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ စက်ဘီးစီးပွဲတော်သို့ ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဦးရွှေမြင့်က ကြည့်ရှုအားပေးခဲ့ပြီးစက်ဘီးစီးပွဲတော်ကို ၂၀၁၆ခုနှစ် ဇွန်လတွင် စတင်ကျင်းပခဲ့ရာ လတစ်လ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့ရောက်တိုင်း တစ်လတစ်ကြိမ်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစက်ဘီးစီးပွဲတော်တွင် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များလည်း ပါဝင်ပြီး လေးမိုင်ခန့် စက်ဘီးစီးနင်းသွားကြမည်ဖြစ်ကြောင်း ပြည်နယ်စက်ဘီးကော်မတီမှ သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# နေပြည်တော် အမှတ်(၂)တပ်မတော် ခုတင် ၁၀၀၀ နှင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတို့၌ စုပေါင်းသွေးလှူ

**နေပြည်တော် စက်တင်ဘာ ၂၅**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့်(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက အမှတ်(၂၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးကျော်ဝင်း ဦးဆောင်သောအရာရှိနှင့် အခြားအဆင့် စုစုပေါင်းအင်အား ၅၉ ဦး စုပေါင်းသွေးလှူဒါန်းကြသည်။ သွေးလှူဒါန်းမှုတွင် ပါဝင်သူများအား အာဟာရဖြစ်အချိုရည်၊ ငှက်ပျောသီးနှင့် ကြက်ဥများ ကျွေးမွေးကြသည်။

အလားတူ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက နေပြည်တော် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးကြီးနေထွန်း ဦးစီး၍ ဒုတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ညွန့်သာ၊ ဦးစီးအရာရှိ(ပထမတန်း) ဒုရဲမှူးကြီးလှဝင်းတို့နှင့်အတူ တပ်ဖွဲ့ဝင် ၁၆ ဦးတို့သည် နေပြည်တော်ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ သွေးလှူဒါန်းမှုအား ဆေးရုံအုပ်ကြီး၊ တပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးလှူဒါန်းခဲ့သောတပ်ဖွဲ့ဝင်များအား အာဟာရအဖြစ် ကြက်ဥ၊ ငှက်ပျောသီးနှင့် အချိုရည်များ ဝေငှခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**



**မလှိုင်မြို့နယ်တွင် စက်တင်ဘာ ၂၂ ရက် ညက မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရုံးပင်ဇောက် ကျေးရွာအုပ်စု လိပ်ခွဲ ကျေးရွာ ကွင်းအမှတ် ၃၆၃၊ လိပ်ခွဲ တောင်ကွင်းရှိ လိပ်ခွဲတစ်ဖက်ဆည်ကန်သည် ထူးပေါက်ပြီး တာပေါင်ကျိုးပြတ်မှုကို တာဝန်ရှိသူများ ကြည့်ရှုနေစဉ်**

အောင်ဌေး (မလှိုင်)


# ကော့သောင်းမြို့တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

**ကော့သောင်း စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံစားဖိုမှူးများအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မြို့နယ်များမှ စေတနာရှင်များပူးပေါင်းကာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ (ဒုတိယအကြိမ်) အဖြစ် ခရိုင်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များအား ဇီဝိတကုသိုလ်ဒါန အဖြစ် အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ဂျာမနီနိုင်ငံမှ ကျွမ်းကျင်အဆင့် ပရဟိတဆရာဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကာခရိုင်အတွင်းရှိနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာသည်များ၊ အရေပြားပေါ်ရှိ အဖုအကျိတ်များ၊ မီးလောင်ဒဏ်ကြောင့် ဖြစ်သည့် အမာရွတ်များ၊ အဆိပ်ရှိသတ္တဝါများအကိုက်ခံရသဖြင့် ကြွက်သား အရေပြား ပျက်စီးမှုရောဂါများအစရှိသည့် ရောဂါဝေဒနာများအား အခမဲ့ကုသိုလ်ဖြစ်ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး နယ်မှလာရောက်ကုသမှုခံယူမည့် ဝေဒနာရှင်များအား လူနာအပါအဝင်လူနာစောင့် တစ်ဦးအတွက် မော်တော်ကားလက်မှတ်အသွား/အပြန်၊ ခရီးစရိတ်၊ နေထိုင်တည်းခိုစားသောက်စရိတ်များပါ ကုသိုလ်ပြုကျခံပေးမည် ဖြစ်ကြောင်း၊ ကုသမှုခံယူလိုသည့် ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များ ဆက်သွယ်အကြောင်းကြားနိုင်မည့် ဖုန်းနံပါတ်များဖော်ပြပါရှိသည့် ဗီနိုင်းကြော်ငြာပိုစတာကြီးများ ကော့သောင်းမြို့ပေါ်ရပ်ကွက်များ၊ လေဆိပ်၊ ရေဆိပ်၊ ကားဂိတ်များ အပါအဝင် မြို့၏ အချက်အချာ အသွားအလာများပြားရာ လမ်းဆုံလမ်းခွများတွင် အသိပေးကြေညာထားကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



**(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က သထုံခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနန္ဒဝင်းတက်ရောက်အားပေးစဉ်** နန္ဒကျော်စွာ

# ပင်လည်ဘူးမြို့နယ် နမ္မားချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်

**ပင်လည်ဘူး စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်အတွင်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နမ္မားချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ငါးမြစ်ချင်း ငါးသားပေါက် ၇၅၀၀၀ နှင့် ငါးခုံးမကြီး ငါးသားပေါက် ၂၅၀၀၀ စုစုပေါင်းငါးသားပေါက် ကောင်ရေ တစ်သိန်းတို့ကို နမ္မားချောင်းအတွင်းသို့ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **မျိုးလွင် (ပင်လည်ဘူး)**

# အာဆီယံပြန်ပြည့်မြဲစွမ်းအင်ထောက်ပံ့ရေးအစီအစဉ်(ASEAN RESP)က အာဆီယံအနာဂတ်စွမ်းအင် ၂၃ ရာခိုင်နှုန်းကို ဖြည့်ဆည်းသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင် ၂၃ ရာခိုင်နှုန်းကို ပြန်ပြည့်မြဲစွမ်းအင်မှ အမြန်အကောင်အထည်ဖော်နိုင်ရေး အာဆီယံ စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန (ACE)နှင့် ဂျာမနီနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး(GIZ)တို့က အာဆီယံပြန်ပြည့်မြဲစွမ်းအင် ထောက်ပံ့ရေးအစီအစဉ် (ASEAN RESP)ဖြင့် အမြန်ပူးတွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု စက်တင်ဘာ ၂၃ ရက်က နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)(MICC-II)တွင် ကျင်းပသည့် (၃၄) ကြိမ်မြောက်အာဆီယံစွမ်းအင်ဝန်ကြီး များအစည်းအဝေး (AM-EM) ၏ ဆက်စပ်အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

အာဆီယံဒေသတွင်းနိုင်ငံများ ပြန်ပြည့်မြဲစွမ်းအင်လက်တွေ့အသုံးချမှုမြင့်တင်ခြင်းအားဖြင့် စွမ်းအင် ၂၃ ရာခိုင်နှုန်း ချွေတာရန် ၂၀၂၅ ရည်မှန်းချက်အောင်မြင်ရေးအတွက် (၃၃)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြပြီး ခိုင်မာသောမူဝါဒများ ဖြည့်စွက်ကာ အချိန်ကာလတစ်ခုအတွင်း အလျင်အမြန် ကြိုးစားဆောင်ရွက်သွားမည်ဟု ယခုကျင်းပသည့် (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် စွမ်းအင်လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် နိုင်ငံတကာပြန်ပြည့်မြဲ စွမ်းအင်အေဂျင်စီ(IRENA) နှင့် အာဆီယံစွမ်းအင်ဗဟိုဌာန(ACE)တို့က ဒေသတွင်း ပြန်ပြည့်မြဲ စွမ်းအင်အတွက် ကုန်ကျစရိတ်၊ အကျိုးပြုပုံ အလားအလာများကို ပူးတွဲကြိုတင်သုံးသပ်ကြပြီး ကျွမ်းကျင်ပညာရှင်တစ်ဦးက အာဆီယံပြန်ပြည့်မြဲစွမ်းအင်သုံးသပ်ချက် အသေးစိတ်နှင့် ဒေသတွင်းရှိ မတူကွဲပြားသော ပြန်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုနည်းလမ်းများကို ရှင်းလင်းတင်ပြခဲ့သည်။

အာဆီယံနိုင်ငံများသည် ပြန်ပြည့်မြဲစွမ်းအင်ထုတ်လုပ်ရန်အတွက် သဘာဝအရင်းအမြစ်ကောင်းများစွာ ရှိနေကြောင်း IRENA ၏ ညွှန်ကြားရေးမှူးချုပ် Adnan Z. Amin ကပြောသည်။ ပို့ဆောင်ရေး၊ ချက်ပြုတ်ရေးနှင့် အပူပေးခြင်း အပါအဝင် ကဏ္ဍပေါင်းစုံအတွက် စျေးနှုန်းသက်သာစွာရနိုင်သည့် ပြန်ပြည့်မြဲ စွမ်းအင်အလေးထားဆောင်ရွက်မှုသာ စွမ်းအင်ချွေတာရေး ရည်မှန်းချက်ကို ပြည့်မီနိုင်မည်ဖြစ်သည်။ ACE အမှုဆောင်ဒါရိုက်တာ Sanjayan Velautham က အာဆီယံ၏ သဘောထားဖြင့်သာ ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲရေး ရည်မှန်းချက် အောင်မြင်နိုင်မည့် အခြေခံနှင့် အပြောင်းအလဲ၏ အချက်များကို ချဉ်းကပ်မှုသာ အာဆီယံ၏ အဓိကရည်မှန်းချက်များဖြစ်သည့် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(၂၀၁၆-၂၀၂၀)APAEC ၏ စွမ်းအင်ဘေးကင်းလုံခြုံရေး၊ စွမ်းအင်ရရှိနိုင်ရေး၊ စွမ်းအင်လူတန်းစေ့သုံးစွဲနိုင်မှု၊ ရေရှည်တည်တံ့ရေးကို ပံ့ပိုးရာရောက်ကြောင်း ပြောသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စွမ်းအင်လိုအပ်ချက်များကို ပေါင်းစည်းကြည့်ပါက ၂၀၂၅ ခုနှစ်အတွင်း စွမ်းအင်လိုအပ်ချက် ၅၀ရာခိုင်နှုန်းထိ ရှိလာနိုင်မည်ဖြစ်သည်။ လိုအပ်လာမည့် စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းရန် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၂၅ ဘီလီယံ ခန့်မှန်းထားပြီး ၆၀ ရာခိုင်နှုန်းသော စွမ်းအင်ပမာဏကို ပိုမိုထုတ်လုပ်ပါက လူသားများ၏ ကျန်းမာရေးနှင့် လေထုညစ်ညမ်းမှုများ ဖြေရှင်းရန်အတွက် အသုံးစရိတ်များ ကုန်ကျလာနိုင်ကြောင်း လေ့လာချက်များအရ ဖော်ပြထားသည်။ ထို့ကြောင့် အာဆီယံဒေသအတွင်း ၂၃ ရာခိုင်နှုန်းသော စွမ်းအင်ကို ပြန်ပြည့်မြဲစွမ်းအင်မှ ထုတ်လုပ်ဖြည့်ဆည်း ရင်းနှီးမြှုပ်နှံသွားရန် အာဆီယံနိုင်ငံများ၏အသုံးပြုနိုင်သည့် အရင်းအမြစ်များဖြင့် ပြည့်ဖြိုးမြဲစွမ်းအင်များကို ကိုယ်ပိုင်နည်းလမ်းများဖြင့် လက်တွေ့ကျကျထုတ်ယူသုံးစွဲရန်IRENA ၏ ဆန်းသစ်တီထွင်မှုနှင့်နည်းပညာ ညွှန်ကြားရေးမှူး Dolf Gielen က အကြံပြုပြောကြားသည်။

အာဆီယံပြန်ပြည့်မြဲစွမ်းအင်ထောက်ပံ့ရေး အစီအစဉ် (ASEAN RESP)၏ ASEAN RE guidelines လမ်းညွှန်မှုများဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် Biomass စနစ်ဖြင့်လည်းကောင်း၊ မလေးရှားနိုင်ငံတွင် အကြီးစားဆိုလာစနစ်၊ အသေးစားရေအားလျှပ်စစ်စနစ်တို့ဖြင့်လည်းကောင်း၊ ဖိလစ်ပိုင် သမ္မတနိုင်ငံတွင် ဆိုလာစနစ်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

# နွားထိုးကြီးမြို့ထဲ၌ ၂၄ ပေ လမ်းချဲ့ရန် မရှိသေး

**နွားထိုးကြီး စက်တင်ဘာ ၂၅**

နွားထိုးကြီးမြို့တွင်းလမ်းဖြစ်သော လမ်းမတော်လမ်း (မြင်းခြံ-မန္တလေးကားလမ်း)ကို တစ်ဖက် သုံးပေစီ လမ်းချဲ့ရန် နွားထိုးကြီး လမ်းဦးစီးဌာနက ကုမ္ပဏီအစီအစဉ်နှင့်လမ်းချဲ့ရန် အလံစိုက်သတ်မှတ်ခဲ့သော်လည်း ယခု ဘဏ္ဍာရေးနှစ်တွင်း မချဲ့ဖြစ်တော့ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ ဆောက်လုပ်ရေးအင်ဂျင်နီယာ ဒေါ်သိမ့်သိမ့်ထွန်းက ပြောသည်။

နွားထိုးကြီးမြို့ဝင် မြို့ထွက် မြင်းခြံ-မန္တလေးလမ်းမှာ ၁၈ ပေမှ ၂၄ ပေချဲ့မည်ဖြစ်သော်လည်း ယခုနှစ်တွင် ၁၈ ပေလမ်းဖြင့် ခိုင်ခံ့ရန်ပြင်ဆင်ထိန်းသိမ်းမည်ဖြစ်ပြီးလာမည့်နှစ်မှ ၂၄ ပေ လမ်းချဲ့ရန် ရှိကြောင်း ဆက်ပြောသည်။နွားထိုးကြီးတွင် လမ်းချဲ့သော်လည်း မြို့လူထု၏ နေအိမ်အဆောက်အအုံများမှာ ထိခိုက်ပြောင်းရွှေ့ရန်မရှိဟု သိရပြီး လမ်း၏ ပေ ၅၀ တစ်ဖက်တစ်ချက်လမ်းချဲ့နိုင်ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ် လုပ်ငန်းများစတင်လည်ပတ်



**ဂီရန် စက်တင်ဘာ ၂၅**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဂွီဇူး ပြည်နယ် တောင်ကုန်းများထူထပ်သောဒေသရှိ ကမ္ဘာ့အကြီးဆုံး ရေဒီယို တယ်လီစကုပ်သည် စက်တင်ဘာ ၂၅ ရက်က လုပ်ငန်းများ စတင်လည်ပတ် လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ နက္ခတ္တဗေဒပညာရှင်များ၊ နက္ခတ္တဗေဒ စိတ်ဝင်စားသူများနှင့်အတူ တာဝန်ရှိသူများက ကမ္ဘာ့အကြီးဆုံး တယ်လီစကုပ်ကြီးအား စတင်ဖွင့် လှစ်ခဲ့ကြောင်းသိရသည်။

ယင်းတယ်လီစကုပ်ကြီးသည် အာကာသကို စူးစမ်းရှာဖွေရန်နှင့် အာကာသ ပြင်ပရှိ သက်ရှိများကို လေ့လာရန်ရည်ရွယ်၍ ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

တရုတ်အာကာသပညာရှင်များ၏ အဆိုပြုချက်အရ ယင်းရေဒီယိုတယ်လီစကုပ်ကြီးကို ၂၀၁၁ ခုနှစ်တွင်စတင်တည်ဆောက်ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၁၈၀ (၁ ဒသမ ၂ ဘီလီယံ) ယွမ် ကုန်ကျခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဒူတာ်တေး၏မူးယစ်ဆေးဝါးနှိမ်နင်းမှုအပေါ် ဝင်ရောက်မစွက်ဖက်ရန် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဆို

**မနီလာ စက်တင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး ပါဖက်စတိုရာဆေးက ယခုအခါ သမ္မတ ဒူတာ်တေးက ရာဇဝတ်မှုနှိမ်နင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့အသိုင်းအဝိုင်းက ဝင်ရောက်စွက်ဖက်ခြင်းမပြုကြရန် ကုလသမဂ္ဂ၌ စနေနေ့က တိုက်တွန်းပြောကြားလိုက်သည်။ နှစ်စဉ်ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် ဒူတာ်တေးအစိုးရအဖွဲ့သည် အကျင့်ပျက်ခြစားမှုများမှ ဖိလစ်ပိုင်ပြည်သူများလွတ်မြောက်စေရန်နှင့် မူးယစ်ဆေးဝါးများအလွဲသုံးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းတို့ကို နှိမ်နင်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်ဟု ပြောခဲ့သည်။

မူးယစ်နှိမ်နင်းရေးဆောင်ရွက်ချက်များကို အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းက မှားယွင်းသောအကြောင်းပြချက်များဖြင့် စိတ်ဝင်စားလာကြသည်ဟု ၎င်းက ဆက်လက်ပြောသည်။ နိုင်ငံ၏အဓိက ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင်ကြိုးပမ်းရာတွင် ပြည်တွင်းရေးကိစ္စများကို အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအနေဖြင့် ကြားဝင် စွက်ဖက်ခြင်းမပြုရန် တိုက်တွန်းပြောဆိုခဲ့သည်။ ဒူတာ်တေးသည် မေ ၉ ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် တောင်ပြိုကမ်းပြိုအနိုင်ရခဲ့ပြီးနောက် မူးယစ်ဆေး နှိမ်နင်းရေးကို အလေးထားဆောင်ရွက်ခဲ့သည်။

**(ရိုက်တာ)**

# ဝါရှင်တန်ဒီစီ၌ အာဖရိကန်-အမေရိကန်ပြတိုက်ဖွင့်

**ဝါရှင်တန်ဒီစီ စက်တင်ဘာ ၂၅**

ဝါရှင်တန်ဒီစီ၌ အာဖရိကန်- အမေရိကန် သမိုင်းတွင် ပထမဦးဆုံးသော အမျိုးသားပြတိုက်ကို အမေရိကန်နိုင်ငံ၏ပထမဦးဆုံး လူမည်းသမ္မတက ဖွင့်လှစ်ပေးခဲ့သည်။ သမ္မတအိုဘားမားက အမေရိကန်ဒေါ်လာသန်း ၅၄၀ အကုန်အကျခံ တည်ဆောက်ထားသော အဆိုပါပြတိုက်သည် လွတ်လပ်မှုကို ကိုယ်စားပြုကြောင်း ပြောခဲ့သည်။

အဆိုပါအဆောက်အအုံကို ဗြိတိသျှဗိသုကာပညာရှင် ဒေးဗစ်အက်ဒ်ဂျေးက ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဆောက်လုပ်ရေးကို ခွင့်ပြုပေးရန် ၂၀၀၃ ခုနှစ်က လက်မှတ်ရေးထိုးပေးခဲ့သော သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်ကိုလည်း ဖွင့်ပွဲအခမ်းအနား တက်ရောက်ရန် အိုဘားမားကဖိတ်ကြားခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် သမ္မတအိုဘားမားသာမက ဘုရှ်တို့ဇနီးမောင်နှံကလည်း မိန့်ခွန်းပြောခဲ့ကြသည်။

အဆိုပါပြတိုက်တွင် ပစ္စည်းအမျိုးအစားပေါင်း ၃၆၀၀၀ ပါဝင်ကြောင်း သိရသည်။ **(ဘီဘီစီ)**



# မွန်ဂိုလီးယားတွင် ဘတ်စ်ကားနှင့် ကုန်တင်ကားတိုက်မိကာလူ ၁၂ ဦးသေဆုံး

**ဟိုဟော့ စက်တင်ဘာ ၂၅**

တရုတ်နိုင်ငံမြောက်ပိုင်း မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စက်တင်ဘာ ၂၄ ရက် ညနေက ဘတ်စ်ကားနှင့် ကုန်တင်ကားတို့တိုက်မိပြီး ခရီးသည်များ အပြင်းအထန်ဒဏ်ရာများရရှိကာ ဆေးရုံ၌သေဆုံးသူ လေးဦးအပါအဝင် သေဆုံးသူအရေအတွက်မှာ ၁၂ ဦးထိရှိပြီး ၃၂ ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အခြားအပြင်းအထန်ဒဏ်ရာရရှိသူများအနက် လေးဦးမှာခွဲစိတ်ကုသမှု ခံယူလျက်ရှိပြီး ပြန်လည်ကောင်းမွန်မည့် အနေအထားရှိကြောင်းသိရသည်။

ကုန်တင်ကားမောင်းသူမှာ လမ်းပေါ်ရှိမြင်းကို ရှောင်လိုက်ချိန်တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရသည့်အကြောင်းရင်းများကို စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မက္ကဆီကို၌ လိင်တူလက်ထပ်နိုင်ရေးအဆိုကို လူထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြ




**မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၅**

မက္ကဆီကို၌အစိုးရ၏ လိင်တူလက်ထပ် နိုင်ငံရေးအဆိုကို လူထောင်ပေါင်းများစွာတို့က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့၏အကြောင်းပြချက်မှာ ရိုးရာအစဉ်အလာကို ထိန်းသိမ်းသော မိသားစုများကို ထိခိုက်စေသည်ဟုပင် ဖြစ်ကြသည်။

ဆန္ဒပြပွဲများ ဦးဆောင်ပြုလုပ်ကြသူများက ၎င်းတို့သည် ဂေးများနှင့် လိင်တူစုံမက်သူများကို ဆန့်ကျင်သူများ မဟုတ်ကြကြောင်း သို့သော် လက်ထပ်ကြရာ၌ စည်းမျဉ်းစည်းကမ်းများနှင့် မိသားစုစံသတ်မှတ်ချက်များကို ကာကွယ်ခြင်းသာဖြစ်ကြောင်း ပြောခဲ့သည်။

ဆန္ဒပြသူများသည် မက္ကဆီကိုသမ္မတနှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်နိုင်ရေး တောင်းဆိုခဲ့ကြသည်။ ဂေးများနှင့် လိင်တူစုံမက်ကြသူများကလည်း တန်ပြန်၍ ဆန္ဒပြပွဲများပြုလုပ်ခဲ့ကြသည်။ လိင်တူချင်းလက်ထပ်မှုကို မက္ကဆီကိုရှိ ပြည်နယ်အချို့၌ ခွင့်ပြုပေးထားသည်။ သို့သော် မက္ကဆီကိုသမ္မတက ယင်းဥပဒေကို တစ်နိုင်ငံလုံး၌ အသက်ဝင်စေရန် ခွင့်ပြုလိုသည်။

လက်တင်အမေရိကနိုင်ငံများ ဖြစ်သည့် အာဂျင်တီးနား၊ ဘရာဇီး၊ ဥရုဂွေးနှင့် ကိုလံဘီယာနိုင်ငံတို့၌ လိင်တူလက်ထပ်ခြင်းကို ခွင့်ပြုထားသည်။ **(ဘီဘီစီ)**

# ဘာလင်တန်ရှိစျေးဝယ်စင်တာ သေနတ်ပစ်ခတ်သူကို ဖမ်းဆီးရမိ


**ဝါရှင်တန် စက်တင်ဘာ ၂၅**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်အနောက်မြောက်ပိုင်း ဘာလင်တန်ရှိ ဘတ်ကာ့ဒ် စျေးဝယ်စင်တာ၌ စက်တင်ဘာ ၂၃ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ ယင်းသို့ ပစ်ခတ်မှုပြုလုပ်ခဲ့သည့် သေနတ်သမားကို သက်ဆိုင်ရာအာဏာပိုင်များက အပူတပြင်းရှာဖွေလျက်ရှိရာ ၎င်းကို အခင်းဖြစ်ပွားသည့်အချိန်မှစ၍ ၂၄ နာရီအတွင်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆီတယ်မြောက်ပိုင်းဘာလင်တန်ရှိ စျေးဝယ်စင်တာ သေနတ်ပစ်ခတ်မှုတွင် လူငါးဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။တိုက်ခိုက်ရေးသမားဟု သံသယရှိသူကို ရဲများက စက်တင်ဘာ ၂၄ ရက် ည ၇ နာရီခွဲတွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

သို့သော် ဖမ်းဆီးရမိသည့် သေနတ်သမားနှင့်ပတ်သက်သည့် သတင်းအချက်အလက်အသေးစိတ်ကို ဖော်ပြခြင်းမရှိသေးကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**



# လူမှုကွန်ရက်တွင် နိုင်ငံတော်သမ္မတအား ဂုဏ်သိက္ခာညှိုးနွမ်းအောင် ရေးသားခဲ့သူအား တရားရုံးက အမိန့်ချမှတ်

**မြဝတီ စက်တင်ဘာ ၂၅**

လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘုတ်တွင် နိုင်ငံတော်သမ္မတအား ဂုဏ်သိက္ခာညှိုးနွမ်းအောင်ရေးသားခဲ့သည်ဟုဆိုကာ တရားစွဲခံရသူ ဦးအောင်ဝင်းလှိုင် (ခ) အညာသား အား စက်တင်ဘာ ၂၃ ရက်က မြဝတီမြို့နယ်တရားရုံးမှ အလုပ်နှင့် ထောင်ဒဏ် ကိုးလ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြို့နယ်တရားရုံးမှ သိရသည်။

ယင်းသို့ ရေးသားခဲ့ခြင်းကို မြဝတီမြို့ခွဲ NLD ပါတီဝင် ဒေါ်ယဉ်ယဉ်ထား(ခ) ဒေါ်မိုးသူက ဇွန် ၁၃ ရက်က မြဝတီမြို့မရဲစခန်း၌ တိုင်ချက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်တရားရုံးက ဩဂုတ် ၁၈ ရက်တွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စက်တင်ဘာ ၁၄ ရက် တတိယရုံးချိန်းတွင် တရားစွဲဆိုခံထားရသူ ဦးအောင်ဝင်းလှိုင် (ခ) အညာသားသည် ကျောက်ကပ်ရောဂါကြောင့် မြဝတီပြည်သူ့ဆေးရုံသို့ စက်တင်ဘာ ၁၂ ရက်က တက်ရောက်ကုသမှုခံယူနေရသည့်အတွက် ဆေးရုံပြင်ပသို့ သွားလာနိုင်သည့် အခြေအနေမရှိဆိုသည့် ခရိုင်ဆရာဝန်ကြီး၏ မှတ်ချက်ကြောင့် ရုံးချိန်းအတွင်း တရားရုံးသို့ မသွားရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဦးအောင်ဝင်းလှိုင်(ခ) အညာသား၏ စက်တင်ဘာ ၁၄ ရက် တတိယရုံးချိန်း၌ အာမခံလျှောက်ထားချက်ကို မြို့နယ်တရားရုံးက တတိယအကြိမ် ပယ်ချခဲ့ကာ စက်တင်ဘာ ၂၁ ရက်တွင် စတုတ္ထရုံးချိန်း စစ်ဆေးပြီးနောက် စက်တင်ဘာ ၂၃ ရက်တွင် မြဝတီမြို့နယ်တရားရုံးက အပြီးသတ်အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

မြဝတီမြို့နယ်တရားရုံး မြို့နယ်တရားသူကြီး ဦးဝင်းသိန်းက ၂၀၁၆ ခုနှစ် ရာဇသတ်ကြီးအမှုအမှတ်၇၄၉ ၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) အရ ဦးအောင်ဝင်းလှိုင် (ခ) အညာသားကို အလုပ်နှင့် ထောင်ဒဏ် ကိုးလ ကျခံစေရန်အမိန့်ချမှတ်ခဲ့သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**



## မြတ်စောညီနောင် စေတီတော်နှင့် ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်း

**ရန်ကုန် စက်တင်ဘာ ၂၅**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က ရေကြောင်း ရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကိုကိုနိုင် ဦးဆောင်သော တပ်ဖွဲ့ဝင် အရာရှိ/အခြားအဆင့် ၆၅ ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင်စေတီတော်နှင့် ဘုရားပရိဝုဏ်အတွင်း ချုံနွယ်များရှင်းလင်းကာ စုပေါင်းသန့်ရှင်းခြင်းတို့ ဆောင်ရွက်ကြသည်။ **(ဓာတ်ပုံ)**
**(မြန်မာ့အလင်း)**

# မော်လူး၌ ယာဉ်သွားလာမှု မလွတ်ကင်းသော လမ်းဘေးဝဲ/ယာစျေးဆိုင်များ ရှင်းလင်းဖယ်ရှား

**မော်လူး စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး၌ စက်တင်ဘာ ၂၅ ရက် နံနက် ၈ နာရီက ရွှေဘို-မြစ်ကြီးနား ဗျူဟာလမ်းမကြီး နံဘေးရှိ ယာဉ်သွားလာမှုမလွတ်ကင်းသော လမ်းဘေးဝဲ/ယာစျေးဆိုင်(ယာယီစျေးဆိုင်)ကို ရှင်းလင်းဖယ်ရှားလျက်ရှိကြောင်း သိရသည်။

လူဦးရေထူထပ်များပြားလာသည်နှင့်အမျှ နေ့စဉ် မော်တော်ယာဉ်ဖြင့် ဖြတ်သန်းသွားလာနေကြသော ယာဉ်ကြီး၊ ယာဉ်ငယ်များ များပြားလာသကဲ့သို့ မော်လူးမြို့ပေါ်ကို ဖြတ်သန်းဖောက်လုပ်ထားသော ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းမကြီးမှာလည်း အကျယ် ၁၂ ပေသာ ရှိသည့်အတွက် နေ့စဉ် ယာဉ်အန္တရာယ် စိုးရိမ်ပူပန်နေရကြောင်း သိရသည်။



"မနေ့ကလည်း မော်လူးမြို့ပေါ်က ဗျူဟာ ကားလမ်းမကြီးပေါ်က လေးနှစ်အရွယ် ကလေးငယ်တစ်ဦး ကားတိုက်မှုဖြစ်ပြီး သေဆုံးခဲ့ရတယ်။ လမ်းဘေးစျေးဆိုင်မှာ စျေးဝယ်ရင်းနဲ့ အဲဒီကလေးက မတော်တဆဖြစ်သွားရတာပါ။ ဒါကြောင့် လမ်းအသွားအလာ ယာဉ်ကြောမလွတ်ကင်းတဲ့ လမ်းဆုံလမ်းခွ လမ်းဘေးယာယီစျေးဆိုင်တွေကို ဖျက်သိမ်းပြီး အဆောက်အအုံဆောက်ဖို့ ကားလမ်းဘေး စုပုံထားတဲ့ အုတ်ခဲပုံတွေကိုလည်း ရှင်းလင်းနေပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မော်လူးအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ရာအိမ်စုမှူးများ ဦးစီးဆောင်ရွက်မှုဖြင့် မြို့ပေါ် ဗျူဟာလမ်းမကြီးပေါ်ရှိ ယာဉ်သွားလာမှု မလွတ်ကင်းသော လမ်းဘေးစျေးဆိုင်နှင့် အချိန်ကြာမြင့်စွာ စုပုံထားသော အုတ်ခဲပုံတို့ကို ရှင်းလင်းဖယ်ရှားခဲ့ကြကြောင်း သိရသည်။

**နီတိုး**

# တာချီလိတ်၌ လမ်းဘေးမီးတိုင် ဝိုင်ယာရှော့ခ်ဖြစ်၍ မီတာနှစ်လုံး မီးလောင်

**တာချီလိတ် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ဝမ်ဟောင်းရွာ အိမ်အမှတ်(၁၁၁)အနီး၌ စက်တင်ဘာ ၂၅ ရက် နံနက် ၆ နာရီခွဲခန့်က မိုးအနည်းငယ်ရွာနေစဉ် လမ်းဘေးမီးတိုင်ရှိ မီတာ ဝိုင်ယာကြိုးပူးရာမှ ရှော့ခ်ဖြစ်ကာ မီးတိုင်ရှိ မီတာနှစ်လုံး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ မီတာရှိ ဝိုင်ယာရှော့ခ်ဖြစ်မှုကို ရပ်ကွက်ရှိ ပြည်သူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုကြောင့် မီတာနှစ်လုံး မီးလောင်ခဲ့ပြီး အခြားသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
World Tourism Day
"မျှဝေခံစား အလေးထား ၊ အားလုံးအတွက် ခရီးသွား"
"Tourism For All: Promoting Universal Accessibility"
၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်
27th September, 2016

# ဘော်ဆိုင်းဒေသရှိ လူမှုရေးအသင်းအဖွဲ့သို့ မော်တော်ယာဉ်တစ်စီးနှင့် သောက်ရေသန့်စက်များ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း လှူဒါန်း

တောင်ကြီး စက်တင်ဘာ ၂၅

**ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း (BFM) က ရှမ်းပြည်နယ်တောင်ပိုင်း ဘော်ဆိုင်းဒေသတွင် လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၂၄၀ တန်ဖိုးရှိ စူပါကာစတန် အမျိုးအစား မော်တော်ယာဉ်တစ်စီး လှူဒါန်းပွဲကို စက်တင်ဘာ ၂၂ ရက်က မြတ်ဆရာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းတင်ဖေ၊ အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။**

ရှေးဦးစွာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက မော်တော်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လူမှုရေးအသင်း ဥက္ကဋ္ဌ ဦးစိုင်းတင်ဖေထံ ပေးအပ်လှူဒါန်းပြီး ဦးစိုင်းတင်ဖေက မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)** ထို့အပြင် ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သောက်သုံးရေသန့်စက်များကို ရွှေဂူကျောင်း၊ ဘော်ဆိုင်းဆေးရုံ၊ ဘော်ဆိုင်းအထကတို့၌ တပ်ဆင်လှူဒါန်းခဲ့သည်။

ဖောင်ဒေးရှင်းသည် ခေတ်အဆက်ဆက် ရေချိုလုံးဝမထွက်ရှိဖူးသည့် ဓနုလူမျိုးများနေထိုင်ရာ အဆိုပါ ဘော်ဆိုင်းဒေသ၌ ၂၀၁၄ ခုနှစ်မှ ယနေ့အချိန်အထိ ခေတ်မီရေတွင်းတူးစက်ကြီးများဖြင့် ရေတွင်းပေါင်း ၂၀ နှင့် ရေကန်ပေါင်း ၃၂ ကန်၊ ရေတိုင်ပေါင်း ၉၉ တိုင်ဖြင့် သန့်ရှင်းသော သောက်သုံးရေချိုများရရှိအောင် တူးဖော်လှူဒါန်းနိုင်သကဲ့သို့ နိုင်ငံတစ်ဝန်းတွင် ရေတွင်းပေါင်း ၁၇၂ တွင်း၊ ရေကန်ပေါင်း ၁၀၂ ကန်နှင့် ရေတိုင်ပေါင်း၂၈၄ တိုင်တို့ကို တူးဖော်လှူဒါန်းပေးခဲ့သည့်အပြင် အိမ်တိုင်ရာရောက် ရေတိုင်များ သွယ်တန်းပေးခြင်း၊ ရေတင်စက်များအတွက် အင်ဂျင်၊ ဒိုင်နမိုများ တပ်ဆင်ပေးခြင်း၊ အင်ဂျင်၊ ဒိုင်နမိုများ အပိုဆောင်းထားပေးခြင်းတို့အပြင် တစ်နှစ်စာ စက်သုံးဆီ လှူဒါန်းခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့သောကြောင့် ရေရှားပါးသော ကလော၊ ပင်းတယ၊ အောင်ပန်း၊ ဟဲဟိုး၊ တောင်ကြီး၊ ဟိုပုံး၊ နမ့်ဆန်မြို့နယ်များအပါအဝင် ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ရှမ်း၊ ဗမာ၊ ကယား၊ လီဆူ စသော ဒေသခံတိုင်းရင်းသားများအတွက် သန့်ရှင်းသော သောက်သုံးရေများ အခက်အခဲမရှိတော့ဘဲ အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**



# ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မော်တော်ယာဉ်မီးလောင်မှုဖြစ်

**လွိုင်ကော် စက်တင်ဘာ ၂၅**

လွိုင်ကော်မြို့ ဧကေ-၅၀၀ ရပ်ကွက်၌ စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီခန့်က ယာဉ်မောင်း ဦးထွန်းနိုင်သည် Hijet မော်တော်ယာဉ် 2M/ ---- ဖြင့် လောပိတမှ လွိုင်ကော်သို့ မောင်းနှင်လာစဉ် ဘက်ထရီခေါင်းချောင်၍ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်သော သန္ဒေတပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်၊ မီးငြိမ်း သတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ ရေဂါလန် ၁၂၀၀ ခန့်ဖြင့် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ထိုင်ခုံ တစ်လုံး၊ ဘက်ထရီ တစ်လုံး၊ တာယာသုံးလုံး ဆုံးရှုံးခဲ့ပြီး ယာဉ်မောင်း ဦးထွန်းနိုင်ကို လွိုင်ကော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ဘိန်းစိမ်း၊ လက်နက်များနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၂၅**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၄ ရက်က ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်း၌ မန္တလာမင်းခရီးသည်တင် မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် မင်းမင်းစိုးကို လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀ ကို ဖမ်းဆီးရမိသည်။

အလားတူ ယင်းနေ့က နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းခတ်မြို့နယ် နမ့်လွေချောင်းကူးတံတားထိပ်၌ ကျအူမောင်နှင့်ပြီး ကျလား၊ လောလူ၊ ပေါလု၊ မယာမီးလုံးနှင့် မယာမီးကူတို့ လိုက်ပါလာသော 2L/----- ဗီဂို မော်တော်ယာဉ်ကိုရှာဖွေရာ ကျလားထံမှ လက်ပစ်ဗုံး နှစ်လုံး၊ ကျအူထံမှ စကားပြောစက်တစ်လုံးနှင့် လက်ကိုင်ဖုန်း ငါးလုံးတို့ကို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ကျအူနေထိုင်သော မိုင်းခတ်မြို့နယ် တုံဖကော်ကျေးရွာအုပ်စု နမ့်မော်ခမ်းကျေးရွာနှင့် နားလီကျေးရွာရှိ နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀၊ ဘိန်းစိမ်းသုံးကီလို၊ ပွိုင့် ၂၂ သေနတ်တစ်လက်၊ ၁၂ ဗို့ ပြောင်းချောသေနတ်တစ်လက်၊ ၉ မမ ပစ္စတိုသေနတ်၊ တူမီးသေနတ်သုံးလက်၊ ကျည်မျိုးစုံ ၃၁၉၉ တောင့်၊ လက်ပစ်ဗုံးနှစ်လုံး၊ ခဲသီး ၇၉ လုံး၊ TNT ယမ်းတောင့် ငါးတောင့်နှင့် တရုတ်ယွမ်ငွေ ၁၇၀၀၊ ရွှေထည်ပစ္စည်းမျိုးစုံတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ဒလမြို့နယ်တွင် ညအချိန် အိမ်ပေါ်တက်၍ ဓားဖြင့်ထိုး

**ဒလ စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် စက်တင်ဘာ ၂၄ ရက် ညပိုင်းက အိမ်ပေါ်တက်၍ ဓားဖြင့်ထိုးသဖြင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် ဧည့်ဝတီလမ်း အိမ်အမှတ် - ၇၇၅ နေ မသန္တာ(၃၅နှစ်)သည် စက်တင်ဘာ ၂၄ ရက်ည ၁၁ နာရီခွဲခန့်က သမီးဖြစ်သူ မချစ်ဖူးငုံ(၁ နှစ် ၆လ)၊ ညီမဖြစ်သူ မကြည်ပြာ(၃၁ နှစ်) တို့နှင့် စကားပြောနေစဉ် အဆိုပါရပ်ကွက် ဧရာဝတီပတ်လမ်း အမှတ် - ၁၁၁၃ နေ ချစ်စမ်းမောင် (ခ) သီရိ (၂၂ နှစ်) က အိမ်ပေါ်တက်၍ ဓားဖြင့်ထိုးရာ မသန္တာနှင့် မကြည်ပြာတို့တွင် ဒဏ်ရာတစ်ချက်ရရှိပြီး ဒလပြည်သူ့ဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသစဉ် မသန္တာမှာ ရရှိသောဒဏ်ရာဖြင့် အဆိုပါ ည ၁၂ နာရီက သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ချစ်စမ်းမောင်အား ဒလမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၁၅၅)



# လိုင်စင်မဲ့ ယာဉ်နှစ်စီး သိမ်းဆည်းရမိ

**ဖြူး စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ စက်တင်ဘာ ၂၄ ရက် နံနက် ၁ နာရီခွဲခန့်က လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး သိမ်းဆည်းရမိသည်။

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့မှန်တိုင်(၁)ရပ်ကွက်နေ ဦးလှစိုး၏ နေအိမ်၌ လောင်းကစားမျိုးစုံ ပြုလုပ်နေသည့် အပြင်လိုင်စင်မဲ့ယာဉ်အားလက်ဝယ်ထားရှိကြောင်း သတင်းပေးချက်အရ ရဲအုပ်အောင်မျိုးသန့် ဦးစီးတပ်ဖွဲ့ဝင်များက ဦးလှစိုး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ 7G/--- (နံပါတ်အနက်) ဟွန်ဒါ ယာဉ်တစ်စီးကို နေအိမ်ခြံဝင်းအတွင်း၌ တွေ့ရှိသဖြင့် ယာဉ်သက်သေခံလက်မှတ်ပိုင်ဆိုင်ကြောင်း အထောက်အထားများကို မေးမြန်းရာ တင်ပြနိုင်ခြင်းမရှိ၍ လိုင်စင်မဲ့ယာဉ်ကို သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ စက်တောင် (၁) ရပ်ကွက်နေ ဦးသန့်ဇင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ဦးသန့်ဇင်မှာ ခရီးလွန်နေကြောင်းသိရှိရပြီး ၎င်း၏ နေအိမ်ခြံဝင်းအတွင်း၌ YGN, BB/-----(နံပါတ်အနီ) တိုယိုတာယာဉ်တစ်စီးကို တွေ့ရှိသဖြင့် စစ်ဆေးရာ ယာဉ်ပိုင်ဆိုင်မှု အထောက်အထား ပြသနိုင်ခြင်းမရှိသည့်အပြင် ယာဉ်သက်သေခံလက်မှတ်တွင် ပါသည့် ဘောင်အမှတ်နှင့် ယာဉ်တွင်ပါသည့် ဘောင်အမှတ်တို့ ကွဲလွဲနေသည်ကို စစ်ဆေးတွေ့ရှိရပြီး ဦးသန့်ဇင်နှင့်အတူနေ ညီဖြစ်သူ ကိုစည်သူ (၂၉နှစ်)က လိုင်စင်မဲ့ယာဉ်ကို ပေးအပ်သဖြင့် ဖြူးမြို့မရဲစခန်းက သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(ဖြူး-မြင့်ဦး)**

# လမ်းလျှောက်လာသူ ကလေးငယ်အား ၁၂ ဘီးယာဉ်ပွတ်တိုက်မိ၍ သေဆုံး

**ကသာ စက်တင်ဘာ ၂၅**

ကသာခရိုင် အင်းတော်မြို့နယ် မော်လူးနယ်မြေရဲစခန်းအပိုင်တွင် စက်တင်ဘာ ၂၄ ရက် နံနက် ၆ နာရီ ၄၅ မိနစ်ခန့်၌ လမ်းလျှောက်လာသူ အသက်(၄နှစ်)အရွယ် ကလေးငယ်တစ်ဦးအား ၁၂ ဘီးယာဉ်ကပွတ်တိုက်မိ၍ သေဆုံးသွားခဲ့ကြောင်း သိရသည်။

မော်လူးကျေးရွာ ဗျူဟာကားလမ်း မိုင်တိုင်အမှတ် (၁၆၁/၅-၆)အကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ရဲဒုတပ်ကြပ် နိုင်ဝင်းစိန်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ လမ်းလျှောက်လာသူ မောင်ရှင်းသန့်ဖြိုး (၄ နှစ်) အင်းတော်မြို့နယ်နေသူကို ယာဉ်အမှတ် 8J /---- ၁၂ ဘီးယာဉ်က ပွတ်တိုက်မိ၍ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း မောင်စိုး (၃၆နှစ်) ကသာမြို့နယ်နေသူကို မော်လူးနယ်မြေရဲစခန်းက ဥပဒေအရ အရေးယူနိုင်ရန် အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# မြစ်သားမြို့နယ်၌ တရားမဝင်သစ်ခွဲစက်နှင့် သစ်များဖမ်းဆီးမိ

**မြစ်သား စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရာခိုင်ကြီးသစ်တောဘိနယ်အတွင်း စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက တရားမဝင် သစ်ခွဲစက်နှင့်သစ်များ ဖမ်းဆီးမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်သားမြို့နယ်သစ်တောဦးစီးဌာနသို့ ပြည်သူတစ်ဦးက မုန်တောင်တောင်ခြေရင်း ဒိုင်ကျေးရွာအုပ်စု ကွင်းအမှတ်(၆၅၄) ရာခိုင်ကြီး သစ်တောဘိနယ် ရေဝပ်ရေလဲကြိုးပြင် ကာကွယ်တောအတွင်း၌ တရားမဝင်သစ်ခွဲစက်ဖြင့် သစ်များခွဲနေကြောင်း သတင်းပေးချက်အရ မြို့နယ်သစ်တောဦးစီးမှူး ဦးဟိန်းကျော်နိုင်၊ ရာခိုင်ကြီးဘိနယ် တာဝန်ခံနှင့် သက်သေများပါဝင်သော အဖွဲ့က အဆိုပါနေရာသို့ သွားရောက်ဖမ်းဆီးရှာဖွေရာ သစ်ခွဲစက်ပိုင်ရှင်ကို မတွေ့ရှိရဘဲ တရားမဝင်သစ်ခွဲစက်နှင့်အတူ ဒဟတ် /သန်း/လက်ပံ အမျိုးအစားများဖြစ်သည့် သစ်နှစ်တန်ကျော်ခန့်နှင့် တန်ဖိုးငွေကျပ် ငါးသိန်းကျော်ခန့်ကို တွေ့ရှိဖမ်းဆီးမိခဲ့သည်။ သစ်စက်ပိုင်ရှင်ကိုလည်း စုံစမ်းနေကြောင်း၊ ယခုဖမ်းဆီးရမိသည့် တရားမဝင် သစ်များကို သစ်တောဥပဒေနှင့်အညီသိမ်းဆည်းထားကြောင်း မြို့နယ်သစ်တောဦးစီးမှူးက ပြောသည်။



**ကျော်ကျော်(မလှိုင်)**

# တရားမဝင် ကျွန်းသစ်နှင့် ဆင်နှစ်ကောင် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

**ကသာ စက်တင်ဘာ ၂၅**

စက်တင်ဘာ ၂၂ ရက် ညနေ ၅ နာရီက ကသာခရိုင် ပင်လည်ဘူးမြို့နယ် သစ်တော ဦးစီးဌာနမှ တောအုပ်ကြီး ဦးမြင့်ဆွေ ဦးဆောင်သည့် သစ်တောဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျွန်းလှမြို့နယ် ချောင်းစောက်ရွာ၏ အနောက်ဘက်သို့ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးစဉ် တရားမဝင် ကျွန်းသစ် ၅၇ လုံး (၂၈ ဒသမ ၁၄၆) တန် ဆင်ထီးတစ်ကောင်၊ ဆင်မတစ်ကောင်တို့ကို ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ယင်းကျွန်းသစ်များကို ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာန တောအုပ် ဦးမိုးမြင့်ထံ လွှဲအပ်ခဲ့ပြီး ဆင်နှစ်ကောင်ကို ကောလင်း သစ်ထုတ်လုပ်ရေးသို့ လွှဲအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**


**ဖခင်အမည်မှန်**
လားရှိုးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ဌမ်းလာ၏ ဖခင်အမည်မှန်မှာ ဦးလဘန်ဂမ်(ခ) ဦးအိုက်ဖန် ၁၃/မကတ(နိုင်)၀၀၂၈၀၀ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**
ဦးဇေယျာ၏သား ရန်ကုန်မြို့၊ PISM International School, Year 6 မှ မောင်မိုးသက်(ခ)ဂျော်နေသန်အား မောင်မင်းဇေယျာ (ခ) ဂျွန်နသန်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်မင်းဇေယျာ(ခ)ဂျွန်နသန်**

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ထ(ခွဲ)လ(၁) GRADE-8B မှ မောင်အောင်ညီညီ၏ ဖခင်အမည်မှန်မှာ ဦးဇင်မျိုးမင်း ၁၂/သဃက(နိုင်) ၁၆၁၅၀၃ ဖြစ်ပါကြောင်း။ **ဦးဇင်မျိုးမင်း**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ကျော်ဇေယျာလင်း ၁၂/မရက(နိုင်)၁၄၁၀၇၈၏ ပတ်စ်ပို့အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၀၅၉၆၅၉**

**ဖခင်အမည်မှန်**
သာစည်မြို့နယ်၊ဘုရားငါးဆူ-အထက(ခွဲ)၊ သတ္တမတန်းမှ မရွှေရည်ဝင်းထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွေး ၉/သစန(နိုင်)၀၄၇၆၀၈ ဖြစ်ပါကြောင်း။ **ဦးအောင်ထွေး**

**မိဘအမည်မှန်**
ပုသိမ်မြို့နယ်၊ ကြက်ပေါင်ကျေးရွာအထက(ကြက်ပေါင်) တက္ကသိုလ်ဝင်တန်း(A)မှ မသင်းလဲ့ဆုဝေ၏ မိဘအမည်မှန်မှာ ဦးသန်းထွေး ၁၄/ပသန(နိုင်)၁၈၅၉၁၂ နှင့် ဒေါ်ခင်မိုးလွင် ၁၄/ပသန(နိုင်) ၁၈၅၉၁၃ ဖြစ်ပါကြောင်း။

**မိဘအမည်မှန်**
ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်သူရဦးနှင့် အင်းပေါင် မူလတန်းလွန်ကျောင်း ဒုတိယတန်းမှ မအိဇင်ကျော်တို့၏ မိဘအမည်မှန်မှာ ဦးကျော်ရွှေဦး ၉/ရမသ(နိုင်) ၀၄၁၃၈၀နှင့် ဒေါ်အေးအေးခိုင် ၉/ရမသ(နိုင်)၀၉၇၃၉၆ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၉ယ/၂၀၄၆၈ Yin Xiang 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထက်စိုး ၅/မမန(နိုင်)၀၀၇၁၉၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

**အမည်ပြောင်း**
ဦးခင်မောင်ထွေး-ဒေါ်တင်တင်အေးတို့၏ သမီး ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အောင်တေဇလမ်း၊ အမှတ် ၃၉နေ မနွယ်နီ ၁၂/လကန(နိုင်) ၂၁၈၁၁၀အား မနေနေနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ပြောင်း**
ဦးအာကာငြိမ်း၏ သား ILBC. KG. (G)မှ မောင်ဘုန်းပြည့်ငြိမ်းအား ယနေ့မှစ၍ မောင်ဘုန်းပြည့်သူဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ဘုန်းပြည့်သူ**

**ဖခင်အမည်မှန်**
ရေစကြိုမြို့နယ်၊ မအူအောက်ဆိပ်၊ အထက တက္ကသိုလ်ဝင်တန်းမှ မနှင်းယုဝေ၏ ဖခင်အမည်မှန်မှာ ဦးတင်ငွေ ၈/မမန(နိုင်)၀၁၁၈၄၄ ဖြစ်ပါကြောင်း။ **ဦးတင်ငွေ**

**ဖခင်အမည်မှန်**
သာစည်မြို့နယ်၊ ဘုရားငါးဆူ-အထက(ခွဲ)၊ ပဥ္စမတန်းမှ မစန္ဒာခိုင်နှင့် စတုတ္ထတန်းမှ မပွင့်ဖြူလှိုင်တို့၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းမင်း ၉/သစန(နိုင်) ၁၀၅၂၀၉ ဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းမင်း**

**မိဘအမည်မှန်**
ပုသိမ်မြို့နယ်၊ ကြက်ပေါင်ကျေးရွာ၊ အထက (ကြက်ပေါင်) တက္ကသိုလ်ဝင်တန်း(A)မှ မရည်မွန်စိုး၏ မိဘအမည်မှန်မှာ (ဦးစိုးမြင့်)နှင့် ဒေါ်နန်းပု ၁၄/ပသန(နိုင်)၂၇၀၅၉၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ရမည်းသင်းမြို့နယ်၊ မြို့လှ(အထက) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇော်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၉/ရမသ(နိုင်)၁၇၅၈၆၈ ဖြစ်ပါကြောင်း။ **ဦးမောင်နိုင်**

**ပျောက်ဆုံးကြောင်း**
ပုလဲမြို့နယ်၊ ကျေးသများကျေးရွာနေ ကိုကျော်ဆန်း(ဘ)ဦးထွန်းနိုင် ၅/ပလန(နိုင်)၀၆၀၇၅၂၏ နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါကြောင်း။
**ဖုန်း-၀၉-၂၅၇၃၅၀၇၃၈**

**အမည်ပြောင်း**
ဦးအောင်ဆန်းတင့်၏ သမီး ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈) ရပ်ကွက်၊ အမှတ် ၃၇၃နေ မယဉ်မင်းသူအား မယမင်းသူဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**
ရေစကြိုမြို့နယ်၊ မအူအောက်ဆိပ်၊ အထက တက္ကသိုလ်ဝင်တန်းမှ မအေးအေးအောင်၊ မြိုင်မြို့နယ်၊ ဒါန်းပင်ကန်ရွာ၊ အလက(ခွဲ) ဆဌမတန်းမှ မဖြူဖြူကျော်သိန်း၊ ဒုတိယတန်းမှ မငြိမ်းချမ်းအေးတို့၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဆင် ၈/မမန(နိုင်)၀၁၁၅၇၅ ဖြစ်ပါကြောင်း။ **ဦးညွန့်ဆင်**

**ဖခင်အမည်မှန်**
သာစည်မြို့နယ်၊ ဘုရားငါးဆူ-အထက(ခွဲ)၊ အဌမတန်း(B)မှ မသဇင်ထွေး၏ ဖခင်အမည်မှန်မှာ ဦးဘိုကေသန်း ၉/သစန(နိုင်)၀၄၉၁၉၄ ဖြစ်ပါကြောင်း။
**ဦးဘိုကေသန်း**

**မိခင်အမည်မှန်**
သာစည်မြို့နယ်၊ ကျွဲဒတ်ဆုံ(မူလွန်) ဆဌမတန်းမှ မောင်ချစ်မင်းကိုနှင့် စတုတ္ထတန်းမှမပန်းအိစိုးတို့၏မိခင်အမည်မှန်မှာ ဒေါ်ဥမ္မာကြည် ၉/သစန(နိုင်)၁၀၄၈၉၉ ဖြစ်ပါကြောင်း။ **ဒေါ်ဥမ္မာကြည်**

**မိဘအမည်မှန်**
ပုသိမ်မြို့နယ်၊ ကြက်ပေါင်ကျေးရွာ၊ အထက (ကြက်ပေါင်) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ထက်ပိုင်ဦး၏ မိဘအမည်မှန်မှာ ဦးနိုင်ထူး ၁၄/ပသန(နိုင်) ၁၈၅၇၁၀နှင့် ဒေါ်ခင်အေးကြူ ၁၄/ပသန(နိုင်)၂၆၉၉၃၆ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၂ယ/၈၈၇၇၇ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးစွမ်းထက်အောင် ၅/ရဘန(နိုင်)၁၇၅၇၁၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(ရွှေဘို)**

**မိဘအမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ (အထက) အဌမတန်း(D)မှ မောင်ရဲထက်နိုင်၏ မိဘအမည်မှန်မှာ ဦးဝင်းနိုင် ၅/ခဥတ(နိုင်)၀၂၆၃၅၃နှင့်ဒေါ်တိုး ၅/ခဥတ(နိုင်)၀၈၇၁၈၇ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးသန်းထွန်း ၁၁/မအန(နိုင်)၀၀၁၈၇၄၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၆၇၁၁၉၇၇**

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဒါန်းပင်ကန်ရွာနေ မချမ်းအိဝင်း ၈/ရစက(နိုင်)၂၁၄၄၂၂၏ ဖခင်အမည်မှန်မှာ ဦးညွန့်ငွေ ၈/မမန(နိုင်) ၀၁၁၈၅၇ ဖြစ်ပါကြောင်း။ **ဦးညွန့်ငွေ**

**ဖခင်အမည်မှန်**
မြဝတီမြို့နယ်၊ (၅)ရပ်ကွက်၊ ကျွန်းတော(၁)လမ်းနေ အထက(၅) ဘားအံ၊ တက္ကသိုလ်ဝင်တန်းမှ မသဇင်သင်းလှိုင်၏ ဖခင် အမည်မှန်မှာ ဦးကျော်ကျော်လှိုင် ၃/လဘန (နိုင်)၀၂၇၀၉၂ ဖြစ်ပါကြောင်း။
**ဦးကျော်ကျော်လှိုင်**

**ဖခင်အမည်မှန်**
ပျော်ဘွယ်မြို့နယ်၊ တွင်းရွာ-အထက(ခွဲ)၊ အဌမတန်း(A)မှ မဇင်မာလှိုင်၏ ဖခင် အမည်မှန်မှာ ဦးငြေးလွင် ၉/သစန(နိုင်)၁၂၁၄၇၅ ဖြစ်ပါကြောင်း။
**ဦးငြေးလွင်**

**ဖခင်အမည်မှန်**
ပျော်ဘွယ်မြို့နယ်၊ လျှော်ဖြူကုန်း၊ အထက(၅)၊ နဝမတန်းမှ မဖြိုးဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးဘိုဆန်း ၉/သစန(နိုင်)၁၂၅၆၉၆ ဖြစ်ပါကြောင်း။
**ဦးဘိုဆန်း**

## သတင်းတိုများ

### ဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှုရှိမရှိ ကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း)မိုင်းစံမြို့၌ ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ မြို့မဈေးအတွင်းရှိ ဈေးဆိုင်များနှင့် စားသောက်ဆိုင်များ၌ ရောင်းချသုံးစွဲနေသော ဆားများတွင် အိုင်အိုဒင်းဓာတ် ပါဝင်မှုရှိ မရှိ စက်တင်ဘာ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ကွင်းဆင်းစစ်ဆေးရာတွင် ဈေးဆိုင်ခန်းပေါင်း ၃၀ ကို စစ်ဆေးခဲ့ပြီး ဆားများတွင် သတ်မှတ်အိုင်အိုဒင်းပမာဏ ပါဝင်သည်ကို တွေ့ရှိရကြောင်း သိရသည်။ ဆေးဆိုင်ရှင်များကိုလည်း ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက အိုင်အိုဒင်းဆားသုံးစွဲရခြင်း၏ အကျိုးရလဒ်များ ရှင်းလင်းပြောကြားပြီး အိုင်အိုဒင်းဓာတ်ပါဝင်သောဆားများသာ ရောင်းချသုံးစွဲကြရန် တိုက်တွန်းမှာကြားခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

### ငှက်ဖျားနှင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုသင်တန်းပို့ချ

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာနေ ဒေသခံများအား ကရင်ခရစ်ယာန်အဖွဲ့ချုပ်နှင့် မယ်ဒီကယ်အက်ရှင်မြန်မာ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ငှက်ဖျားနှင့်အခြေခံကျန်းမာစောင့်ရှောက်မှုသင်တန်းကို ဘောဂလိမြို့နှစ်ခြင်းအသင်းတော် ဖူးထေ့လေးခန်းမ၌ စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းတွင် ဘောဂလိမြို့ပေါ်နှင့် ကျေးရွာ ၁၅ ရွာမှ သင်တန်းသား သင်တန်းသူ ၁၉ ဦးအား ငှက်ဖျားရောဂါဖြစ်ပွားရခြင်း၊ ကာကွယ်ရေးနှင့် ကုသရေးနှင့် အခြားကျန်းမာရေးဆိုင်ရာအကြောင်းအရာများကို စီမံချက်ဆေးပညာတာဝန်ခံ ဒေါက်တာခွန်ခမ်းထူးနှင့် တာဝန်ရှိသူများက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ဘောဂလိ(ပြန်/ဆက်)**

### မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းနှင့်အသိပညာပေးဟောပြောပွဲကျင်းပ

ပဲခူးမြို့အခြေခံပညာအလယ်တန်းကျောင်းခွဲ မြို့တွင်းကြီး၌ မိုဘိုင်းစာကြည့်တိုက်ကွင်းဆင်းဖွင့်လှစ်ခြင်းနှင့် အသိပညာပေးဟောပြောပွဲကို ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စက်တင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့ပြီး ခရိုင်ပြန်ဆက်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်အိအိခိုင်က ကျောင်းသား ကျောင်းသူလေးများ ငယ်စဉ်အခါ ပညာကိုကြိုးစားသင်ယူရန် ဟောပြောပြီး အသိပညာဗဟုသုတများတိုးပွားလာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

### မြစိမ်းရောင်စီမံကိန်း ချေးငွေများထုတ်ပေး

ဖြူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ ယခုနှစ်တွင် စတင်အကောင်အထည်ဖော်သော မြစိမ်းရောင်စီမံကိန်းအရ ကျေးရွာနေပြည်သူများအား စီမံကိန်းရန်ပုံငွေများကို စက်တင်ဘာ ၂၁ ရက်က ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ စီမံကိန်းအတွက် ရရှိထားသော ရန်ပုံငွေကျပ်သိန်း ၃၀၀ မှ ကျေးရွာအိမ်ထောင်စု ၁၀၅ စုအား စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် တစ်အိမ်ထောင်လျှင် ကျပ်သုံးသိန်းစီနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် တစ်အိမ်ထောင်လျှင် ကျပ်နှစ်သိန်းစီကို ထုတ်ချေးပေးနေခြင်းဖြစ်သည်။ ယခု ဘဏ္ဍာရေးနှစ်တွင် ဖြူးမြို့နယ်အတွင်း ကျေးရွာ ၁၅ ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### အလင်းတံခါးစာကြည့်တိုက်သို့ စာအုပ်စာစောင်များနှင့် အလှူငွေများ လှူဒါန်း

ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွာသစ်ရပ်ကွက်ရှိ အလင်းတံခါး စာကြည့်တိုက်သို့ မြို့နယ် စာရေးဆရာများအသင်းနှင့် အလှူရှင်များက စာအုပ်စာစောင်များနှင့် အလှူငွေများ စက်တင်ဘာ ၂၁ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။ အလင်းတံခါး စာကြည့်တိုက်သည် နေ့စဉ် ရပ်ကွက်အတွင်းမှ စာပေချစ်မြတ်နိုးသူများ၊ အထက(ခွဲ) ရွာသစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ စာအုပ်စာစောင် ငှားရမ်းသူများဖြင့် လည်ပတ်လျက်ရှိရာ အဆိုပါ စာဖတ်ပရိသတ်များ စာပေကောင်းများ ဖတ်ရှုနိုင်စေရေး အတွက် ဝါးခယ်မမြို့နယ် စာရေးဆရာများအသင်းက သုတ၊ ရသ စာအုပ်စာစောင် ၄၀ ကျော်နှင့် အလှူရှင် ဦးဉာဏသာရ၏ကိုယ်စား ဒေါ်ခိုင်ဇာဝင်းက ငွေကျပ်ခြောက်သောင်းကို စာကြည့်တိုက်ကော်မတီထံသို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။
**လှိုင်းသီဟ(ဝါးခယ်မ)**

### အမှီအခိုမဲ့ဘိုးဘွားများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်း

အင်္ဂပူမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ အမှီအခိုမဲ့ဘိုးဘွားများအား အင်္ဂပူမြို့နယ် ကံဦးကျေးရွာ မုဒိတာရင်ခွင်ပရဟိတအဖွဲ့က ထောက်ပံ့ပစ္စည်းများကို စက်တင်ဘာ ၂၁ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။ မြို့ပေါ် အမှတ်(၁)၊(၂)၊(၃)ရပ်ကွက်နှင့် ကံဦးကျေးရွာအုပ်စုအတွင်းရှိ အဘိုး အဘွား ၂၄ ဦးအား တစ်ဦးလျှင် ဆန်လေးပြည်နှင့် ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး မုဒိတာရင်ခွင် ပရဟိတအဖွဲ့အနေဖြင့် ရှင်ပြုရန်အခက်အခဲရှိသော ကလေးသူငယ်များအား ရှင်ပြုပေးခြင်းနှင့် သဘာဝဘေးဒဏ်ကြုံတွေ့နေသူများအား အကူအညီပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

### မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်ကောင်းအုပ်စု ဟိုနားကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်မည့် မြစိမ်းရောင်စီမံကိန်းအတွက် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၁ ရက်က ပြုလုပ်ခဲ့ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမောင်မောင်သွင်တို့က အမှာစကားပြောကြားကာ ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီထံသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အားချာ(ပြန်/ဆက်)**

# ကြာဆံစက်များမှ ရေဆိုးများစီးဝင်သည့် ဘိုကြီးချောင်းရေ စိုက်ပျိုးရန် အသုံးမပြုသင့်ကြောင်း ဓာတ်ခွဲခန်းက အဖြေထုတ်ထား



**မုံရွာ စက်တင်ဘာ ၂၅**
မုံရွာမြို့နယ် ကူတော်၊ မင်းရွာနှင့် တောင်ပုံကျေးရွာ ကြာဆံစက်များမှထွက်သော ရေဆိုးရေညစ်များသည် ချောင်းဦးမြို့နယ်အတွင်းဖြတ်သွားသော ဘိုကြီးချောင်းထဲသို့ စီးဝင်ကာ ချောင်းအတွင်းမှ ငါးအများအပြား သေဆုံးမှုဖြစ်ပွားခဲ့သဖြင့် အဆိုပါချောင်းရေများကို ဓာတ်ခွဲစစ်ဆေးရာ ဓာတုဗေဒဒြပ်ပေါင်းများ ပါဝင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်ရှင်သန်မှုကို အန္တရာယ်ဖြစ်စေနိုင်သောကြောင့် အသုံးမပြုသင့်တော့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက အကြံပြုပြောသည်။

"ရေနမူနာကို ရန်ကုန်မြို့က စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန(မြေအသုံးချရေးဌာနခွဲ)ကို ပေးပို့စစ်ဆေးတဲ့အခါ ရေမှာ သန့်ရှင်းမှုရာနှုန်းပြည့်မရှိဘဲ ဓာတုဗေဒဒြပ်ပေါင်းတွေ ပါဝင်နေတာကို တွေ့ရတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဒေါ်ချိုချိုမာက ပြောသည်။

ကူတော်ရွာ၊ မင်းရွာနှင့် တောင်ပုံရွာ ကြာဆံစက်များမှလာသည့် ရေဆိုးရေညစ်များသည် မုံရွာမြို့နယ် တောပုရွာနှင့် မုံရွေးရွာ၊ ချောင်းဦးမြို့နယ် ခင်မွန်ရွာ၊ အောင်ချမ်းသာရွာ၊ ကျီကုန်းရွာနှင့် ချောင်းဦးမြောက်ရပ်ကွက် ရှမ်းဒုကျေးရွာများကို ဖြတ်သန်းစီးဆင်း၍ ပေါက်အင်းအတွင်းစီးဆင်းသော ဘိုကြီးချောင်းအတွင်းသို့ စီးဝင်ခဲ့ရာ ချောင်းတစ်လျှောက်မှ ဒေသခံများအနေဖြင့် ဘိုကြီးချောင်းရေကို သောက်သုံးရေအဖြစ် အသုံးပြုမရသလို ရေချိုကန်များလည်းပျက်စီးကာ ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးမရသည်အထိ ဆိုးရွားလှကြောင်း ခင်မွန်ရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ခင်မွန်ကျေးရွာမှ ဒေသခံတစ်ဦးက "ကြာဆံစက်တွေကလာတဲ့ ရေဆိုးတွေဟာ ဘိုကြီးချောင်းထဲစီးဝင်တော့ ချောင်းတစ်လျှောက်ဒေသခံတွေ သောက်သုံးလို့မရသလို ရေချိုကန်တွေပျက်ပြီး ကျွဲ၊ နွား တိရစ္ဆာန်တွေလည်း သောက်မရဖြစ်နေတာကြာပါပြီ။ ပြီးခဲ့တဲ့ စက်တင်ဘာ ၈ ရက်က ဘိုကြီးချောင်းထဲက ငါးအကောင်ရေ တစ်ထောင်ကျော်လောက် သေခဲ့ပြီး နှစ်တိုင်း ငါးသေတာရှိခဲ့ပေမယ့် အခုနှစ် သေတာလောက်မများခဲ့ပါဘူး။ ချောင်းတစ်လျှောက်က ငါးသယံဇာတ ပျက်စီးစေသလို စီးပွားဖြစ်လုပ်ကိုင်နေကြတဲ့ ပေါက်အင်းထဲက ငါးမွေးသူတွေရဲ့ငါးတွေလည်း အထိုက်အလျောက်သေကျေထိခိုက်ဆုံးရှုံးရတာတွေ ရှိနေပါတယ်။ တောင်သူတစ်ယောက်အနေနဲ့ ပြောရရင် ဒီအပုပ်အစပ်ရေတွေ ချောင်းထဲကို လုံးဝမဝင်စေချင်ပါဘူး" ဟု ပြောသည်။

"စိုက်ပျိုးရေးကလည်း အဓိကအရေးပါသလို ကြာဆံစက်ရုံတွေကလည်း ကုန်ထုတ်လုပ်ရာမှာ အရေးပါလုပါတယ်။ ကြာဆံစက်က ရေဆိုးရေညစ်တွေကို သန့်စင်ပြီးထုတ်လုပ်မယ်ဆိုရင် ကောင်းပါတယ်။ ရေဆိုးရေညစ်ကို မသန့်စင်ဘဲ လယ်ထဲကိုတိုက်ရိုက်ထည့်မယ်ဆိုရင် တောင်သူတွေအတွက် နစ်နာစေသလို ချောင်းဦးမြို့နယ်အတွက် ငါးသယံဇာတအများဆုံး နှစ်စဉ်မွေးမြူထုတ်လုပ်ပေးနေတဲ့ ပေါက်အင်းထဲ ရေဆိုးရေညစ်တွေ ဒီထက်ရောက်လာမယ်ဆိုရင် ငါးသယံဇာတကို အများကြီး ဆုံးရှုံးစေမှာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမယ့်အစီအစဉ်မျိုးကို လိုလားပါတယ်" ဟု ချောင်းဦးမြို့နယ် အမှတ်(၁) စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်(ခ) ဦးဝင်းမြင့်ခင်က ပြောသည်။

ကြာဆံစက် လုပ်ကိုင်သူများအနေဖြင့် စက်ရုံမှထွက်သော ရေဆိုးများကို ချောင်းအတွင်း တိုက်ရိုက်မချဘဲ ရေစစ်ကန်များတည်ဆောက်ကာ အဆင့်ဆင့်ဖြတ်သန်း၍ လုံးဝအန္တရာယ်မဖြစ်တော့သည့် အဆင့်ရောက်မှသာ ချောင်းအတွင်းထည့်ရန် စီမံတည်ဆောက်ခြင်းတို့အပြင် အနံ့အသက်ဆိုးများကို အများပြည်သူရှူရှိုက်ရမှုနည်းနိုင်သမျှနည်းစေရန်အတွက် နေအိမ်များနှင့် အလှမ်းဝေးသည့်နေရာတွင် တည်ဆောက်သင့်ကြောင်း၊ မြောင်းနှင့်ချောင်းများတွင်လည်း ရေသန့်ပြီး အမြင်တင့်စေရန် သစ်ပင်စိုက်ခြင်း၊ ဗေဒါပင်များထည့်ခြင်း၊ စိမ်းလန်းစိုပြည်သည့် ငှက်ပျောပင်အများအပြားစိုက်ပျိုးခြင်းဖြင့် အနံ့အသက်လည်းကင်း၊ ရေလည်းသန့်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်သောနည်းလမ်းကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်၏ ပြောကြားချက်အရ သိရသည်။
**မျိုးဝင်းထွန်း(မုံရွာ)**

# လင်ပန်းဆည်မှ ရေပေးဝေလျက်ရှိသော လက်တံ(၁)တူးမြောင်းပြုပြင်

**ကန့်ဘလူ စက်တင်ဘာ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ လင်ပန်းဆည်တမံ လက်တံ(၁)တူးမြောင်းမှာ သဲနုန်းများကြောင့်ကောလာပြီး လယ်မြေများသို့ ရေပေးဝေရာတွင် အခက်အခဲဖြစ်လာ၍ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက စက်တင်ဘာ ၂၂ ရက်မှ စတင်ပြုပြင်လျက်ရှိကြောင်း သိရသည်။

တူးမြောင်းပြုပြင်ပေးရန် ဒေသခံတောင်သူများ၏ တောင်းဆိုချက်အရ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးဆန်းနိုင်၏ ကြီးကြပ်မှုဖြင့် စက်ယန္တရားကြီးဖြင့် တူးမြောင်းတူးဖော်ခြင်း၊ မြေညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ အဆိုပါတူးမြောင်းလုပ်ငန်းများအတွက် မြောင်းအရှည်ပေ ၁၅၀၀၀၊ မြေကျင်းပေါင်း ၃၈၆၀ ကျင်း တူးဖော်ရမည်ဖြစ်ပြီး လင်ပန်းဆည် လက်တံ(၁)တူးမြောင်းသည် သဲဆန်သောမြေအမျိုးအစားတွင် ပါဝင်၍ မကြာခဏကျိုးပေါက်တတ်သောကြောင့် ဖို့မြေအပိုင်းများတွင် ကျောက်လိုင်နင်စီခြင်းလုပ်ငန်း အရှည်ပေ ၂၅၀ ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်း ၂၀ ခန့်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေ(သာမန်) ဖြည့်စွက်ရန်ပုံငွေမှ ကျခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဝက်တိုး(မ)ကျေးရွာအုပ်စုရှိ ညောင်ပေါင်ရင်းနှင့် မယ်ဇလီကုန်းကျေးရွာများမှ မိုးစပါးစိုက်ဧက ၃၃၀ ခန့်နှင့် နွေစပါး စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေများ ပေးဝေနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူးက ပြောသည်။




လင်ပန်းဆည် လက်တံ(၁)တူးမြောင်းသည် ပြီးခဲ့သည့်နှစ် ဇွန်နှင့် ဇူလိုင်လများအတွင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြောင်းပေါင်ကျိုးပေါက်မှု ဖြစ်ပွားခဲ့ဖူးပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြန်လည်ပြုပြင်ပေးခဲ့ကြောင်း သိရသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အင်းလေးရေပေါ်ကျွန်းမျောပေါ်က အိပ်မက်များ

ကေဇူး (AMIA)၊ ဓာတ်ပုံ-ဇူလိုင်မိုး

**ရှမ်းရိုးမတောင်စဉ် တောင်တန်းကြီးတွေနဲ့ ကာရံထားတဲ့ အင်းလေးကန်ထဲမှာနေထိုင်ကြတဲ့ အင်းတိုင်းရင်းသားတွေဟာ ရေပေါ်မှာ အိမ်ဆောက်သလို ရေပေါ်မှာတင်ပဲ စိုက်ပျိုးရေးကိုလုပ်ကိုင်ကြပါတယ်။ အင်းတိုင်းရင်းသားတွေ စိုက်ပျိုးပုံက ရေပေါ်မှာကျွန်းမျောတွေကိုစုပြီး စိုက်ကြတာဖြစ်လို့ အမြစ်က အများကြီးအောက်ကို မဖောက်နိုင်တဲ့ ခရမ်းချဉ်သီးကို အဓိက စိုက်ပျိုးကြတာပါ။**



အင်းဒေသရဲ့ အဓိကထွက်ကုန်တစ်ခုလည်းဖြစ်တဲ့ ခရမ်းချဉ်သီးဟာ ဈေးကွက်ရောက်ပြီဆိုတာနဲ့ အင်းခရမ်းချဉ်သီးဆိုပြီး သီးခြားအမျိုးအမည်တစ်ခုနဲ့ တည်ရှိနေတာလည်းဖြစ်ပါတယ်။ရေပြင်ဖွေးဖွေးကို ဖြတ်ကျော်လာပြီး အစိမ်းရောင် ကျွန်းမျောတွေကြားမှာ ခြေတံရှည် တဲအိမ်သေးသေးလေးတွေကို မြင်လိုက်ပြီဆိုရင် အဲဒါဟာ အင်းခရမ်းချဉ်သီးစိုက်ပျိုးတဲ့ရွာတွေပါပဲ။

အင်းထဲက ခရမ်းချဉ်ကိုင်းထဲ ခရမ်းချဉ်ပင်တွေ သန်မာအောင်ဆိုပြီး အင်းထဲက မြေဆီတွေကို ပုံပေးနေတဲ့ အင်းသားကြီး ဦးထွန်းရွှေက “ကျွန်းမျောတွေနည်းရင် အင်းထဲက နုန်းတွေကိုဆယ်ပြီး အပင်ခြေရင်းမှာ ပုံပေးရတယ်”လို့ သူလုပ်နေတဲ့အလုပ်ကိုရှင်းပြပါတယ်။

အခုချိန်ဟာ အင်းခရမ်းချဉ်သီးတွေစပေါ်တဲ့ ရာသီချိန်ဖြစ်ပြီးတော့ တချို့အခင်းတွေဆို ခူးဆွတ်နေကြပါပြီ။ အင်းခရမ်းချဉ်သီးတွေကို ခူးဆွတ်တဲ့အခါ အစိမ်းရောင်တွေကိုပဲ ရွေးခူးရပါတယ်။ အစိမ်းရောင်အတိုင်းခူးပြီး ပွဲရုံကိုရောက်မှ ပွဲရုံက မှည့်အောင်အုပ်ပြီး ရန်ကုန်၊ မန္တလေးနဲ့ အခြားမြို့တွေကို တင်ပို့တာဖြစ်ပါတယ်။

“ခရမ်းချဉ်သီးဈေးက မကောင်းဘူး။ မနှစ်က တစ်တင်းငွေကျပ် ၂၀၀၀၀ လောက်ရှိတယ်။ ဒီနှစ်တော့ ငွေကျပ် ၈၀၀၀၊ ၆၀၀၀ လောက်ပဲ ရှိတယ်။ ခရမ်းချဉ်သီးကို ရှမ်းပြည်မှာဆိုရင် အင်းသီးနဲ့ ကုန်းသီးဆိုပြီး နှစ်မျိုးရှိပါတယ်။ အင်းခရမ်းချဉ်သီးပေါ်ပြီဆို ဈေးကွက်မှာ ဈေးနည်းနည်းစီကျတတ်ပေမယ့် ဒီနှစ်ကတော့ အရင်းရဖို့တောင်မသေချာဘူး” လို့ ဦးထွန်းရွှေက ပြောပါတယ်။

“အခုကတော့ ပြည်တွင်းမှာ ဈေးတွေကျနေတယ်။ အဲ့ဒီဘက်ကလည်း အသီးတွေထွက်တယ်။ အဲဒါကြောင့် ဈေးကျနေတယ်။ မနှစ်ကလည်း အရင်းပဲရတယ်။ မနှစ်က အရင်းရပေမယ့် တစ်နှစ်ကတော့ ရှုံးတယ်။ ဒီနှစ်တော့ မသိသေးဘူး။ အခုဈေးနဲ့ဆိုရင်တော့ ရှုံးမယ်ထင်တာပဲ” လို့ ၎င်းက ဆက်လက်ပြောပြပါတယ်။

“ခရမ်းချဉ်သီးဈေးကျတဲ့အတွက် စိတ်ပျက်နေကြတာ အင်းထဲက ခရမ်းချဉ်သီးစိုက်ပျိုးတဲ့ တောင်သူ အတော်များများပါပဲ။ နှစ်တိုင်းဆို ပေါ်ပေါ်ချင်းဈေးက ကောင်းတယ်။ ဒီနှစ်ကတော့ ပေါ်တာနဲ့ ဈေးကကျတော့ ခူးရတာအားမရှိဘူး” လို့ အင်းထဲမှာ ခရမ်းချဉ်သီး ဦးဆုံးပေါ်လို့ ခူးဆွတ်နေတဲ့ မဝါဝါမြင့်တောင် ပေါ်ဦးပေါ်ဖျားဈေး မကောင်းလို့ဆိုပြီးလို့ လှေကလေးပေါ်ကနေ အခုလို ညည်းညူပါတယ်။ ခူးနေတာ ဒီတစ်မနက်တည်းတင် ခရမ်းချဉ်သီးအစိမ်း ၁၀ တင်းလောက်ရထားပြီး လှေပေါ်မှာလည်း ခရမ်းချဉ်အိတ်တွေနဲ့ ပြည့်နေပါပြီ လို့ ၎င်းကပြောပါတယ်။

“အင်းလေးဒေသမှာ ခရမ်းချဉ်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနဲ့ မွေးမြူရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါတယ်။ အင်းထဲမှာ ခရမ်းချဉ်စိုက်တဲ့ရွာ ၂၀၀ ကျော်ရှိပြီးတော့ ခရမ်းချဉ်ပွဲရုံက ၁၀၀ နီးပါးရှိပါတယ်။ နှစ်စဉ်နှစ်တိုင်းမှာ ခရမ်းချဉ်ဈေးကျလို့ စွန့်ပစ်လိုက်ရတာ အနည်းနဲ့အများတော့ရှိပါတယ်။ ဒီကြားထဲမှာ အမှည့်လွန်တာ၊ ပိုးကျတာနဲ့ တစ်ခြမ်းပုပ်သွားတာတွေကို နေ့စဉ် စွန့်ပစ်နေရတာလည်း ရှိပါတယ်။

“လွန်ခဲ့တဲ့ သုံးနှစ်က ဈေးလုံးဝမရလို့ သွန်ပစ်ရတယ်။ အခုလည်း အနည်းဆုံးတစ်ရက်ကို ပိဿာ ၃၀၀ လောက် စွန့်ပစ်ရတယ် ” လို့ ညောင်ရွှေမြို့ ဇော်ပွဲရုံက ပွဲရုံပိုင်ရှင် ဦးညီညီထွန်းက ပြောပါတယ်။

“ခရမ်းချဉ်သီးပေါလာတဲ့အခါ၊ ခရမ်းချဉ်သီးတွေဈေးကျလာတဲ့အခါ ကုစားမယ့်နည်းလမ်းတွေရှိပေမယ့် တောင်သူတွေကတော့ လက်လှမ်းမမီသေးပါဘူး။

“စိတ်ကူးအိပ်မက်အဆင့်တော့ရှိတာပေါ့။ ခရမ်းချဉ်သီးကို ဆော့တို့၊ အခြားကုန်ချောတို့ထုတ်ချင်တာ၊ စက်ရုံတည်ချင်တာ။ ဒါပေမယ့် စိတ်ကူးအိပ်မက်ပဲရှိတာ။ ကျန်တာဘာမှ မရှိဘူး။ အဲလိုလုပ်နိုင်ရင်တော့ တန်ဖိုးမဲ့တာကို တန်ဖိုးရှိအောင်လုပ်လို့ရတာပေါ့”လို့ ဦးညီညီထွန်းက ဆက်လက်ပြောပါတယ်။

ခရမ်းချဉ်ကုန်ချော ထုတ်လုပ်နိုင်ရန် ပြီးခဲ့သည့်လက နယ်သာလန်နိုင်ငံနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ညောင်ရွှေမြို့နယ်တွင် ခရမ်းချဉ်သီးဆော့ (အချဉ်ရည်) ပြုလုပ်နည်းသင်တန်းပေးခဲ့ပေမယ့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် အရင်းအနှီးတွေနှင့် စက်ပစ္စည်းတွေ လိုအပ်နေကြောင်း သိရသည်။

“သူတို့ပေးတဲ့ နည်းကတော့ ကောင်းပါတယ်။ တကယ်လုပ်နိုင်ဖို့ လိုပါတယ်။ ပြီးတော့ ဒါကို ဘယ်လိုဖြန့်မယ်ဆိုတဲ့ ဈေးကွက်လည်းရှိဖို့လိုပါတယ်”လို့ ခရမ်းချဉ်ပွဲရုံပိုင်ရှင် ဦးဇော်ဝင်းက ပြောပါတယ်။

အင်းလေးဒေသမှာ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ ခရမ်းချဉ်သီးစိုက်ပျိုးရေး၊ ခရမ်းချဉ်သီးရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းဟာ အလုပ်အကိုင်အခွင့်အလမ်းတွေကိုလည်း ဖန်တီးပေးနိုင်ပါတယ်။ ပွဲရုံတစ်ရုံမှာ လူငယ်၊ အမျိုးသမီး၊ အမျိုးသား အလုပ်သမား ၂၀ လောက်အထိ ရှိတတ်ပါတယ်။

ခရမ်းချဉ်စိုက်ပျိုးရေး အောင်မြင်ပြီး ခရမ်းချဉ်ကုန်ချောထုတ်လုပ်နိုင်ရင်တော့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖြစ်ထွန်းလာဖို့ မျှော်လင့်နေကြပါတယ်။

“စက်ရုံတွေဘာတွေတည်နိုင်ရင်တော့ ခရမ်းချဉ်သီးလေလွင့်မှု နည်းသွားမယ်။ အလုပ်သမားတွေကို အလုပ်ပေးနိုင်မယ်။ ဒီဒေသမှာ ပြယုဂ်တစ်ခုအနေနဲ့လည်းကောင်းတာပေါ့။ စီးပွားရေးတွေ ပိုအဆင်ပြေလာမှာပါ” လို့ ပွဲရုံလုပ်ငန်းရှင် ဦးဇော်ထက်က ပြောပါတယ်။

ခရမ်းချဉ်သီးစိုက်ပျိုးမှု အောင်မြင်သည်ဖြစ်စေ၊ ဆုံးရှုံးသည်ဖြစ်စေ အင်းလေးဒေသ ခရမ်းချဉ်တောင်သူတွေကတော့ ဒီရေပြင်ကြီးကို အမှီပြုပြီး စိုက်ပျိုးလို့ရနိုင်တဲ့ ခရမ်းချဉ်စိုက်ပျိုးရေးကို ဇောက်ချလုပ်နေကြဦးမှာပါပဲ။ ။

# ယခုတစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ

ဖြိုးလွင်အောင် (AMIA)

ယခုတစ်ပတ်အတွင်းမှာ ပြည်တွင်းစားသုံးမှုများတဲ့ ဆန်ချောဈေးတွေတက်လာပေမယ့် ပြည်ပကို အဓိက တင်ပို့နေတဲ့ ဆန်ကြမ်းဈေးတွေကတော့ အနည်းငယ် ကျဆင်းနေပါတယ်။ ပြီးခဲ့တဲ့အပတ်ကဈေးအနည်းငယ် လျှပ်ခတ်ခဲ့တဲ့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ် သုံးသောင်းဝန်းကျင်အထိ မြင့်တက်လာတာကိုတွေ့ရပါတယ်။ အလားတူ နှမ်းရောင်စုံတွေထဲက အချို့ နှမ်းအမျိုးအစားတွေ ဈေးအနည်းငယ်မြင့်တက်နေပြီး ဘုရင့်နောင် ကြက်သွန်နီဈေးကွက်မှာလည်း ဈေးနှုန်းအနည်းငယ်မြင့်တက်လာတာကို တွေ့ရပါတယ်။

**ပဲစင်းငုံနီ (RC) ဈေးသိသိသာသာ မြင့်တက်**

ယခုတစ်ပတ် တနင်္လာနေ့က အိန္ဒိယကို အဓိက တင်ပို့နေတဲ့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ် ဆယ်သိန်းနှစ်သောင်းခန့်နဲ့ အရောင်းအဝယ် ဖြစ်နေရာကနေ သောကြာနေ့မှာတော့ တစ်တန်ကို ငွေကျပ် တစ်ဆယ့်တစ်သိန်းနှစ်သောင်းခုနစ်ထောင်အထိ သိသိသာသာ ဈေးတက်လာတာကို တွေ့ရပါတယ်။ တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ် တစ်သိန်းခုနစ်ထောင်အထိ မြင့်တက်လာတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လကတော့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ်တစ်ဆယ့်ငါးသိန်းအထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**မတ်ပဲ (FAQ/RC) တစ်တန် ငွေကျပ်သုံးသောင်းခန့် ဈေးတက်လာ**

အလားတူ ယခုအပတ် တနင်္လာနေ့က မတ်ပဲ (FAQ/RC)ကတော့ တစ်ဆယ့်လေးသိန်းနှစ်သောင်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာမှာတော့ တစ်တန်ကို ငွေကျပ် တစ်ဆယ့်လေးသိန်းငါးသောင်းအထိ မြင့်တက်လာပါတယ်။ တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ် သုံးသောင်းခန့် မြင့်တက်လာတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ ပထမပတ်က မတ်ပဲ(FAQ/RC) တစ်တန်ကို တစ်ဆယ့်ခြောက်သိန်းလေးသောင်းနှစ်ထောင်အထိ မြင့်တက်ခဲ့ပါတယ်။

**ပဲတီစိမ်း ဈေးတည်ငြိမ်**

ပဲတီစိမ်းကတော့ ယခု တစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမားမရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ် ကိုးသောင်းရှစ်ထောင်နဲ့ တစ်သိန်းငါးထောင်ကြားမှာ အရောင်းအဝယ်ဖြစ်လို့နေပါတယ်။

**နှမ်းရောင်စုံအချို့ ဈေးအနည်းငယ်တက်လာ**

အခုအပတ်အတွင်းမှာ နှမ်းရောင်စုံဈေးတွေထဲကအချို့ နှမ်းဈေးတွေ ဈေးအနည်းငယ်တက်လာတာကို တွေ့ရပါတယ်။ တနင်္လာနေ့ ဈေးအဖွင့်မှာ နှမ်းနက်(စမုံ) တစ်အိတ်ကို အမြင့်ဆုံး တစ်သိန်းလေးသောင်းနှစ်ထောင်ရှိရာကနေ ယခုတစ်ပတ်ရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ သောကြာနေ့မှာတော့ တစ်သိန်းငါးသောင်းနှစ်ထောင်အထိ မြင့်တက်လာပါတယ်။ နှမ်းညိုကတော့ တနင်္လာနေ့မှာ တစ်အိတ်ကို အမြင့်ဆုံးငွေကျပ် ခုနစ်သောင်းသုံးထောင်ကနေ သောကြာနေ့မှာတော့ ခုနစ်သောင်းရှစ်ထောင်အထိ မြင့်တက်လာပါတယ်။ အလားတူ ပန်းနှမ်းကတော့ တနင်္လာနေ့မှာ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ရှစ်သောင်းရှစ်ထောင်ကနေ သောကြာနေ့မှာတော့ ရှစ်သောင်းကိုးထောင်အထိ မြင့်တက်လာတာကို တွေ့ရပါတယ်။

နှမ်းဖြူကတော့ ယခုတစ်ပတ် တနင်္လာနေ့က တစ်အိတ်ကို အမြင့်ဆုံးငွေကျပ် ကိုးသောင်းငါးထောင်ကနေ သောကြာနေ့မှာတော့ ငွေကျပ်ကိုးသောင်းသုံးထောင်ကို ကျဆင်းသွားပေမယ့် နှမ်းနက်ကတော့ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် တစ်သိန်းတစ်သောင်းနဲ့ ယခုတစ်ပတ်လုံး ဈေးတည်ငြိမ်နေတာကို တွေ့ရပါတယ်။

**ဆန်ချောဈေးတက်လာ၊ ဆန်ကြမ်းအချို့ဈေးအနည်းငယ်ကျ**

ယခုတစ်ပတ်အတွင်းမှာ ပြည်တွင်းစားသုံးမှုများတဲ့ ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘိုဘက်ကထွက်တဲ့ ဆန်ချောဈေးတွေ တက်လာပေမယ့် ပြည်ပကို အဓိကတင်ပို့နေတဲ့ ဆန်ကြမ်းအချို့ကတော့ ဈေးအနည်းငယ် ကျဆင်းနေတာကိုတွေ့ရပါတယ်။ ယခုတစ်ပတ် တနင်္လာနေ့က ပေါ်ဆန်းမွှေးဆန်တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ်လေးသောင်းလေးထောင့်ငါးရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကို လေးသောင်းခုနစ်ထောင်အထိမြင့်တက်သွားပါတယ်။

ယခုတစ်ပတ် တနင်္လာနေ့က ပြည်ပကိုအဓိက တင်ပို့နေတဲ့ ဆန်ကြမ်းအမျိုးအစားတွေထဲက မြီးဒုံးဆန်တစ်အိတ် ငွေကျပ်နှစ်သောင်းခုနစ်ထောင့်ငါးရာကနေ သောကြာနေ့မှာတော့ တစ်အိတ်ကိုငွေကျပ် နှစ်သောင်းခုနစ်ထောင်သို့ လည်းကောင်း၊ နွေသီးထပ် (ရှယ်) ဆန်တစ်အိတ် ငွေကျပ် နှစ်သောင်းသုံးရာကနေ တစ်အိတ်ကို ငွေကျပ်တစ်သောင်း ကိုးထောင့်ငါးရာအထိကျဆင်းသွားပါတယ်။ ဧည့်မထဆန် တစ်အိတ် ငွေကျပ် နှစ်သောင်းရှစ်ရာ၊ ငစိန်ဆန်တစ်အိတ် ငွေကျပ် နှစ်သောင်းတစ်ထောင်၊ မိုးသုခဆန်တစ်အိတ် ငွေကျပ်နှစ်သောင်းခုနစ်ထောင်နဲ့ တစ်ပတ်လုံးအပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ကြက်သွန်နီဈေးအနည်းငယ်တက်လာ**

လက်ရှိ ဘုရင့်နောင် ကြက်သွန်နီဈေးကွက်မှာ ကြက်သွန်နီဈေးတွေ အနည်းငယ် ကျဆင်းသွားတာကို တွေ့ရပါတယ် ယခုအပတ်အစ တနင်္လာနေ့က ဆိပ်ဖြူ၊ မုံရွာ၊ မိတ္ထီလာ၊ မြင်းခြံ၊ တပ်ကုန်းနယ်ဘက်တွေက ထွက်တဲ့ ကြက်သွန်နီတစ်ပိဿာကို အနိမ့်ဆုံး တစ်ရာ့ငါးဆယ်ကျပ်မှ အမြင့်ဆုံးခြောက်ရာနှစ်ဆယ့်ငါးကျပ် ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ ကြက်သွန်နီတစ်ပိဿာကို အနိမ့်ဆုံးဈေးတစ်ရာခုနစ်ဆယ့်ငါးကျပ်ကနေ အမြင့်ဆုံးဈေး ခြောက်ရာ့ငါးဆယ်ကျပ် ဈေးနှုန်းဝန်းကျင်နဲ့ အရောင်းအဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ ကြက်သွန်နီတစ်ပိဿာကို ၂၅ ကျပ်ခန့် ဈေးနှုန်းမြင့်တက်လာတာ ဖြစ်ပါတယ်။

# ဇေယျာသီရိမြို့နယ်၌ မိုးစပါးစိုက်ခင်းအချို့ အောင်ရေရရှိရေးဆောင်ရွက်ပေး

နေပြည်တော် စက်တင်ဘာ ၂၅

နေပြည်တော် ဇေယျာသီရိမြို့နယ် ၂၀၁၆-၂၀၁၇ မိုးစပါး စိုက်ပျိုးဧက ၁၂၁၃၃ ဧကတွင် မိုးစပါးစိုက်ခင်းအချို့၌ အောင်ရေအတွက် ရေလိုအပ်မှုရှိနေသည့် စိုက်ပျိုးကွင်းများအား ရေလိုအပ်မှုဖြည့်တင်းဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်မှုကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော်လယ်ယာမြေတာဝန်ခံ ဦးအေးမောင်စိန်၊ ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်၊ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝမ်းတို့က မြို့နယ်စိုက်ပျိုးရေး၊ ဆည်မြောင်းမြေစာရင်းဦးစီးမှူးများနှင့်တွေ့ဆုံကာ စိုက်ပျိုးတောင်သူများအတွက် အောင်ရေရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ရေဆင်းဆည်သို့ သွားရောက်၍ ဆည်ဝင်ရေပမာဏအခြေအနေကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

# ဂျာမနီနိုင်ငံမှ မြန်မာ့လက်ဖက်ခြောက် (green Tea) တန်ချိန် သုံးတန်ခန့် ဝယ်ယူရန် သဘောတူညီမှုရရှိ

● ဖြိုးလွင်အောင်(AMIA)

ယခုနှစ်တွင် ဂျာမနီနိုင်ငံမှ မြန်မာ့လက်ဖက်ခြောက် (green Tea) တန်ချိန် ၃ တန်ခန့် ဝယ်ယူရန် သဘောတူညီထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ပြောသည်။

မြန်မာ့လက်ဖက်ခြောက် (green Tea) ကို လာမည့်အောက်တိုဘာလတွင် ပထမဦးဆုံးအနေဖြင့် တန်ချိန်တစ်သန်းခွဲခန့် စတင်တင်ပို့သွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။

ဦးစိုးသန်းမင်းဒင်က "လက်ဖက်ခြောက်ကို ဒါပထမဆုံး ဂျာမနီဈေးကွက်ကို တင်ပို့တာပဲ။ ဒီနှစ်မှာတော့ တန်ချိန် သုံးတန်လောက်တင်ပို့ဖို့ သဘောတူထားတယ်။ ဈေးနှုန်းကတော့ ပြောလို့ မရသေးဘူး" ဟု ပြောသည်။

မြန်မာ့သရက်သီးနှင့် လက်ဖက်ကို ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရန် အတွက်လည်း လာမည့် ၂၀၁၇ ခုနှစ် မေလတွင် မြန်မာ့သရက်သီးနှင့် လက်ဖက် အရောင်းပြပွဲကို မန္တလေးမြို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နိုင်ငံအတော်များများက လုပ်ငန်းရှင်တွေ ကို ဖိတ်ထားပါတယ်။ အဲဒီပွဲမှာလည်း စီးပွားရေးဆွေးနွေးပွဲတွေလုပ်သွားဖို့ ရည်ရွယ်ထားတယ်"ဟု ဦးစိုးသန်းမင်းဒင်က ပြောသည်။

မြန်မာ့သရက်သီးအရောင်းပြပွဲကို ရန်ကုန်မြို့တွင် သုံးကြိမ်ခန့်ပြုလုပ်ခဲ့ပြီး မြန်မာ့လက်ဖက်အရောင်းပြပွဲကိုတော့ ပြုလုပ်ခဲ့ဖူးခြင်းမရှိသေးကြောင်း သိရသည်။



ရှမ်းပြည်နယ် ရွှာင်မြို့နယ် မြစေတီကျေးရွာရှိ လက်ဖက်စိုက်ခင်းများကို တွေ့ရစဉ်

# ပြည်ပဆန်တင်ပို့မှု ယမန်နှစ်ကထက် တန်ချိန် ငါးသိန်းခန့် လျော့ကျ

● ဖြိုးလွင်အောင်(AMIA)

ယခုနှစ်တွင် မြန်မာ့ဆန်ကို တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံ ဈေးကွက်များသို့ တင်ပို့မှု လျော့ကျသွားသည့်အတွက် ယမန်နှစ် ပြည်ပဆန်တင်ပို့မှုပမာဏနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ငါးသိန်းခန့် လျော့ကျသွားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဘဏ္ဍာရေးမှူး ဦးအောင်မြင့်ထံမှ သိရသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလက ပြည်ပသို့ ဆန်တန်ချိန် ကိုးသိန်းခန့် တင်ပို့နိုင်ခဲ့သော်လည်း လက်ရှိတွင် ဆန်တန်ချိန် လေးသိန်းခန့်သာ တင်ပို့နိုင်ကြောင်း သိရသည်။

ဦးအောင်မြင့်က "ကျွန်တော်တို့ ပြည်တွင်းပေါက်ဈေးနဲ့ အဲ့ဒီဘက်ကို ပို့ရတဲ့ တန်ဆာခကို တွက်လိုက်ရင် သူတို့ပေးတဲ့ဈေးနဲ့ မကိုက်တော့ ကုန်သည်တွေက သိပ်မပို့နိုင်တော့လို့ဒီနှစ် ပြည်ပဆန်တင်ပို့မှု လျော့ကျသွားတာပါ။ နောက် တရုတ်ဘက်က အဖမ်းအဆီးများတာကြောင့်လည်း ပါတာပေါ့" ဟုပြောသည်။

ယခုနှစ် ဇွန်၊ ဇူလိုင်လများအတွင်းက ဥရောပနှင့် အီးယူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ဆန်ဈေးကွက်တွင် ၂၅ မှတ်တန်ဆန်ကြမ်း တစ်တန်လျှင် ဒေါ်လာ ၃၂၀ ဈေးနှုန်းရှိရာမှ လက်ရှိတွင် ၂၅ မှတ်တန်ဆန်ကြမ်း တစ်တန်လျှင် ဒေါ်လာ ၃၁၀ မှ ၃၀၅ ဒေါ်လာအတွင်းသာရရှိပြီး တရုတ်နယ်စပ်တွင် ဧည့်မထဆန်ကြမ်း တစ်တင်းခွဲ တစ်အိတ်လျှင် တရုတ်ယွမ်ငွေ ၁၃၀ မှ ၁၃၅ ယွမ် အတွင်းရရှိကြောင်း သိရသည်။

ဦးအောင်မြင့်က "လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစလို့ တရုတ်ဈေးကွက်ကိုပဲ အဓိကအားထားပြီး နယ်စပ်ကရော ပင်လယ်ရေကြောင်းကပါ ပို့နေတာ။ ပင်လယ်ရေကြောင်းကတော့ နည်းနည်းပါပဲ။ ဒီနှစ်မှာ အာဖရိက၊ ဥရောပဈေးကွက်တွေကလည်း ဈေးမကိုက်တော့ အများကြီး မတင်ပို့နိုင်တော့ဘူး။ အခုပြည်တွင်းဆန်ဈေးကွက်မှာ ဆန်ကြမ်းတစ်အိတ်ကို ကျန်ခဲ့တဲ့ ဇွန်လနဲ့ယှဉ်မယ်ဆိုရင် တစ်အိတ်ကို ငွေကျပ် ၃၀၀၀ ဝန်းကျင်လောက် ဈေးကျသွားတယ်" ဟု ပြောသည်။

ယခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းခန့်တင်ပို့ရန် ခန့်မှန်းထားသော်လည်း ပြည်ပဆန်တင်ပို့မှု လျော့ကျလာသည့်အတွက် ပြည်တွင်းဆန်ဈေးကွက်တွင်ပါ ဆန်ကြမ်းဈေးများ အနည်းငယ်ကျဆင်းလာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့နေသည့် ဆန်အမျိုးအစားများမှာ ဇီရာ၊ ဧည့်မထ ဆန်အကျိုးအကြေ ဆန်ကွဲ ၂၅ မှတ်တန်များကို တင်ပို့နေခြင်းဖြစ်ပြီး လက်ရှိ ပြည်တွင်းဆန်ဈေးကွက်တွင် အဆိုပါ ဧည့်မထဆန်ကွဲ တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀ မှ ၁၄၅၀၀ အထိဈေးနှုန်းရှိကြောင်း AMIA ၏ ဈေးနှုန်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၈ သန်း တင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်းခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့သည့် ဆန် ၇၀ ရာခိုင်နှုန်းခန့်သည် တရုတ်နိုင်ငံသို့ မူဆယ်မြို့မှတစ်ဆင့် တင်ပို့နေခြင်းဖြစ်ပြီး အာဖရိက၊ ဥရောပနိုင်ငံများနှင့် အာဆီယံ နိုင်ငံအချို့ကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းမှ တင်ပို့နေခြင်းဖြစ်သည်။



ဘုရင့်နောင် ဆန်ပွဲရုံတစ်ခုမှ လုပ်သားများ ဆန်သယ်နေပုံ

# မြန်မာ ဖရဲ၊ သခွား အများပိုင်ကုမ္ပဏီ တည်ထောင်ရန် စီစဉ်လျက်ရှိ

● ဖြိုးလွင်အောင်(AMIA)

ပြည်ပဈေးကွက် တိုးချဲ့နိုင်ရန်နှင့် ဖရဲ၊ သခွားတန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် မြန်မာ ဖရဲ၊ သခွား အများပိုင်ကုမ္ပဏီကို တည်ထောင်နိုင်ရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။

လက်ရှိတွင် အများပိုင်ကုမ္ပဏီ တည်ထောင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ စီးပွားရေးအကြံပေးပညာရှင်များ၊ ကုမ္ပဏီများနှင့် သင်းဖွဲ့စည်းမျဉ်းများ၊ ရှယ်ယာထည့်ဝင်မည့်ပမာဏများနှင့် အများပိုင်ကုမ္ပဏီ လုပ်ငန်းစဉ်အသေးစိတ် အချက်အလက်များကို ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ဦးစိုးသန်းမင်းဒင်က "အများပိုင်ကုမ္ပဏီ တည်ထောင်နိုင်ဖို့အတွက်ကို အခု သူရဆွစ်နဲ့ ဆွေးနွေးနေပါတယ်။ ကုမ္ပဏီတည်ထောင်တာနဲ့ ရှယ်ယာရောင်းတာတွေကတော့ နှစ်နှစ်လောက် အချိန်ယူရဦးမယ်။ အခုက မြန်မာ့သစ်သီးဝလံလောကမှာ ဖရဲ၊ သခွားက အုပ်စုအတောင့်ဆုံးနဲ့ ဈေးကွက်လည်းရှိတယ်ဆိုတော့ သူ့ကို အများပိုင်ကုမ္ပဏီအနေနဲ့ အရင်ဆုံးစတည်ထောင်တာပါ"ဟု ပြောသည်။

အများပိုင်ကုမ္ပဏီ တည်ထောင်ပါက ဖရဲ၊ သခွားများကို လက်တွေ့စိုက်ပျိုးနေသည့် တောင်သူများကို ဦးစားပေးရှယ်ယာရှင်များအဖြစ် လက်ခံသွားမည်ဖြစ်ပြီး ဖရဲ၊ သခွားအရောင်းအဝယ်လောကနှင့် ဆက်စပ်နေသည့် ကုန်သည်များအပါအဝင် မည်သူမဆို ရှယ်ယာထည့်ဝင်နိုင်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးသစ္စာက ပြောသည်။

ဦးသစ္စာက "ကျွန်တော်တို့ အခု ဖရဲ၊ သခွားဈေးကွက်က တရုတ်တစ်ခုတည်းကိုပဲ အားကိုးနေရတယ်။ အများပိုင်ကုမ္ပဏီထောင်ပြီးရင် အခြား ပြည်ပဈေးကွက်တွေကိုပါ ထိုးဖောက်နိုင်ဖို့ ထုပ်ပိုးပုံ၊ တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်ပုံတွေကို အခုကတည်းက ကျွန်တော်တို့ စနေပြီ။ ပထမဆုံးရောင်းချမယ့် ရှယ်ယာတွေကိုတော့ တကယ်စိုက်နေတဲ့ တောင်သူတွေကို First Shareholder အနေနဲ့ ဦးစားပေးသွားမယ်" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ဖရဲ၊ သခွားစိုက်ပျိုးမှုများသည် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယခုစက်တင်ဘာလမှစတင်ကာ စိုက်ပျိုးနေကြပြီဖြစ်ပြီး လာမည့်အောက်တိုဘာလတွင် ဖရဲ၊ သခွားများ စတင်ခူးဆွတ်ကြမည်ဖြစ်သော်လည်း စိုက်ပျိုးမှုစောသည့် ရှမ်းပြည်နယ်သီပေါ ဖရဲမိုးသီးများကို မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ တစ်ရက်လျှင် ကား ၁၀ စီးခန့် ဝင်ရောက်နေပြီး တစ်ကီလိုလျှင် ၁ ဒသမ ၆ ယွမ်ခန့်နှင့် အရောင်းအဝယ်ဖြစ်နေကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရသည်။



ရန်ကုန်မြို့ သီရိမင်္ဂလာဈေးပွဲရုံတစ်ခုမှ ဖရဲသီးများကို တွေ့မြင်ရစဉ်

# ရွှေဘိုခရိုင်၌ မိုးသီးနှံ ၉၉ ရာခိုင်နှုန်းကျော်စိုက်ပျိုးပြီးစီး

**ရွှေဘို စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဧက ၆၈၆၀၃၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ရာသီကုန်တွင် ၆၇၂၇၁၂ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ၉၈ ဒသမ ၁၀ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရန် အခြေအနေမပေးသည့် ကျန်ဧက ၁၃၃၁၈ ဧကကို အစားထိုးသီးနှံများအဖြစ် နှမ်းနှင့် ပဲတီစိမ်းသီးနှံများကို အစားထိုးစိုက်ပျိုးပြီးဖြစ်သဖြင့် မိုးစပါးလျာထားချက်အပေါ် သီးနှံများ အပြည့်အဝစိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ဧကများကိုလည်း စက်တင်ဘာလရာသီကုန်တွင် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးဆွေ၏ပြောပြချက်အရ သိရသည်။

ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် ခရိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များသည် စက်တင်ဘာလတတိယပတ်က ရွှေဘိုမြို့နယ် ချီပါကျေးရွာအုပ်စု ကွင်းအမှတ် (၃၀၇၈) ရှိ တောင်သူဦးစိုးမြင့်၏ လယ်မြေ ၁၅ ဧကတွင် ကွင်းပိတ်စိုက်ပျိုးပြီးစီးမှုနှင့် မိုးစပါးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့မှ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သူများက မိုးစပါးစိုက်ပျိုးနိုင်မှုအခြေအနေများ၊ အပင်ပြုစုစောင့်ရှောက်နိုင်မှုအခြေအနေများနှင့် အပင်ဖြစ်ထွန်းအောင်မြင်နေမှုများကို တင်ပြဆွေးနွေးကြရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက မိုးစပါးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပြီး အပင်ဖြစ်ထွန်းမှုများလည်း အထူးကောင်းမွန်ကြောင်း၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ ပိုးမွှားရောဂါကာကွယ်ရေး လုပ်ငန်းများကိုလည်း မျက်ခြည်မပြတ် စနစ်တကျစောင့်ကြည့် ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# တောင်သူဝင်ငွေတိုးစေမည့် နည်းလမ်းကောင်းများ JICAနှင့် YAUတို့ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်

**သတင်း - ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**



**နေပြည်တော် စက်တင်ဘာ ၂၅**
သဘာဝသယံဇာတများ ထိန်းသိမ်းခြင်းနည်းလမ်းဖြင့် ကျေးလက်လူမှုအသိုက်အဝန်း ဆင်းရဲမှုလျှော့ချရေး၊ တောင်သူဝင်ငွေတိုးအောင် ဆောင်ရွက်ရေး နည်းလမ်းဆိုင်ရာများကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (YAU)တို့ ပူးပေါင်းကာ သင်တန်းများပို့ချလျက်ရှိပြီး သုတေသနလုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Companion Modelling(Com-Mod) ဟုခေါ်သည့် သဘာဝကိုအခြေခံသော ကျေးလက်ဒေသဆင်းရဲမှု လျှော့ချရေး ဆိုင်ရာသင်တန်းများကို JICA မှပို့ချလျက်ရှိပြီး သင်တန်းအတွေ့အကြုံများ၊ လေ့လာမှုများနှင့်စပ်လျဉ်း၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးစီးပွားပညာဌာနမှ ကထိက ဒေါက်တာရွှေမာသန်းက "ဆင်းရဲမှုလျှော့ချ ရေးမှာ တောနေမြို့နေဆိုပြီး နှစ်ပိုင်းရှိတဲ့အထဲမှာ ကျွန်မတို့ကတော့ ကျေးလက်ဒေသမှာရှိတဲ့ တောနေလူထုကို ဆင်းရဲမှုလျှော့ချရေးနည်းလမ်းကို သွားတဲ့ပုံစံပါ။ ဒီလိုလုပ်မယ်ဆိုရင် ဘာတွေသိရမလဲဆိုတော့ သူတို့ရဲ့ လိုအပ်ချက်တွေက ဘာတွေလဲဆိုတာ သူတို့ဘဝတွေထဲပါဝင်ပြီး ချဉ်းကပ်လေ့လာကာ ပြဿနာတွေကိုဖော်ထုတ် ဖြေရှင်းတဲ့နည်းလမ်းက နေသွားရမှာပါ။ အများဆုံးလုပ်တာကတော့ Natural Resources Management တွေကို အခြေခံပြီး လုပ်တာပေါ့။ ဒီနည်းလမ်းမှာ အနီးနားမှာရှိတဲ့ သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းရင်းနဲ့ အများအကျိုးရှိအောင် စီးပွားရေးလုပ်ဆောင်ပြီး အများနဲ့ညှိနှိုင်းဆောင်ရွက်တဲ့ နည်းလမ်းမျိုးသွားတာ လေ့လာရပါတယ်"ဟု ပြောပြသည်။

ကျေးလက်လူမှုအသိုက်အဝန်း ဆင်းရဲမှုလျှော့ချရေးနည်းလမ်း ဖြင့် တောင်သူဝင်ငွေတိုးအောင် ဆောင်ရွက်နိုင်ရေးအတွက် JICA မှ ပညာရှင်များက ထိုင်းနိုင်ငံနှင့်ယှဉ်၍ လေ့လာမှုအရ လက်ရှိမြန်မာနိုင်ငံတွင် ထန်းပင်ကို စီးပွားဖြစ်လုပ်ကိုင်သည့်နည်းလမ်းများ ရှိသည်ဟုဆိုသည်။ မြန်မာနိုင်ငံအနေဖြင့် ထန်းပင်မှထန်းရည်နှင့် ထန်းလျက်သာ ရရှိအောင်လုပ်ကြသည်ကို တွေ့ရကြောင်း၊ ထိုင်းနိုင်ငံတွင် ထန်းပင်မှ သကြား ထုတ်လုပ်လျက်ရှိကြောင်း၊ ယင်းသကြားမှာ အော်ဂဲနစ်စစ်စစ် ထုတ်ကုန်တစ်မျိုးဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း ထန်းပင်ပေါများသည့်အတွက်ကြောင့် အလားတူ ဆောင်ရွက်နိုင်ကြောင်း ၎င်းက ဆက်လက် ပြောပြသည်။

မြန်မာနိုင်ငံတွင် နတ်တော်လသို့ရောက်လျှင် ထန်းမြစ်များ တူးဖော်၍လည်းကောင်း၊ ထန်းလျက်ချက်၍လည်းကောင်း၊ အချဉ်ဖောက်ကာ ထန်းရည်ခါးအဖြစ်လည်းကောင်း၊ ထန်းရွက်ကို ဇာတာဖွဲ့ခြင်း၊ ထန်းဖူးကို ငါး၊ ငှက်ရုပ်ပြုလုပ်ပြီး ဘုရားပွဲတော်များတွင် ရောင်းချမှုများဖြင့်လည်းကောင်း တွေ့ရသည်။ ထန်းဖူးကို ဘူးအဖြစ် ရက်လုပ်၍ ထန်းလျက်ခဲ၊ မန်ကျည်းတော်ဖီ၊ ဆီးတော်ဖီထည့်ပြီး အမှတ်တရ ရောင်းချကြသည်။ ထို့နောက် ထန်းလက်ကို ကုလားထိုင်လုပ်၍ ထန်းရွက်ကို အိမ်အမိုး၊ အကာများ ပြုလုပ်ကြသည်။ ထန်းပင်စည်ကို အိမ်တိုင်၊ ထုပ်တန်း၊ ရက်မ၊ ကြမ်းခင်းအဖြစ် အိမ်ဆောက်ရာတွင် အသုံးပြုကြသည်။ ထက်ခြမ်းခွဲပြီး ရေတံလျှောက်၊ နွားစာခွက်အဖြစ်လည်း အသုံးပြုနိုင်သေးသည်။ ထန်းပင်ကို ခုတ်လှဲ၍ အခေါ်သပ်ကာ ပန်းအိုးအဖြစ် ဟိုတယ်ကြီးများနှင့် အိမ်ခြံဝင်း မြက်ခင်းပြင်များတွင် အလှပန်းအိုးအဖြစ် တခမ်းတနား အသုံးပြုကြသည်ကိုလည်း တွေ့ရသည်။

သို့သော် အထက်အညာဒေသများ၌ ထန်းတက်လုပ်သားရှားပါးလာခြင်းနှင့် ထန်းလျက်ဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ထန်းတောပိုင်ရှင်များသည် တွက်ခြေကိုက်မှု မရှိသဖြင့် ထန်းတက်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသလောက်နည်းပါးလာကြသည်။ ထန်းတက်လုပ်သားများမှာလည်း လုပ်အားခနှင့် မိသားစုစားဝတ်နေရေး ပြေလည်မှု မရှိကြသဖြင့် အခြားသောအရပ်ဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြပြီး အချို့မှာ ပြည်ပနိုင်ငံများအထိ သွားရောက်လုပ်ကိုင်နေကြသည်။

ထို့ကြောင့် ထန်းတက်လုပ်သား ရှားပါးလာကာ ထန်းတက်လုပ်အားခမှာလည်း မြင့်တက်လာခဲ့သည်။ ထန်းတောပိုင်ရှင်များကလည်း ထန်းလျက်ဈေးနှုန်းကျဆင်းနေသည့်အပြင် ထန်းတက်သမား လုပ်အားခပါ ဈေးနှုန်းမြင့်တက်နေသဖြင့် ထန်းပင်ထန်းတောများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုနိုင်တော့ဘဲ ထန်းပင်များကို ခုတ်လှဲရောင်းချကြသည်။

ယင်းနှင့်ပတ်သက်၍လည်း ဒေါက်တာရွှေမာသန်းက "အခုကျတော့ မြန်မာနိုင်ငံမှာရှိပြီးသား ထန်းပင်တွေကို အသုံးချရမယ့်အစား တော်တော်များများက နိုင်ငံခြားကို ထွက်သွားနေကြရတယ်။ နိုင်ငံခြားကို ရွှေ့ပြောင်းလုပ်သားအနေနဲ့ သွားကုန်ကြတော့ ပြည်တွင်းမှာလည်း လုပ်သားတွေရှားပါးလာတယ်။ ထန်းပင်ကလည်း လှီးနေမှအရည်ထွက်တာဆိုတော့ အ ကုန်တဲ့အခါကျတော့ အရည်ထွက်ဖို့ ပြန်မစောင့်တော့ဘဲ ခုတ်ပြီးတော့ ထန်းသားတွေကို အိမ်ဆောက်တာတို့၊ ဟိုတယ်တွေရောင်းပြီး Decoration လုပ်ကြတာတွေ့ရတော့ နှမြောဖို့ကောင်းပါတယ်။ ကျွန်မတို့ မွန်ပြည်နယ်ဘက်သွားတော့လည်း ရော်ဘာပင်တွေကိုခုတ်ပြီး ထင်းစိုက်ပစ်နေတာ တွေ့ခဲ့ရတယ်။ တကယ်တော့ အဲဒီရော်ဘာပင်တွေက တော်တော်အဖိုးတန်တဲ့ အိမ်သုံး၊ အဆောက်အအုံသုံး အလှဆင်ပစ္စည်းတွေ ထုတ်လို့ရပြီးတော့ နိုင်ငံခြားမှာဆိုရင် အလွန်တန်ဖိုးရှိတဲ့ အသုံးအဆောင်တွေ လုပ်လို့ရတယ်။ တန်ဖိုးရှိအောင် Value Added လုပ်တဲ့အခါ တန်ဖိုးရှိတဲ့အရာတွေ ဖြစ်လာမှာကို မလုပ်နိုင်တော့ ကျွန်မတို့တိုင်းပြည်မှာ နစ်နာနေတာတွေ အများကြီးရှိပါတယ်။ ဒီလိုအသိပညာတွေပေးဖို့ဆိုတာ နေရာတိုင်းမှာ လိုအပ်နေပါတယ်" ဟု ပြောပြသည်။

ထို့ကြောင့် ပူပြင်းခြောက်သွေ့သည့် အထက်အညာဒေသနေရာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ပျက်စီးမှုများရှိနေပြီး တောင်သူများ၏ စိုက်ပျိုးသီးနှံများမှာ တဖြည်းဖြည်း အထွက်နှုန်းများ ကျဆင်းမှုဖြစ်နေသည်ကို တွေ့လာရသဖြင့် ထိုရာသီဥတုပြောင်းလဲမှုဒဏ်ကို ကြံ့ကြံ့ခံရပ်တည်ရာတွင် ထန်းပင်၊ ဆီးပင်၊ သနပ်ခါးပင်များ စသည့် နှစ်ရှည်ပင်များက တောင်သူများကို မည်ကဲ့သို့ အထောက်အကူပြုနိုင်မည်ဆိုသည့် စာတမ်းကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ မာစတာတန်းတစ်ခုတွင် သင်ကြားနိုင်ရေး JICAနှင့် ပူးပေါင်း၍ သုတေသနလုပ်ရန် တင်ပြထားကြောင်း သိရသည်။

# ဓာတုပိုးသတ်ဆေးပက်ဖျန်းသည့်အခါ နည်းစနစ်ကျကျသုံးစွဲရန်လိုအပ်

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မေမိုးသဲ**

**နေပြည်တော် စက်တင်ဘာ ၂၅**
မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်၍ လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသည်။ လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်လျက်ရှိသည့် တောင်သူအများစုသည် စိုက်ခင်းများကို ဓာတုပိုးသတ်ဆေးများ ပက်ဖျန်းသည့်အခါ နည်းစနစ်ကျကျပက်ဖျန်းရန် လိုအပ်နေသေးကြောင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကီမိလနှင့် သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာသီတာဦးထံမှ သိရသည်။

"ပိုးမွှားတွေက လူတွေစိုက်ပျိုးထားတဲ့ သီးနှံပင်တွေနဲ့အတူ အမြဲတမ်းရှိနေမှာပဲ။ လူတွေကလည်း သီးနှံတွေကိုစားသုံးရင် ပိုးမွှားတွေကို ကာကွယ်တယ်။ ကာကွယ်တဲ့ နေရာမှာ တောင်သူတွေအတော်များများဟာ ဓာတုပိုးသတ်ဆေးတွေကို သုံးတယ်။ ပိုးသတ်ဆေးက ဘယ်မှာဝယ်ဝယ် အလွယ်တကူ ရနေတာကိုး။ တောင်သူတွေကတော့ ဆေးဆိုင်က ဒါလေးတွေကကောင်းတယ်လို့ ညွှန်းရင်သုံးကြတယ်။ ဒီနေရာမှာ အရေးကြီးတာက သုံးလိုက်တဲ့ ဓာတုပစ္စည်းတွေဟာ မနက်အစောကြီးဖျန်းတာနဲ့ နေ့လယ်နဲ့ ညနေ သုံးတာမတူဘူး။ လေတိုက်နှုန်းကလည်း မတူဘူး။ နေ့လယ်ပိုင်း နေတအားပူတဲ့အခါကျတော့ ပိုးသတ်ဆေးသုံးတဲ့အချိန်မှာ နေရောင်ခြည်နဲ့ ဓာတုပစ္စည်း ဓာတ်ပြုပြီးတော့မှ လူကိုအန္တရာယ်ပေးတယ်။ နောက်တစ်ခါ ကာကွယ်တဲ့ပစ္စည်းတွေလည်းပဲ ဓာတ်ပုံထဲမှာတော့ အကာအကွယ် ကုတ်အင်္ကျီတွေနဲ့၊ လက်အိတ်တွေ၊ မျက်မှန်တွေ၊ နှာခေါင်းကာတဲ့အရာတွေနဲ့ ပြသထားပါတယ်။ ဒါပေမယ့် တောင်သူတွေအနေနဲ့က မတတ်နိုင်ကြဘူး။ အဲဒီအခါမှာ တောင်သူတွေကို ဘယ်လိုအကြံပေးရသလဲဆိုတော့ အင်္ကျီလက်ရှည်ပွပွတွေ ဝတ်ဆင်မယ်ဆိုရင် နေပူဒဏ်လည်းခံနိုင်မယ်။ ဆေးဖျန်းတဲ့ အခါမှာဆိုလည်း လေတိုက်ပြီးတော့ ဆေးက အသားကိုမထိအောင် ကာကွယ်နိုင်မယ်ဆိုပြီး အကြံပေးပါတယ်။ ခေါင်းကိုလည်း ခါးမောက်ထူထူ ကားကားကြီးတွေ ဆောင်းဖို့ တိုက်တွန်းပါတယ်။ အဲဒါမှ ဆေးဖျန်းတဲ့အခါ ဆေးစက်၊ ဆေးမှုန်တွေက လူပေါ်ကိုကျရောက်မှုနှုန်းနည်းသွားမယ်။ အရင်တုန်းကတော့ တောင်သူတွေက မသိကြတဲ့အတွက် ထမင်းစားပြီးချိန်လောက်ကျရင် ဆေးဖျန်းလေ့ရှိကြတယ်။ ထမင်းစားပြီးတဲ့အချိန်က အနည်းဆုံး ၁၂ နာရီကျော်နေပြီ။ နေကလည်းပူနေပြီ။ တစ်ခါတလေကျတော့လည်း တောင်သူတွေက ကွမ်းတွေဝါးရင်း ဆေးဖျန်းလေ့ရှိကြတယ်။ အဲဒီအခါမှာ ကွမ်းတံတွေးထွေးပြီး ပါးစပ်ကို လက်နဲ့သုတ်လိုက်မိတဲ့အခါ ခုနက ဆေးဖျန်းတဲ့ ဆေးစက်တွေက လက်တွေပေါ်မှာကပ်နေပြီး ပါးစပ်ထဲကိုဝင်မယ်။ နောက်တစ်ခါ ဆေးဖျော်တဲ့အခါမှာလည်း လက်နဲ့မွှေတာတွေ ရှိနေကြတယ်။ ပြီးတော့ ဒီအတိုင်းကြည့်ပြီး ရှူမိတာရှိမယ်။ ဒါကြောင့် ဆေးဖျန်းတဲ့အခါ လေတိုက်တဲ့ အထက်ကနေ လူကနေ၊ လေအောက်မှာ ဆေးပုံးကိုထားပြီး ဆေးဖျန်းကြဖို့ကို ကျောင်းကကျောင်းသားကျောင်းသူတွေကိုရော၊ တောင်သူပညာပေးလုပ်တဲ့အခါမှာပါ ပို့ချပေးပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ တောင်သူပညာပေးသင်တန်းများကိုလည်း မကြာမကြာ ဖွင့်လှစ်ပေးနေကြောင်း၊ သင်တန်းဖွင့်လှစ်သည့်အချိန်မှာ တောင်သူများ လယ်ယာစိုက်ပျိုးရေး အားလပ်သည့်အချိန်များတွင် သင်တန်းများ ခေါ်ယူကြောင်း သိရသည်။

"သင်တန်းတစ်ခါပေးရင် တောင်သူ ၂၀ လောက်ပဲခေါ်ပါတယ်။ အဲဒါကတစ်နိုင်ပဲ။ ဒါမှ ဆွေးနွေးလို့လည်း ကောင်းတယ်။ သင်တန်းမှာ တောင်သူတွေအနေနဲ့ ပိုးမွှားတွေကို ဘယ်လိုတွေ ကာကွယ်နိုင်မယ်။ ဓာတုပိုးသတ်ဆေး သုံးစွဲတဲ့အခါမှာလည်း ဆောင်ရန်၊ ရှောင်ရန်လေးတွေကို ပြောပြီး ပညာပေးသင်တန်းလေးတွေ ဖွင့်ပေးပါတယ်"ဟု တောင်သူပညာပေးသင်တန်းနှင့် ပတ်သက်၍ ၎င်းက ရှင်းပြသည်။

အင်းဆက်ပိုးမွှားအများစုမှာ သစ်ရွက်များ၏အောက်၊ အပင်များနှင့် အခေါက်များ၏ကြားတွင် ပုန်းနေတတ်ကြောင်း သိရသည်။

"တောင်သူတွေကလည်း ပိုးသတ်ဆေးတွေဝယ်ပြီးဖျန်းကြတယ်။ ဒါပေမယ့် အပေါ်ယံခပ်ပေါ့ပေါ့လေးဖျန်းလိုက်တယ်။ ဖျန်းလိုက်တဲ့ ၁၀၀ ရာ ခိုင်နှုန်းက နိမ့်နင်းချင်တဲ့ အင်းဆက်ပိုးမွှားပေါ်ကိုမရောက်ဘူး။ နေ့မှာဆိုရင်အင်းဆက်ပိုးမွှားတွေက ပုန်းလျှိုးကွယ်လျှိုးနဲ့နေကြတယ်။ ဆေးဖျန်းတဲ့အခါမှာ ဆေးစက်နဲ့အကောင်ကထိမှ အာနိသင်ရှိမှာဖြစ်တယ်။ ဒါပေမယ့် ဖျန်းလိုက်တဲ့ ဆေးတွေက လူတွေပေါ်ကိုကျပြီး စိုက်ခင်းထဲက မိတ်ဆွေ ပိုးတွေပေါ်ကိုကျမယ်။ မိတ်ဆွေ ပိုးတွေက ပိုးသတ်ဆေးသုံးတဲ့ စိုက်ခင်းနဲ့ မသုံးတဲ့ စိုက်ခင်းဆို မသုံးတဲ့စိုက်ခင်းမှာပိုများတယ်။ မိတ်ဆွေပိုးတွေက အင်းဆက်ပိုးတွေကို လိုက် ဖမ်းစားသောက်ကြတယ်။ အဲဒီမှာ မိတ်ဆွေ ပိုးတွေက ဆေးဖျန်းများတဲ့ စိုက်ခင်းမှာ မရှိနိုင်တော့ဘဲ ဖျက်ပိုးအင်းဆက်ပိုးမွှားတွေက ပိုများလာမယ်"ဟု ဆေးဖျန်းရာတွင် သတိထားရမည့် အချက်များကို ဒေါက်တာသီတာဦးက ဆက်လက်ပြောပြသည်။



# ရင်ပူရဦးမယ့် အာဆင်နယ်နဲ့ အနိုင်သေချာမယ့် ဘာစီလိုနာ



ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ စက်တင်ဘာ ၂၈ ရက်နဲ့ ၂၉ ရက်တွေမှာ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၂)ကို ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ စက်တင်ဘာ ၂၉ ရက်မှာ ကစားမယ့်ပွဲစဉ်တွေအနက် စိတ်ဝင်စားစရာအကောင်းဆုံးပွဲစဉ်ကတော့ အာဆင်နယ်နဲ့ ဘေဆယ်၊ အက်သလက်တီကိုနဲ့ ဘိုင်ယန်မြူးနစ်၊ ဆဲလ်တစ်နဲ့ မန်စီးတီးတို့ ပွဲတွေအပြင် ဂလက်ဘတ်နဲ့ ဘာစီလိုနာတို့ရဲ့ ပွဲတွေက ပရိသတ်တွေအကြိုက်ပွဲစဉ်တွေအဖြစ် အသုံးတော်ခံဦးမှာ သေချာနေပါတယ်။

**အာဆင်နယ်နှင့် ဘေဆယ်**

အုပ်စု(A)မှာတော့ အသင်းတိုင်း တစ်ပွဲကစားပြီးချိန်မှာ တစ်မှတ်စီရရှိနေပါတယ်။ အာဆင်နယ်က ပီအက်စ်ဂျီနဲ့ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သလို ဘေဆယ်တို့ကလည်း လူဒိုဂိုရက်စ်ကို တစ်ဂိုးစီသရေကျပြီး တစ်မှတ်စီခွဲယူခဲ့ကြပါတယ်။ ဘေဆယ်တို့က တန်ပြန်တိုက်စစ်ကို ပြိုင်ဘက်အသင်း အငိုက်မိအောင် ကစားနိုင်ပြီး အဝေးကွင်းမှာ နိုင်ပွဲရအောင် အားထုတ်နိုင်ပါတယ်။ လောလောဆယ်ခြေစွမ်းအရ နှစ်သင်းစလုံး ခြေစွမ်းကွာဟချက် နည်းတာမို့ ပွဲကောင်းတစ်ပွဲဖြစ်လာမှာ သေချာပါတယ်။ ဒီပွဲမှာ အိမ်ရှင်အာဆင်နယ်တို့ အသာစီးရသွားနိုင်ပေမယ့် သရေလည်း ဖြစ်သွားနိုင်တဲ့ ပွဲပါပဲ။

**နာပိုလီနှင့် ဘင်ဖီကာ**

အုပ်စု(B)မှာ နာပိုလီတို့က ပထမပွဲစဉ်မှာ ဒိုင်နမိုကိဗ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပြီး အုပ်စုကို ဦးဆောင်နေပါတယ်။ ဘင်ဖီကာတို့က ပထမပွဲစဉ်မှာ ဘက်ဆစ်တပ်ကို တစ်ဂိုးစီသရေပွဲကစားပြီး တစ်မှတ်ရယူထားတာမို့ ဒီပွဲမှာ နှစ်သင်းစလုံး အမှတ်ပြည့်ရရှိရေး ခြေကုန်ဖွင့်ကစားပါလိမ့်မယ်။ တိုက်စစ်အားကောင်းပြီး ဂိုးသွင်းစွမ်းရည်မြင့်မားတဲ့ နာပိုလီတိုက်စစ်မှူးတွေကြောင့် ဘင်ဖီကာတို့ ခက်ခဲမှာ သေချာပါတယ်။ ဘင်ဖီကာတို့ကတော့ ခံစစ်ကို လုံအောင် အခြေပြုပြီး တိုက်စစ်ဆင်ကစားတာမို့ နာပိုလီတို့လည်း ထင်တိုင်းမပေါက်နိုင်ပါဘူး။ လောလောဆယ်မှာ နာပိုလီရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကို ကြည့်ရင် နိုင်ပွဲတွေချည်း ဆက်တိုက်ရယူထားပါတယ်။ နာပိုလီကွင်းမှာ ဘင်ဖီကာတို့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ လက်ရှိအချိန်မှာ နာပိုလီရဲ့ ခြေစွမ်းရော အားထုတ်မှုပါ ကောင်းမွန်နေတာမို့ ဘင်ဖီကာတို့ အမြင့်ဆုံးမျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

**ဂလက်ဘတ်နှင့် ဘာစီလိုနာ**

အုပ်စု(C)မှာတော့ ဘာစီလိုနာတို့က အုပ်စုပထမပွဲစဉ်မှာ ဆဲလ်တစ်ကို ခုနှစ်ဂိုးပြတ်သွင်းပြီး အောင်ပွဲခံထားတာမို့ အခုပွဲမှာလည်း အဝေးကွင်းဆိုပေမယ့် နိုင်ပွဲဆက်ဖို့ ကြိုးစားပါလိမ့်မယ်။ ဂလက်ဘတ်တို့က ပထမပွဲစဉ်မှာ မန်စီးတီးကို လေးဂိုးပြတ် ရှုံးထားတာမို့ ဒီပွဲမှာ အမှတ်မဆုံးရှုံးအောင် အားထုတ်မှာ သေချာပါတယ်။ ခြေမမှန်တဲ့ ဂလက်ဘတ်တို့က ဘာစီလိုနာကို ခြေရည်တူ ကစားဖို့ ခဲယဉ်းမှာဖြစ်ပြီး ဒီပွဲမှာ ဂိုးပြတ်သွင်းမခံရရေးကြိုးစားရမယ့်ပွဲလည်း ဖြစ်နေပါတယ်။

**အက်သလက်တီကိုနှင့် ဘိုင်ယန်မြူးနစ်**

အုပ်စု(D)မှာ ဘိုင်ယန်မြူးနစ်တို့က တစ်ပွဲကစားပြီးချိန်မှာ အနိုင်သုံးမှတ်နဲ့ အုပ်စု ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ အက်သလက်တီကိုတို့ကလည်း ပီအက်စ်ဗီကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ကစားပြီး သုံးမှတ်ရယူထားနိုင်ပါတယ်။ လက်ရှိ အနေအထားမှာ အက်သလက်တီကိုရဲ့ခြေစွမ်းကိုကြည့်ရင် တိုက်စစ်ထက်မြက်ကာ ဂိုးသွင်းအားလည်း ကောင်းနေပါတယ်။ ဘိုင်ယန်မြူးနစ်တို့က တိုက်စစ်စွမ်းရည်မြင့်မားသလို ခံစစ်ပိုင်းလည်း အကောင်းဆုံး ပုံစံရရှိနေတာမို့ ဒီပွဲက အပြန်အလှန်တိုက်စစ်ဆင်မှုတွေနဲ့ ပွဲကောင်းတစ်ပွဲဖြစ်လာမှာ သေချာနေပါတယ်။ ဘိုင်ယန်မြူးနစ်တို့က အက်သလက်တီကိုကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာ အလေးထား ကစားမှုရပါလိမ့်မယ်။ ဒီပွဲမှာ လက်ရှိခြေစွမ်းအရ အိမ်ရှင်တို့ အားသာချက်ရှိနေပြီး အနိမ့်ဆုံးတစ်မှတ်တော့ရအောင် စွမ်းဆောင်ပါလိမ့်မယ်။

**ဆဲလ်တစ်နှင့် မန်စီးတီး**

အုပ်စု(C)မှာ မန်စီးတီးတို့က ပထမပွဲစဉ်မှာ ဂလက်ဘတ်အသင်းကို လေးဂိုးပြတ်သွင်းပြီး သုံးမှတ်အပြည့်ရယူကာ အောင်ပွဲခံထားပါတယ်။ ဆဲလ်တစ်တို့ကတော့ ဘာစီလိုနာကို ခုနစ်ဂိုးပြတ်နဲ့ ရှုံးပြီး စိတ်ဓာတ်ယိမ်းယိုင်မှုရှိနေတာမို့ ဒီပွဲမှာ မန်စီးတီးတို့ နိုင်ပွဲဆက်မယ့် အနေအထားပါပဲ။ နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ မန်စီးတီးတို့က တိုက်စစ်အားလည်းကောင်းနေတာမို့ ဆဲလ်တစ်တို့ မျှော်လင့်ချက်ထားလို့ မရနိုင်ပါဘူး။ ပြိုင်ဘက်အသင်းက အရှိန်အဟုန်နဲ့ တိုက်စစ်ဆင်လာရင် ခံစစ်ပိုင်း ပြိုဆင်းသွားတတ်တဲ့ ဆဲလ်တစ်ကို မန်စီးတီးတိုက်စစ်မှူးတွေ ဂိုးဘယ်လောက်အထိ သွင်းယူနိုင်မလဲ ကြည့်ရမယ့်ပွဲပါပဲ။ ။

မိုးမြင့်လင်းလက်

## ခြေစွမ်းပြဖို့ကြိုးစားနေရတဲ့ ရွှန်းနေ

ရွှန်းနေဟာ မကြာသေးမီက ကစားပုံများနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ရွှန်းနေဟာ ခြေစွမ်းပြဖို့ကြိုးစားနေရတယ်လို့ နည်းပြမော်ရင်ဟိုက ဆိုပါတယ်။ သူဟာ ဆလိုဗေးနီးယားနဲ့ လွဲပြီးကတည်းက ရုန်းကန်ကြိုးစားနေရတယ်။ သို့သော်လည်း ရွှန်းနေဟာ မန်ယူအသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ရှိနေဦးမယ်လို့လည်း နည်းပြ မော်ရင်ဟိုက ဆိုပါတယ်။ သူဟာ အင်္ဂလန်အသင်းမှာ ဂိုးစံချိန်သွင်းယူထားတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ရွှန်းနေရဲ့ ကစားပုံနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေ အများကြီးပေါ်ထွက်ခဲ့ပါတယ်။ သူဟာ တိုက်စစ်ထက် ကွင်းလယ်ကစားသမားအဖြစ် ပိုပြီးကစားနိုင်တယ်လို့လည်း ဆိုကြပါတယ်။ လက်ရှိအချိန်မှာလည်း နည်းပြမော်ရင်ဟိုလက်ထက်မှာ အစပွဲပါဝင်ကစားရမှု နည်းပါးနေတာတွေ့ရပါတယ်။



■ ကောင်းမြတ်သူ-စုစည်းသည်။ ■

## နံပါတ်တစ်ဂိုးသမားနေရာ စွန့်လွှတ်ရဖွယ်ရှိနေတဲ့ မက်နိုလက်

လီဗာပူးအသင်းရဲ့ လက်ရှိဂိုးသမား မက်နိုလက်ဟာ နံပါတ်တစ်ဂိုးသမားနေရာကို ဆုံးရှုံးလာဖို့ ရှိပါတယ်။ လိုရစ်ကာရီရပ်စ်ကို ဟားလ်စီးတီးနဲ့ ကစားတဲ့ ပွဲမှာ စတင်ပြီး အသုံးပြုလာပါတယ်။ နည်းပြ ဂျာဂင်ကလော့လက်ထက်မှာ ဆီမွန်မက်နိုလက်အနေနဲ့ ပထမဂိုးသမားနေရာကို စွန့်လွှတ်ရဖွယ်ရှိနေပါတယ်။ ဂျာမနီနိုင်ငံသား ကာရီရပ်စ်ကို လက်ရှိ ဂိုးသမား မက်နိုလက်နဲ့ အစားထိုးဖွယ် ရှိနိုင်ပါတယ်။ လီဗာပူးနည်းပြ ဂျာဂျင်ကလော့အနေနဲ့ ဂိုးသမားနှစ်ယောက်အနက် ဘယ်ဂိုးသမားကို ရွေးချယ်ဖို့ ဆုံးဖြတ်ရ ခက်နေပါတယ်။ ကာရီရပ်စ်ဟာ ရာသီအစမှာ ဒဏ်ရာများကြောင့် အနားယူနေရပေမယ့် လက်ရှိအချိန်မှာ ဒဏ်ရာမှ ပြန်ကောင်းလာပြီဖြစ်လို့ ပထမဂိုးသမားနေရာကို ရယူဖွယ်ရှိနေပါတယ်။



## ချယ်လ်ဆီးနည်းပြအဖြစ် နှစ်ပေါင်း ၂၀ အထိလုပ်ဖို့ ဆန္ဒရှိတယ်ဆိုတဲ့ ကွန်တီ

ဒီနှစ် ပရီမီယာလိဂ်မှာ နည်းပြသစ်ဖြစ်လာတဲ့ ကွန်တီက သူ့အနေနဲ့ လာမယ့်နှစ် ၂၀ တိုင်အောင် ချယ်လ်ဆီးအသင်းရဲ့နည်းပြလုပ်ဖို့ ဆန္ဒရှိတယ်လို့ ဆိုပါတယ်။ အာဆင်နယ်အသင်း နည်းပြ ဝင်းဂါးဟာ အာဆင်နယ်အသင်းမှာ နှစ်ပေါင်း ၂၀ အထိ နည်းပြလုပ်နိုင်ခဲ့ခြင်းကို အကြောင်းပြု၍ ကွန်တီက ပြောဆိုလိုက်တာပါ။ ဝင်းဂါးဟာ အာဆင်နယ်အသင်းမှာ နှစ်ပေါင်း ၂၀ တိုင်အောင် နည်းပြလုပ်ခဲ့ပြီး ယနေ့အထိတိုင် အောင်မြင်တဲ့ နည်းပြအဖြစ် ဆက်လက်ရပ်တည်နေဆဲ ဖြစ်ပါတယ်။ ဆယ်စုနှစ် နှစ်ခုကြာ အောင်မြင်တဲ့ နည်းပြလုပ်နိုင်ခဲ့တဲ့ နည်းပြဝင်းဂါးကို ကွန်တီက ချီးကျူးခဲ့ပါတယ်။ အီတလီနိုင်ငံသား ကွန်တီကလည်း သူ့အနေနဲ့ စတမ်းဖို့ဒ်ဘရစ်ချ်မှာ နှစ်ပေါင်း ၂၀ တိုင်အောင် နည်းပြလုပ်ဖို့ ဆန္ဒရှိတယ်လို့ ဆိုပါတယ်။

# ဒေါ်လှလှ

## မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆)ပုသိမ်

## အသက်(၇၆)နှစ်

ပုသိမ်မြို့၊ ကုသိနာရုံရပ်ကွက်၊ အိမ်အမှတ် ခ/၇နေ (ဦးထွန်းကြင်-ဒေါ်သန်း)တို့၏သမီးကြီး၊ (ဦးဝင်းတင်-ဒေါ်ကျင်ပို)၊ ဒေါ်တင်တင်အေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးသည် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် နေပြည်တော်ကွေ့ကြီးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ စေတီ၊ သိမ်၊ ကျောင်း၊ တေဇစက္ကီ ကမ္မဋ္ဌာန်းရိပ်သာကျောင်း

ပဓာနဒါယကာကြီး

## ဦးခွေး(ခ)ဦးအောင်ကြည်

အသက်(၉၀)

မြဝတီမြို့၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(င/၃၅)နေ (ဦးကျောက်ဝါး-ဒေါ်ဝမ်နာ)တို့၏သား၊ ကျောင်းဒါယိကာမကြီး(ဒေါ်ရှုဘီ)၏ခင်ပွန်း၊(ဒေါ်စီ)၏မောင်၊ (ဦးခင်ကျော်)၊ ဒေါ်သိန်းကြည်တို့၏အစ်ကို၊ ဒေါက်တာစိုးလွင်- ဒေါ်မြင့်ရီ၊ ဒေါ်ခင်ခင်အေး၊ ဦးကြည်လွင်-ဒေါ်ချိုချိုမြင့်၊ (ဦးငွေစန်း)၊ ဦးအောင်ချင်း-ဒေါ်ဝင်းဝင်းမြတ်၊ ဦးတင်အောင်-ဒေါ်သင်းသင်းမြတ်တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ မြစ်ကိုးယောက်တို့၏အဘိုးသည်(၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) ၂၃-၉-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ရက်) ၂၅-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မြဝတီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တခေမာသီရိ (ခေမာစရိယ)

### သက်တော်(၅၂)နှစ်၊ သိက္ခာတော်(၃၂)ဝါ

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ ရွှေလရောင်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာသီရိ(ခေမာစရိယ) ရပ်ကွက်သံဃနာယကအကျိုးတော်ဆောင် မဟာထေရ်မြတ်ကြီးသည် ၂၃-၉-၂၀၁၆ရက်(သောကြာနေ့) ည ၉း၂၄နာရီတွင် ရွှေလရောင်ကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) ၈-၁၀-၂၀၁၆ရက်(စနေနေ့)တွင် အန္တိမအဂ္ဂိစျာပနကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ သံဃာတော်အရှင်သူမြတ်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

# အနိစ္စ

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးမြတ်ဇင် (ကျိုက္ခမီ)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ ၁၂လမ်း၊ အမှတ် ၁၄၄၆နေ ဒေါ်ကျင်လွမ်း၏ ခင်ပွန်း၊ ဦးထင်အောင်ချို - ဒေါ်စန်းစန်းဝင်း၊ ဦးဇော်ဝင်း-ဒေါ်အေးအေးမိုး၊ ဦးမျိုးဆင့်အောင်-ဒေါ်ဝါဝါဘိုတို့၏ချစ်လှစွာသောဖခင်၊ မောင်ဝင်းကိုကိုအောင်၊ မောင်မြတ်ကိုကိုဟိန်း၊ မယုယုဇော်တို့၏အဘိုးသည် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြသန်း (ဟင်္သာတ)

### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် ၃၂/ခ (ပထမထပ်)နေ (ဦးဖိုးကဲ-ဒေါ်သိန်းလှ)တို့၏သား၊ (ဒေါ်ခင်မိမိ)၏ခင်ပွန်း၊ ဒေါက်တာသွဲ့သွဲ့-ဦးအောင်မြင့်၊ ဒေါ်နွဲ့နွဲ့-ဦးဆိုက်ရှင်း၊ ဒေါ်ကြူကြူသန်း၊ ဒေါ်ဖြူဖြူ-ဦးအောင်မြင့်၊ ဦးဝင်းမော်-ဒေါ်ဟုန်တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ် ၁၀ယောက်တို့၏အဘိုးသည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ည ၉း၁၅နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၅-၉-၂၀၁၆ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

### မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆)ပုသိမ်

အသက်(၇၆)နှစ်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက်(၇၆)နှစ် မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆)ပုသိမ်သည် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

### မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆)ပုသိမ်

အသက်(၇၆)နှစ်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက်(၇၆)နှစ် မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆)ပုသိမ်သည် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်လေးလေးသက် မိသားစု

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

### မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆)ပုသိမ်

အသက်(၇၆)နှစ်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက်(၇၆)နှစ် မူလတန်းပြဆရာမ(ငြိမ်း) အထက(၆)ပုသိမ်သည် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့်
ဝန်ထမ်းများ

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှလှ

### မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆)ပုသိမ်

အသက်(၇၆)နှစ်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်-ဒေါ်ချိုချိုတို့၏ အစ်မကြီးဖြစ်သူ ဒေါ်လှလှ အသက်(၇၆)နှစ် မူလတန်းပြဆရာမ(ငြိမ်း)၊ အထက(၆)ပုသိမ်သည် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

## ဦးမောင်ကျော်စိန် (စစ်တွေ)

အသက်(၈၃)နှစ်

စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ရွှေသာလမ်း၊ အမှတ် ၈၇နေ (ဦးသာကျော်ဦး-ဒေါ်မဂေါက်)တို့၏သား၊ (ဒေါ်စိန်ယဉ်နု)၏ချစ်လှစွာသောခင်ပွန်း၊ဦးသန်းစိန်-ဒေါ်စိုးစိုးလှိုင်(လှပိုးဝါ-ရခိုင်လုံချည်ဆိုင်)၊ ဒေါ်မြမြသန်း-ဦးမောင်ထွန်းသိန်း၊ ဦးဥတ္တမ(ခ)ဦးမောင်အေးသန်း၊ ဒေါ်မူမူသန်း-ဦးရွှေဝင်း(ညွှန်မှူး၊မြို့ပြ/အိမ်ရာ)၊ ဦးသန်းအေးကျော်-ဒေါ်စမ်းစမ်းအေး၊ ဦးသန်းငွေး-ဒေါ်မတင်ရွှေ၊ ဦးလှမောင်သိန်း (ခ) မောင်ကာလာ (တူသား)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဖီးသည် ၂၅-၉-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ဦးရွှေဝင်း-ဒေါ်မူမူသန်းခိုင်၊ အမှတ် အေ/၄၊ အိုးအိမ်အရာရှိအိမ်ရာ၊ ဗိုလ်ချုပ်လမ်း၊ ချမ်းမြေ့စျေးအနီး၊ ဗိုလ်တထောင်မြို့နယ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြဟန် (မြောင်းမြ)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၂၆၊ တိုက် ၁၊ အခန်း ၁၁နေ (ဦးဘိုးမြင့်-ဒေါ်ဒေါ်မိ)တို့၏သား၊ ဒေါ်သောင်းရွှေ၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်ဟန်(ငြိမ်း)-ဒေါ်ခင်မာမာ၊ (ဦးခင်ဇော်)-ဒေါ်ခင်ဆွေဟန်(မြန်မာ့အသံ၊ ငြိမ်း)၊ ဒေါ်ကြူကြူဟန်(အထက-၁၊ ဒဂုံ)၊ ဦးကျော်မြင့်ဟန်-ဒေါ်ရီရီမြင့်၊ (ဦးနိုင်လင်း)-ဒေါ်နီလာဟန်(ကထိက၊ ငြိမ်း၊ မြန်မာစာဌာန)၊ ဦးစိန်ဝင်းထွန်း-ဒေါ်သီတာဟန်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး သည် ၂၄-၉-၂၀၁၆ရက်(စနေနေ့) ညနေ ၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြဟန် (မြောင်းမြ)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၂၆၊ တိုက် ၁၊ အခန်း ၁၁နေ ဒေါ်သောင်းရွှေ၏ခင်ပွန်း၊ (မဇင်သူဇာဟန်)၊(မောင်ချမ်းမင်းဟန်)၊ မောင်ရဲမင်းအောင်-မလှမြတ်နွယ်၊ မောင်စိုးသီဟနိုင်-မနေခြည်နွေး၊ ဗိုလ်မှူးဖြိုးမောင်ကို-ဒေါက်တာမေပွင့်ဖြူအောင်၊ မဆုမြတ်သဇင်၊ မဟန်နီကျော်၊ မောင်ရဲရင့်အောင်၊ မောင်အောင်ပြည့်ဖြိုးဟန်၊ မောင်အောင်ဖြိုးမင်းဟန်တို့၏ အဘိုးသည် ၂၄-၉-၂၀၁၆ရက်(စနေနေ့)ညနေ ၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြဟန် (မြောင်းမြ)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၂၆၊ တိုက် ၁၊ အခန်း ၁၁နေ ဒေါ်သောင်းရွှေ၏ခင်ပွန်း၊ အထက(၁)ဒဂုံ၊ ဆဋ္ဌမတန်း၊ အတန်းမှူးဆရာမဒေါ်ကြူကြူဟန်၏ဖခင် ဦးမြဟန်သည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အထက(၁)ဒဂုံ
မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့

## ဒေါ်လှဲ့လှဲ့ဝင်း @ မေဦး

အသက်(၅၁)နှစ်

နတ်တလင်းမြို့၊ ဇီးကုန်းကလေးရပ်ကွက်၊ အောင်မင်္ဂလာ ၂လမ်းနေ (ဦးခင်ရွှေ-ဒေါ်ယဉ်လှ)တို့၏သမီး၊ (ဗိုလ်မှူးသန်းဆွေ)၊ ဒေါ်ခင်သီတာမြင့်တို့၏ညီမ၊ ဦးကိုကိုအောင်-ဆရာမဒေါ်ငွေငွေဝင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ သုခလမ်းနေ ဗိုလ်မှူးမိုးဟိန်း-မစုမွန်ယဉ်တို့၏မိခင်၊ မောင်ရဲဘုန်းမြင့် (စတုတ္ထနှစ်၊ DSTA)၏မာမီသည် ၂၅-၉-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၃း၅၀နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်၊ ငမိုးရိပ် ၂လမ်း၊ အမှတ် ၇၃၅ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရင်ရင်မေ(ခ)ဒေါ်ယဉ်ယဉ်မေ အသက်(၇၉)နှစ်

### (ညောင်ရွှေ၊ ရှမ်းပြည်တောင်ပိုင်း)

ညောင်ရွှေမြို့၊ မြို့လယ်ရပ်နေ (ဦးညွန့်ဖူး-ဒေါ်ချစ်မယ်)တို့၏သမီး၊ (ဦးချစ်-ဒေါ်ချစ်)တို့၏သမီးချွေးမ၊ [ဦးရွှေထွန်း၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ တိမွေးကုဌာန]၏ဇနီး၊ ဒေါ်မေသက်ထွန်း၊ ဦးရဲထွဋ်-ဒေါ်သီတာ၊ ဒေါ်အေးအေးထွန်း-ဦးကျော်သူ၊ ဒေါ်အေမီထွန်း-ဦးသန့်ဇော်ဦး၊ ဦးညီညီထွန်း-ဒေါ်မျိုးမျိုးခိုင်၊ ဦးမိုးဇော်ထွန်း(Capt)-ဒေါ်လေးလေးရွှေတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၉-၂၀၁၆ရက်(စနေနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရွှေပြည်သာမြို့နယ်၊ ၃၀/၄၉၊ မြရိပ်ညိုလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်း

### ညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ပေတောကုန်းလမ်း၊ အမှတ် ၃၇၊ မြေညီထပ်နေ (ဖျာပုံ ဦးလှ-ဒေါ်ကြည်မေ)တို့၏သား၊ ဦးတင်ရွှေ-ဒေါ်မြသန်းတို့၏သားသမက်၊ ဒေါ်ဇော်ဇော်ရွှေ၏ခင်ပွန်း၊ (ဦးလှမြင့်)-ဒေါ်အေးအေးမြင့်၊ ဒေါက်တာဦးအေးကို-ဒေါ်အေးအေးသိန်း၊ (ဦးတင်ထွန်း)တို့၏အစ်ကို၊ ကိုအောင်ကျော်ပိုင်(B.Com)၊ ကိုမြတ်မင်းဇော်[Final Year (BIT) at MCC.i]၊ မမေခင်ထွန်းတို့၏ဖခင်သည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ရက် နံနက် ၈း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မော်မော်ရီ

### (မြို့နယ်သမဝါယမအသင်း၊တ/ဥ)

အသက်(၅၇)နှစ်

(ဦးမောင်မောင်ရီ)-ဒေါ်တင်တင်လေးတို့၏သမီး၊ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊ ၁၈လမ်း၊ အမှတ် ၁၂၄၃နေ ဦးတင်ရှိန်(စစစ၊ငြိမ်း)၏ဇနီး၊ ဒေါ်ခင်ဝါဝါရီ၊ ဦးသံလွင်၊ ဦးမြင့်သန်းထွန်း-ဒေါ်ခင်မိုမိုရီ(စဥ့်ကူး)၊ ဦးကိုနိုင်-ဒေါ်နိုင်သီတာ၊ဒေါ်လွင်သီတာ၊ ဦးသက်ထွန်းခိုင် - ဒေါ်ယဉ်မင်းလှမြတ်ထွေး၊ ဦးစန်းယုဆွေ - ဒေါ်မေသက်နှင်းတို့၏ အစ်မ၊ မနှင်းဇာခြည်ဦး၊ မနှင်းဖြူဖွေးအောင်၊ မစုမွန်အောင်၊ မခင်သူဇာတင်တို့၏မိခင်သည် ၂၅-၉-၂၀၁၆ရက် နံနက် ၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၁၀-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်သန်း (ဥက္ကံ-သုံးခွ)

### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း၊(ကကငွေ) ညွှန်ကြားရေးမှူး(ငြိမ်း)၊ (စိုက်/မွေး)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ ကြိုးတံတားလမ်းမ၊ အမှတ် ၆နေ (ဦးမောင်မောင်လွင်-ဒေါ်ကျင်ပို)တို့၏သား၊ (ဦးကျော်-ဒေါ်အေးခင်)တို့၏သားသမက်၊(ဦးတင်ဝင်း)၊ (ဦးမောင်မောင်စိန်)-ဒေါ်စန်းရီ၊ ဦးမြင့်စိုး-ဒေါ်ခင်ကြွယ်၊ ဦးကျော်ငွေ-ဒေါ်ငွေငွေညွန့်၊ ဒေါ်ခိုင်ခိုင်ကျော်တို့၏အစ်ကို၊ ဒေါ်မိမိကျော်[လ/ထမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]၏ခင်ပွန်း၊ ကိုအောင်ကိုဦး(3/E Uniteam)၊ကိုပြည့်ဖြိုး Deputy Manager (AGD Bank)၊ မစုမွန်ကျော် JBA (AYA Bank)တို့၏ဖခင်၊ တူ/တူမ ၁၂ယောက်တို့၏ဘကြီးသည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ည ၉း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၉-၂၀၁၆ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်လွင် B.Econ (AS) (1971-Batch)

### NGO Gender Group (NGO GG)

### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမျိုးသားအက်(ဖ)တာယူနစ် အမျိုးသားစီမံကိန်းနှင့်စီးပွားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၂လမ်း၊ အမှတ် ၅၂နေ (ဦးချစ်ရွှေ-ဒေါ်စောလွင်)တို့၏သား၊ လှိုင်ကော်မြို့နေ (ဦးဘအောင်-ဒေါ်ချစ်မေ)တို့၏သားသမက်၊ လှိုင်ကော်မြို့နေ ဒေါ်ခင်မေလေး(ထွေ/အုပ်၊ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးEdward သိန်းစိုး(Australia)၊ (ဦးအုန်းလွင်)-ဒေါ်မူမူ(Australia)၊ (ဦးကြည်ဝင်း)-ဒေါ်ရီရီရွှေ၊ (Captain ဦးကျော်ဦး-ဒေါ်သီတာရွှေ)၊ ဦးသန်းအောင်-ဒေါ်အေးအေးရွှေ၊ (ဦးဆန်းညွန့်လွင်)တို့၏ညီ/အစ်ကို၊ ကိုအောင်ကျော်ကျော်-မထင်နီလာတင့်ဆွေတို့၏ဖခင်၊မောင်မင်းသွေးခန့်၏အဘိုးသည် ၂၂-၉-၂၀၁၆ရက် နံနက် ၁၀း၅၀နာရီတွင် ဗဟိုရ်စည်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲကို ၂၈-၉-၂၀၁၆ရက် နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်သို့ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မော်မော်လှ

### ရေနံချောင်းမြို့၊ မြို့မတောင်ရပ် ရတနာတိုက်

အသက်(၆၂)နှစ်

ရေနံချောင်းမြို့၊ မြို့မတောင်ရပ်၊ ရတနာတိုက်နေ ဦးဘမောင်-ဒေါ်တင်လှမြင့်တို့၏သမီး၊ ဇီးကုန်းမြို့နယ်နေ ဦးအောင်မြင့်ကျော် - ဒေါ်စန်းစန်းကြည်၊ ဒေါ်ခိုင်ခိုင်သန့်(B.Ed)(ငြိမ်း)၊အထက(၁)တို့၏ညီမ၊ ဦးတင်မောင်ရီ-ဒေါ်သော်သော်လှ(အလပြ၊အထက-၁)၊ဒေါ်စိုးစိုးသန့်(လူမှုဝန်ထမ်း-၂၊မန္တလေးမြို့)၊ ဦးအောင်ကိုကိုစိုးတို့၏အစ်မ၊ ရန်ကုန်မြို့နေ ဦးသက်နိုင်ဝင်း-ဒေါ်မေမွန်သန့်ခိုင်၊မောင်သော်ဝေယံ(ဆေးတက္ကသိုလ်-၂)တို့၏အဒေါ်သည် ၂၄-၉-၂၀၁၆ရက် (စနေနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေနံချောင်းမြို့ ရွှေဘုံသာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးမောင်မောင်သွင် (ငြိမ်း)

### (ဇီးကုန်းမြို့)၊ ကြည်း/၆၅၅၄

### ဗိုလ်သင်တန်းအမှတ်စဉ် (၁၀)၊ ပင်မခဲယမ်းမီးကျောက်တပ် တပ်မှူး(ငြိမ်း)၊ မင်္ဂလာဒုံတပ်နယ်မှူး(ငြိမ်း)

အသက်(၈၆)နှစ်

ဒု-ညွှန်မှူး၊ ရေအား(ငြိမ်း) ဦးအေးသွင်-(ဒေါ်ခင်ညိုစန်း)တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးမောင်မောင်သွင်(ငြိမ်း)သည် ၂၃-၉-၂၀၁၆ရက် နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံရေအားလျှပ်စစ်အသင်း

## ဦးထွန်းရင်ဦး

### (ချောင်းဝ/ကျောက်နီမော်ရွာ)

အသက်(၈၀)

ရခိုင်ပြည်နယ်၊ရမ်းဗြဲမြို့နယ်၊ချောင်းဝကျေးရွာအုပ်စု၊ ချောင်းဝရွာနေ(ဦးမောင်စောထွန်း-ဒေါ်ညိုနု)တို့၏သား၊ ဒေါ်ကျန်အေးဖြူ၏ခင်ပွန်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၁)ရပ်ကွက်၊ ၁လမ်းနေ ဦးမောင်ဖြူ-ဒေါ်စိန်မြင့်၊ ၈လမ်း၊ အမှတ် ၄၅၅၊ သုံးလွှာနေ ဦးထွန်းခင်-ဒေါ်ခင်ဝင်းကြည်၊ ဦးထွန်းဖြူ-(ဒေါ်သန်းသန်းဝင်း)တို့၏ဖခင်၊ မြေး ကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၈း၅၅နာရီတွင် အင်းစိန်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၁၆ရက်တွင် (၁)ရပ်ကွက်၊ ၈လမ်း၊ အမှတ် ၄၅၅၊ သုံးလွှာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နုကျင် (ပုသိမ်)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန် (၆)ရပ်ကွက်၊ တိုက် (C-C)၊ အခန်း ၀၄-၀၅နေ (ဦးချူတုံး-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးအောင်ခ-ဒေါ်လှကြွေ)တို့၏ချွေးမ၊ (ဦးမြင့်ဆွေ၊ တိုင်းတရားသူကြီး၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာစစ်တင်-ဒေါ်ချိုမော်အေး၊ဦးကြည်ဆွေ(ညွှန်မှူး၊ဆည်/ရေ)-ဒေါ်ခင်လေးလှိုင်၊ ဦးစိုးလွင်-ဒေါ်ဆွေဆွေမြင့်၊ ဦးဝင်းဇော်-ဒေါ်ဆွေဆွေတင့်တို့၏ချစ်လှစွာသောမိခင်၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၄-၉-၂၀၁၆ရက် (စနေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၁၆ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု



# ချင်းတွင်းတံတား(ဟုမ္မလင်း) စတင်တည်ဆောက်လျက်ရှိ

**ဟုမ္မလင်း စက်တင်ဘာ ၂၅**

ချင်းတွင်းမြစ်အထက်ပိုင်းဒေသများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ဒေသကုန်စည်စီးဆင်းမှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေမည့် ချင်းတွင်းမြစ်ကူးတံတား(ဟုမ္မလင်း)ကို စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် တမူး-အောင်ဇေယျ-ကသာ-ဟုမ္မလင်း လမ်းပေါ်တွင် ချင်းတွင်းမြစ်ကိုဖြတ်၍ တည်ဆောက်နေပြီဖြစ်ကြောင်း တံတားအထူးအဖွဲ့(၂) (မုံရွာ)ထံမှ သိရသည်။

"ချင်းတွင်းမြစ်အထက်ပိုင်းဒေသတွေမှာ ကုန်စည်ကူးသန်းသွားလာဖို့ဆိုရင် မိုးတွင်းမှာ ကုန်းလမ်းက သွားလို့မကောင်းတော့ဘူး။ ရေကြောင်းလမ်းကိုပဲ အဓိက ထားပြီး အခက်အခဲမျိုးစုံနဲ့ သွားလာနေရတာ။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးနဲ့ *စာမျက်နှာ ၇ ကော်လံ ၄* ✳

## စိုက်၊ မွေး၊ စီးပွား

### အင်းလေးရေပေါ်ကျွန်းမျောပေါ်က အိပ်မက်များ

*စာမျက်နှာ- ၁၆*



### ဂျာမနီနိုင်ငံမှ မြန်မာ့လက်ဖက်ခြောက် (green Tea) တန်ချိန် သုံးတန်ခန့် ဝယ်ယူရန် သဘောတူညီမှုရရှိ

*စာမျက်နှာ- ၁၇*

### ရေတက်၊ ရေကျနှင့် ရေနစ်မြုပ်သည့်ဒေသအတွက် ကိုက်ညီသော မျိုးစေ့နှင့် စိုက်နည်းစနစ်များ

*စာမျက်နှာ- ၁၈*

### တောင်သူဝင်ငွေတိုးစေမည့် နည်းလမ်းကောင်းများ JICAနှင့် YAUတို့ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည်

*စာမျက်နှာ- ၁၉*

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၌ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**(မြန်မာ့အလင်း)**

## မြန်မာ့လက်ရွေးစင်အသင်း စတုတ္ထခြေစမ်းပွဲ ယနေ့ကစားမည်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် စက်တင်ဘာ ၂၅**

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံဆုဇူကီးဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဥရောပနိုင်ငံများ၌ သွားရောက်လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် နယ်သာလန် ဒုတိယတန်းကလပ် VVV-Venlo အသင်းနှင့် ယနေ့ ခြေစမ်းကစားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စတုတ္ထခြေစမ်းပွဲအဖြစ် VVV-Venlo အသင်းနှင့် စက်တင်ဘာ ၂၆ ရက်(**ယနေ့**) မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၁ ရက်မှ စတင်ကာ ဂျာမနီနိုင်ငံ နစ်ဘတ်မြို့၌ လေ့ကျင့်နေခြင်းဖြစ်ပြီး နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့သို့ သွားရောက်ကာ ခြေစမ်းပွဲသုံးပွဲ ကစားထားရာ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။ မြန်မာ့ လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်တွင် နိုင်ပွဲမရသေးဘဲ နယ်သာလန်ကလပ် EVV Echt အသင်းနှင့် တစ်ဂိုးစီသရေ၊ ဘယ်လ်ဂျီယံ *စာမျက်နှာ ၁၄ ကော်လံ ၁* ✳



လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်က မြန်မာ့လက်ရွေးစင်အသင်းကို တွေ့ရစဉ်

